www.burmeseclassic.com




# ပိုပိုင်နှင်းဆီ

ပူးစာ လူးလာ ဒူးကာလို့မရ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၈၂၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၁၅၀၆၀၉
မျက်နှာဖုံးဒီဇိုင်း - မင်းသစ္စာ
ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန်(သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
ကမာရွတ်မြို့နယ်။
ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်၁၉၊ လမ်း၉၀၊
ကန်တော်ကလေး
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - သီရိမေ
ကွန်ပျူတာစာစီ - ညိုညိုညိမ်း (ထူး)
ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ၊
(ပထမအကြိမ်)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀

မူပိုင်နှင်းဆီ ၈၉၅.၈၃

ဖူးစာလူးလာဒူးကာလို့မရ / မူပိုင်နှင်းဆီ။ - ရန်ကုန်မြို့။
သင်းစာပေ၊ ၂၀၀၉။
၂၂၇ - စာ၊ ၁၂ . ၁၉ X ၁၈ . ၀၃ စင်တီ။
(၁) ဖူးစာလူးလာဒူးကာလို့မရ


## ကျေးဇူးတင်လွှာ

"ဖူးစာ လူးလာ ဒူးကာလို့မရ" ဝတ္ထုနဲ့ ပတ်သက်ပြီး ကျေးဇူးတင်ရမယ့်သူတွေရှိပါတယ်။

ကျွန်မအပေါ်မှာ ဟိုငယ်ငယ်လေးကတည်းကနေ အခု အချိန်ထိ တာဝန်ကျေခဲ့တဲ့ ပါပါး မြတ်တင်အောင် + မယ်မယ် ဒေါ်ရီရီဌေး တို့ကို ဒီစာအုပ်နဲ့ ကန်တော့လိုက်ပါတယ်ရှင်။

ဝတ္ထုစာအုပ်ကို ကြော်ငြာအဖြစ် အသက်သွင်းတဲ့ အခါမှာ နောက်ခံစကားပြောကြားပေးသော City FM မှ မောင်လေး ညီမလေး များနှင့် ဆေးကျောင်းစာများ မအားမလပ်တဲ့ကြားက ကြော်ငြာအတွက် Edit လုပ်ပေးသော ကျွန်မရဲ့ မောင်လေး သူရိန်လင်းတို့ကို လှိုက်လှိုက် လှဲလှဲ ကျေးဇူးတင်ပါတယ်။

လိုအပ်တဲ့အကူအညီကို မဆိုင်းမတွဆောင်ရွက်ပေးခဲ့သော စာရေးဆရာမ အစ်မပုညခင်၊ စာအုပ်တွေကို ဖြန့်ချိပေးတဲ့ စိုးမိုးစာပေမှ အစ်မ မိုးသီတာ၊ အဖက်ဖက်မှ ကူညီပေးသော သီရိမေပုံနှိပ်တိုက်မှ ကိုခင်မောင်ဝင်း + မနီနီခိုင် နှင့် ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက -
မေတ္တာရောင်ပြန် ရုပ်ရှင်ထုတ်လုပ်ရေး၊
အမှတ် ၄၁ (မြေညီထပ်)၊ လမ်း၉၀၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့ သို့ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရဲ့ ပရိသတ်ကြီးနဲ့ စကားနည်းနည်းလောက်ပြောကြည့်ချင်လို့ပါ။ ပွဲဦးထွက် **"ပင်လယ်ရေချမ်း နွေမှာခန်း"** ဝတ္ထုကို အားပေးတဲ့ အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒုတိယမြောက် ဖန်တီး တင်ဆက်မဲ့ ဝတ္ထုလေးက **"ဖူးစာ လူးလာ ဒူးကာလို့မရ"** လို့ အမည်ရပါတယ်။

ဝတ္ထုရဲ့ Title လေးက ပရိသတ်ရဲ့နားထဲမှာ ဆန်းချင် ဆန်းနေပါလိမ့်မယ်။ အမှန်တော့ ဒီစကားလေးဟာ ကျွန်မရဲ့ဘွားလေးတော်တဲ့ ဒေါ်သန်းထွေး ဆီက အမြဲလိုလိုကြားနေရလို့ ကျွန်မမှတ်မိနေတာပါ။ ကျွန်မတို့ မြိတ်မှာ ပြောလေ့ရှိတဲ့ စကားလေးကို အနယ်နယ် အရပ်ရပ်မှာ ရှိတဲ့ ပရိသတ်တွေ သိသွားမယ်ဆိုရင် ကျွန်မ Title တင်ရကျိုးနပ်ပါပြီ။

လူရယ်လို့ဖြစ်လာရင် ဖူးစာဖက်ဆိုတာရှိပြီးသားပါ။ အဲဒီ ဖူးစာသာ ကိုယ့်ဆီတကယ်လူးလာရင် ဒူးနဲ့ကာထားလည်း မရတော့ပါဘူး။ ဒီစကားလေးကို အခြေခံပြီး Comic (ဟာသ) ဖောက်ပြီး ဇာတ်လမ်းဖွဲ့ထားတာပါ။

ဒီဝတ္ထုလေးကိုဖတ်ပြီး ညစ်နေတဲ့စိတ်တွေ၊ အားငယ်ဝမ်းနည်းနေတဲ့ စိတ်လေးတွေ၊ နွမ်းလျနေတဲ့စိတ်တွေ ပြန်လည်လန်းဆန်းလာမယ်ဆိုရင် ကျွန်မရေးရကျိုးနပ်ပါပြီ။

ကျွန်မဝတ္ထုတွေနဲ့ ပတ်သက်ပြီး အကောင်း၊အဆိုးမှန်သမျှ ကျွန်မမှာပဲတာဝန်ရှိပါတယ်၊ ငွေတွေ၊ အချိန်တွေပေးပြီး ဖတ်ပေးတဲ့ ပရိသတ်တွေအတွက် တတ်စွမ်းသမျှ ဇာတ်လမ်း၊ ဇာတ်အိမ်ဆန်းဆန်းလေးတွေ ဖန်တီးရေးသား ပေးသွားမှာပါ။

လိုင်းကြောင်တယ်လို့ မယူဆဘူးဆိုရင် ကျွန်မက ပရိသတ်အတွက် ဇာတ်လမ်းအစုံ ရေးသွားချင်လို့ပါ။

ဆက်လက်ပြီး အားပေးကြပါနော် ...

BURMESE CLASSIC .com

ခုနစ်ရက်သား/သမီး စာဖတ်ပရိသတ်အားလုံး စက္ကန့်တိုင်း၊ အချိန်တိုင်းမှာ လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ဖို့အတွက် စိတ်၏ ဓာတ်ခိုင်မြဲရင့်ကျက်ခြင်း ၊ ကိုယ်၏ကျန်းမာသန်စွမ်းခြင်းတို့ဖြင့် ပြည့်စုံနိုင်ကြပြီး လိုရာဆန္ဒတွေ ပြည့်ဝနိုင်ကြပါစေလို့ ကျွန်မရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးလိုက်ပါတယ်။

မူပိုင်နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com

# မှုပိုင်နှင်းဆီ

## မှူးတာ လှူးလာ ဒူးကာလုံ့မရ



HP -09 550 5024

ဆောင်းညပြာသို စာပေ

www.burmeseclassic.com

www.burmeseclassic.com



Title – အဲဒီ တူ...ကြောင့်ခါတ်ပျက်တယ်

Actor List – ရှယ်လီပင်ကီ(အန့်တီ)နှင့်

သောတမောင်(တူကလေး)

P.S – မျက်လုံးပါတာ ကြည့်ဖို့





"ညီမရေ...ဆော့ချင်လို့"

စာရင်းမှတ်နေသည့် ကောင်မလေးက အူကြောင်ကြောင်နှင့်

"ဆော့မလို့... မကြီးမငယ်နဲ့... ဒီမှာ ဆော့လို့မရဘူး အန့်တီရဲ့"

ရှယ်လီပင်ကီရဲ့ နားထဲကို အီရတ်က ဗုံးတစ်လုံး အနီးကပ် ခစ်သွင်းလိုက်သလို

"အန့်တီ...ဘာအန့်တီလဲ...ဒီမှာကြည့်စမ်း... အလတ်ကြီး ရှိသေးတယ်... မသကာ မမ ခေါ်ရင်တော်သေး"

ကောင်မလေးက ဟိုတာက်လှည့်ပြီး နှုတ်ခမ်းကြီးစူ၏။ ထိုနောက် စူနေသည့် နှုတ်ခမ်းကို အွန်စောလိုပြုံးပြန်၏။

"ဟုတ်ကဲ့ပါ မမ...ညီမ ဘာများ အကူအညီပေးရမလဲရှင့်"

"မမ...ဒီ Fitness Centre မှာ ကစားမယ်။ ဈေးနှုန်းလေး ပြောပေး..."

"တစ်လကို US.40 ပါမမ ...တစ်ယောက်ထက်ပိုပြီး ခြောက်လအတွက် ကြိုသွင်းထားမယ်ဆိုရင် $ 152 ကျတယ်...အဆီ ပေးပေး...အစိမ်းပေးပေး ရတယ်...ပြီးတော့ ရေနွေးစိမ်ချင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ စော်နာဝင်လည်းရတယ်... Aerobic လည်းကစားလို့ရတယ် ယောဂလည်းပါတယ်... ရေလည်းကူးလို့ရတယ် မမ... ခြောက်လစာ အာ သွင်းလိုက်ပါ မရေယ် မတူးပါဘူး ...Average တွက်ရင် တစ်လ ၂၀ ကျော်ပဲ ကျမှာပေါ့..."

"မဆိုးဘူး ...အဲဒါ ပိုတန်တယ် ..."

အဒေါ်နောက်မှာ ခြေထောက်စုံချ ကျောက်ချပြီးရပ်နေသည့် သောတ၏ မျက်လုံးတွေက ခန်းမထဲမှာ ကစားနေသည့် ကောင်မလေး တွေကို အလွတ်မပေးတမ်း အစာကျွေးနေသည်။

"သောတရေ...ပင်ကီနဲ့အတူ ဝင်ဆော့စမ်း..."

"ဗျာ..."

"မဗျာနဲ့လေ ဘာလဲ မဆော့ချင်ဘူးလား..."

"ဆော့မယ်...အခုလား..."

"ဒါမှ ပင်ကို တူလေး... တစ်ခုပဲပြောမယ်...တလွဲတွေ လျှောက်မလုပ်နဲ့နော်...

အဒေါ်ပေမဲ့ သောတကို ငယ်ငယ်ကတည်းက အနိုင်တိုက မခေါ်နိုင်ခဲ့ပါ...။ လူကြားသူကြားကောင်းအောင် ပင်ကီဟူသော





ဘင်ပေးခဲ့သည်။ ခုတော့ သောတလည်း နှုတ်ကျိုးနေလေပြီ...။

"အော်...အရေးအကြီးဆုံးဟာကို မေးဖို့မေ့နေတာ... ညီမရေ...ဆရာလား...ဆရာမလားဟင်..."

"ဆရာလည်းရှိတယ်... ဆရာမလည်းရှိတယ်..."

"ဟယ်...ဆရာ...ဆရာက ချောလားဟင်...ဟိုလေ... ဘောယောင်ဝှန်လား... ဂျိုကိုဟွန်းလား... အားမလျော့စတမ်းထဲက လူမျိုး ဆရာဝန်လေးနဲ့ ရောတူလား"

"ဘယ်သူနဲ့မှ မတူဘူးနော်... ခုနက ကျွန်တော် လျှောက်ကြည့်ပြီးပြီ... ကပ္ပလီမင်းသားလေး ဝီလ်စမစ်နဲ့ တူတယ် သိလား"

ရှယ်လီပင်ကီ၏ မျက်နှာအီးမှန်ထားသလို ရှုံ့မဲ့သွားသည်။ သောတကလည်း မခေပါ။

"အစ်မရေ...ဆရာမက လန်းရဲ့လားဟင်..."

"အိုး...လန်းသမှ အရမ်းလန်း...ဒီနေ့ဆို ဂါဝန်အတိုလေး ဝတ်ထားလို့ လန်ကိုထွက်နေတာ..."



www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်...သူ...သူက ဂိုလီတို့ ဂျေလိုတို့ စပီးယားတို့လို ညို့အားကောင်းရဲ့လား..."

"ညို့အားကောင်းမကောင်းတော့ မသိဘူး... အသား ကတော့ မြန်မာပြည်က ဖြူဖြူကျော်သိန်းလိုပဲ တော်တော် ညိုတာရှင့်..."

"ဟမ်..."

"အောင်မယ်...ဖြူဖြူကျော်သိန်း ဘာဖြစ်သလဲ... ဆရာဝန် အဆိုကျော် အပျိုနုနုကလေးနော်...ပင်ကို အသည်းလေး...သိပ် ကြိုက်...သိပ်ခိုက်ပဲ...နင့် ဂိုလီတို့၊ ဂျေလိုတို့၊ ဘရက်တနီတို့ကလေ ...ငါမပြောလိုက်ချင်ဘူး... ကလေးတွေ၊ အမြွှာတွေ တစွတ်စွတ်မွေး ပြီး... အင်ဂျင်တွေက ကျနေပြီဟဲ့..."

"ပင်ကီနော်..."

"လာခဲ့...စကားမများနဲ့... သွားဆော့မယ်..."

သူတို့ထွက်သွားတော့ ကောင်မလေးက ခေါင်းကိုခါရမ်းရင်း ညည်းညူစွာပြော၏။





"လိုက်လဲလိုက်တဲ့ အဒေါ်နဲ့တူ နှစ်ယောက်သား ကီးကို ထိုက်နေတာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



ပေါင်နှစ်ဆယ်ရှိတဲ့ ဝိတ်ပြားကို ခပ်တည်တည်မနေသော ရှယ်လီပင်ကီ… မျက်လုံးတွေက ဘဲအမိုက်စားလေးတွေဆီ ရောက်နေကြသည်။

"အောင်မယ်လေး…ခင်ဗျား…ဒီဝိတ်ပြားကြီး မ,နေတယ် လိပ်ခါး ဖားဖင်နဲ့ မောင်ဗမာ ကိုယ်လုံးကြီး ဖြစ်တော့မှာပဲ… လာလာ တခြားဟာတွေ အရင်လာဆော့…"

အဒေါ်ကတစ်မျိုး…တူက တစ်မျိုး…ဆရာမက သောတကို အလန့်တကြားကြည့်ရင်း

"ဒီ…ဒီဟာက ရှင်လုပ်လို့မရဘူးလေ…"

"ဘာဖြစ်လို့လဲဗျ…"

"အို…ဒါက မိန်းမတွေ အောက်ပိုင်းကြီးအောင် ဆော့တာလေ…"

"ဟား…ဟား…ဆရာမ မကြားဖူးဘူးလား…စိုင်းစိုင်း သီချင်းလေ… အိုးကြီး ခြောက်ရာဟော့…အိုးသေး သုံးရာဟော့…အိုးကြီးတော့ ဈေးကောင်းရတာပေါ့…"

"အော်…လက်စသတ်တော့…ရှင်က အပုန်းကိုး ရှင်က လေး





အနားကမားနဲ့…"

"ပြောချင်သလိုပြော…ဘုရားသိတယ်…ဒါပြီးရင် ကျွန်တော် Aerobic ဆော့မှာနော်… ကျွန်တော့် အဒေါ် ခြေသလုံးကလွဲရင် အကုန်လုံမှာသေချာတယ်… ဟဲ… ဟဲ…"

ဆရာမက တိုးတိုးကလေး ပြောသည်။

"မွေးရာပါ ရောဂါပဲ သွားပြီ ဆေးမတိုး တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပင်ကီ အသည်းအသန်လှချင်နေတာ သောတကာ ပေါက်ပြီး သား... သူ့သူငယ်ချင်း မောရဏီက နှာတစ်ဖျားသာပြီး သူ့ကို တွေ့တက်သွား၍ ဖြစ်သည်။ သူငယ်ချင်းနှစ်ယောက်က ကျောင်းတက် တုန်းကလည်း ရောင်းမစွံခဲ့...။ ကျောင်းပြီး အလုပ်ခွင် ဝင်တော့လည်း ရောင်းမထွက်သေး...ဟော အခု ညနေ ဈေးသိမ်းချိန်ရောက်မှ မောရဏီက စွံသွားခဲ့ပြီ... ပင်ကီက အားလည်းကျသည်။ တို့ရှည် လည်း ဖြစ်နေသည်။

နောက်တစ်ခုက မောရဏီ မင်္ဂလာဆောင်မှာက "Sedona Hotel" မှာ...ဖိတ်ထားတာကလည်း တကယ့်ကို ဒိတ်ဒိတ်ကျဲတွေ... အဲဒီ သူငယ်ချင်းပွဲကို အရင်းပြုပြီး ပင်ကီက အမြတ်ထုတ်ချင်နေတာ တွေ့တွေ့တန်တန် တစ်ယောက်လောက်ကို သူတွေ့ချင်နေတာ...။ ပြီးတော့ မောရဏီ အပြောကိုလည်း မခံချင်၍ ဖြစ်သည်။

"ဟဲ့...မေ... နင့် မင်္ဂလာဆောင်မှာ ငါဗန်းကိုင်မယ်နော် ...နော်...ပေး ကိုင်မယ် မဟုတ်လားဟင်..."

ပင်ကီ့အပြောက အဲဒီအချိန်တုန်းက မောရဏီသည် သူမ ပြောနေသည့် ဟမ်းဖုန်းတောင် လွတ်ကျသွားသတဲ့...

"ပင်ကီ..."





"ဟဲ့...တိုးတိုးပြောပါဟဲ့...ငါကြားပါတယ်...တကတဲ..."

"နင့်လို ညနေဈေးကို ငါက ပွဲထုတ်မလားဟဲ့...ထုတ်ချင်း ထုတ် ငါ့တူမ လှလှကလေးကို ထုတ်မှာပေါ့...နင်ကိုင်ချင်ရင်တော့ ရတယ်လေ နင်က ငါ့သူငယ်ချင်းဆိုတော့ ရှူင်းချက်အနေနဲ့ ငါ့ ဂါဝန် ကိုင်ပေးပေါ့ဟဲ့၊ နော်... ဖြစ်တယ် မဟုတ်လား"

"အမယ်... အမယ် ဒါက ဘာလဲ နင်က ငါ့ကို နှိုးတာ ပေါ့ မဟုတ်လား၊ ခုမှ ဘဝင်တွေ လေဟပ်ပြီး လူကိုများ မတူသလို မတန်သလိုနဲ့"

ပင်ကီ လင်မရတာလည်း မပြောပါနဲ့... စွာကလည်း စွာသေးသည်။ တူမျက်နှာကိုမှမထောက် လမ်းသွားရင်းများ ကောင်လေး ချောချောတွေ့ရင် ခလုတ်တိုက်တာလည်း ခဏ ခဏ...

နှမဆိုရင်တော့ ဖင်ကျိုန်းရမှာပေါ့... ခုဟာက မကြီးမငယ်နဲ့ အဒေါ်ဆိုတော့ ဘာကျိုန်းရမှန်းကို မသိတော့...။



www.burmeseclassic.com

www.burmeseclassic.com



Title - ခြောက်တစ်လီခြောက်

Actor List - သောတမောင်နှင့်ရှင်းရှင်း

P.S - ဖုတ်သွင်း ရထားတစ်စင်း ဆိုက်လာပြီ။





ညနေစောင်းပြီမို့ ကောင်းကင်ကြီးက colour တွေ ပြောင်းလာသည်။ ပင်ကီမရှိတုန်း အိမ်မှာ လွတ်လပ်ရေးရနေတာက သောတ MP5 လေးနှင့် ဒန်းကလေးပေါ်မှာ ဒူးနန့်နေတုန်း သူ့ရဲ့ သူငယ်ချင်း ပြောရမလား...သူငယ်ချင်းမ ပြောရမလား...သူငယ်ချင်း အခြောက် ဆို့ ပြောရင် ပို၍ မှန်ပါလိမ့်မည်။ အထုပ်အပိုးတွေနှင့် ခြံတံခါးဝမှာ ပေါ်တော်မူလာသည်။

သွားပြီ...ရှင်းရှင်း လာတာက ဖုတ်သွင်းရထား ဆိုက်လာသလိုပါပဲ... ရှင်းလို့မရအောင် ရှုပ်တတ်လွန်းသည့် ရှင်းရှင်း လေ...နာမည်ရင်းက သန့်ရှင်းတဲ့...အိမ်မှာတော့ သူ့ကို ရှင်းရှင်းလို့ပဲ ခေါ်ကြသည်။ သောတက မြင်ပေမဲ့ မမြင်ချင်ယောင် ဆောင်နေ၏။

"သောတရေ... သောတ... ဟဲ့... သောတ..."

ဗုဒ္ဓေါ... အကျိုးနည်း ပြလိုက်သည့်အသံ... နားကြပ် ထည့်ထားသည့် နားတောင်မှ ကြားရသည်ဆိုတော့ တစ်ရပ်ကွက်လုံး ကြားပြီးလောက်ပြီ...။ အကြောင်းမသိလျှင် ခြံရှေ့မှာ အကြွေးရှင် ရောက်နေသည့်အတိုင်းပင်...။

"လာပြီဟေ့ လာပြီ..."

"လာပြီကို အနောက်မှာထား...လူအရင်လာခဲ့...ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



အိတ်လေးဘာလေး လာကူသယ်မယ်မရှိဘူး..."

သောတ ဒေါသ ထွက်လာပြီး

"အောင်မာ...နင်က ငါ့အဒေါ်လား...လေသံကိုက..."

"သောတ့ရေ..."

လေသံပြောင်းသွားပြန်ပြီ...သူကတော့ အဲဒီ ဒူးဂန်ရဲ့ အထာတွေကို နောကျေနေပြီ။

"ဘာလဲ..."

"ဟယ်...နင်ကလည်း...ဒေါ်ချည်းပဲ...လိမ္မာရဲ့သားနဲ့"

"လိုရင်းကိုပြော..."

"အော်...နင့် အိမ်မှာ လာနေမှာဆိုတော့ ဒီလိုအချိုးချိုးပြီပေါ့ ဟုတ်လား...ရတယ်...နော် ငါ့မှာ သွားစရာတွေပေါ် လွန်းလို့... အလကားကောင်... ဘာသူငယ်ချင်းလဲ ... အီးပေါလောကြီး... ဘာမှ အသုံးမကျတဲ့ကောင်..."

လက်ဝါးနှစ်ဖက်ကို ထပ်ပြီး အစွမ်းကုန် ရန်တွေ့နေသည့် ရှင်းရှင်းကြောင့် ပတ်ဝန်းကျင်ကို သူရှက်လာ၏။ သူတို့ ပါးစပ်က ကြောက်စရာ ကောင်းလွန်းသည်။

"ကဲ...လာပါ ရှင်းရှင်းရာ... နင်ပြောမှ ငါက သိတာ





ပေါ့... နင် အိမ်ပေါ်က ဆင်းလာတာလား... ကြည့်စမ်း ငါ့ သူငယ်ချင်းကို ဘယ်သူက မောင်းချလိုက်တာလဲ..."

ရှင်းရှင်းက ဖြစ်သမျှအကြောင်းစုံကို နုပ်သံနှော၍ ပြောပါတော့သည်။

"ဟင့်...ဟင့်...ဘယ်သူရှိရမလဲ...ဒယ်ဒီပေါ့..."

"မောင်းချတာတောင် နည်းသေးတယ် ငါသာဆို ကန်ချပစ်မှာ"

"ခွေးကောင်...သေချင်းဆိုး...နင်ခံရမှ ကိုယ်ချင်းစာတတ်မှာ...ခုတော့ ပြောအား ရှိနေမှာပေါ့..."

"ကဲ...လာ...လာ...အထဲရောက်မှ ဆက်ပြော..."

"ပင်ကီရှိလား..."

"မရှိဘူး...ညမှ ပြန်ရောက်မှာ..."

"သောတရယ်...ငါ့ကို နင်မထုတ်ပါနဲ့နော်...ငါ့မှာ နင့်ကိုပဲ အားကိုးပြီး လာခဲ့ရတာ...အရေးကြီးရင် သွေးနီးတယ်ဆိုတာ အလကား...သွေးက ရေထက်ပျစ်တယ်တဲ့...လျှောက်ပြောကြတာ...အခု ငါ့ကိုပဲ ကြည့်လေ...မိဘများ ပြောရင်လည်း ငဲ့ကြီးဦးမယ်... မွေးတုန်းက သူတို့ပဲ မွေးထုတ်ပြီး အခုကျမှ ငါ့ကို မိန်းမလျှာမို့



www.burmeseclassic.com

ရှက်တယ်ဆိုပြီး အိမ်ပေါ်ကနှင်ချတယ်လေ..."

လေကြောရှည်သည့် ရှင်းရှင်းကို သောတက အအေး တစ်ခွက် ယူပေးရင်း

"နင်ကလဲ နင်ပဲလေ...နင်ချတာပဲပြောနေ ဘာတွေ သွားလုပ်ထားလဲမှ မသိတာ..."

"ဘာမှ မလုပ်ပါဘူးဟယ်...သူတို့ရဲ့ သမက်လောင်း ဟို အရာရှိလေးကို နည်းနည်းပါးပါး သွားအီမိတာပဲရှိတာ..."

"အေး...အဲဒါ အပြစ်ပေါ့ နင်က မရှက်ပေမဲ့ နင့် ဒယ်ဒီက ရှက်မှာပေါ့...ကိုယ့်ညီမလေးနဲ့ နံပါတ်ချိတ်ပြီးသားကို... သွားကြောင် စရာလား..."

"ဟဲ့...ဒါက ငါ့စေတနာလေ စေတနာက လူတိုင်းနဲ့ မတန် ဘူးတဲ့...ငါတို့က မိန်းမလျှာပေမဲ့ သန့်ပြီးသားနော်...ဟိုစိတ် ဒီစိတ်မရှိ ဘူး... နာမည်ကိုက သန့်ရှင်းလေ...ငါ့ညီမနဲ့ ပတ်သက်လာမှာမို့ ငါက စမ်းသပ်တာပါဟယ်...ဒါမှ ဒင်းက ဘယ်လိုအစားထဲကလည်း ဆိုတာ သိရမှာ မဟုတ်လား...နင်လဲသိသားနဲ့... ခုခေတ်ကောင်တွေ က လိုင်းတွေ သိပ်ပူးတာ... ဟိုင်းဝေးလမ်းတွေလိုပေါ့ ...တစ်လမ်း သွားဆို ဘာမှပြောစရာမရှိဘူး... တော်နေကြာ 2 way တွေ 3





way တွေဆို ဘယ့်နှယ်လုပ်မလဲ ဒါကို သူတို့က နားမလည်ကြတာလေ ...အသည်းနာလွန်းလို့...ဟင့်...ရွှတ်..."

ငိုလည်းငို... နှပ်ချီးလည်း ညှစ်သေးသည်။

"ကဲ...ကဲ...တော်ပါတော့ဟာ ဒီမှာ နင်ပျော်သလောက်နေ တော့ပြီလား...ငါတို့ တူဝရီး နှစ်ယောက်တည်းရှိတာ... နင် ရောက်လာတော့ အဖော်ရတာပေါ့..."

သောတမှာ ညစ်ရသည့်အကြောင်း သုံးပါးရှိသည်။

နံပါတ်တစ် – မနက်ခြောက်နာရီ Gym သွားဖို့ လှုးလဲထရခြင်း။

နံပါတ်နှစ် – အိမ်အကျယ်ကြီးကို နေ့တိုင်း တံမြက်စည်းလှဲ ဖုန်သုတ်ရခြင်း...။

နံပါတ်သုံး – ဆိုင်သာဖွင့်ရင် ဒေဝါလီခံရမည့် ပင်ကို့ လက်ရာကို ကြိတ်မှိတ်မျိုချရခြင်း...။

ခုတော့ သူ့ဒုက္ခတွေကို ဝေမျှပေးဖို့ လူတစ်ယောက်တိုး လာပြီ...။ အနည်းဆုံး ရှင်းရှင်းကို တံမြက်စည်းလှဲခိုင်းပြီး ဖုန်သုတ်ခိုင်း ရင်တောင်မှ သူတော်တော် သက်သာပါပြီ...။

www.burmeseclassic.com



| | | |
|---|---|---|
| Title | – | ဘုန်းကြီးရွး ရှင်းရှင်းနှင့် လေလွှးပင်ကီ |
| Actor List | – | ရှုယ်လီပင်ကီ၊ သောတမောင်နှင့် ရှင်းရှင်း |
| P.S | – | (Follow me lotion အလိမ်းများ၍ Follow လိုက်တတ်လာခြင်း) |





ရှင်းရှင်းက သူများအိမ်ဆိုသည့်အသိနှင့် အဝိုးကျိုးပြနေသည်။ ချိန်အထိတော့ မရှင်း မရှင်းဘာမှ မလုပ်သေး။ "သောတ" တာဝန် ကို လွှဲပြောင်းယူပြီး တစ်အိမ်လုံးကို ဖိတ်ဖိတ်လက်နေအောင် ကြမ်း တိုက်ပေးထားသည်။

ပင်ကီနှင့် သောတ Gym က နေပြန်လာတော့ သူ့မှာ အသားဖားယားနှင့် ပြေးထွက်လာပြီး ကြိုရသည်။

"ပင်ကီ မောလာပြီလား …ရှင်းလေ မုန့်ဟင်းခါး ဝယ်ထား တယ်…ပေါင်မုန့်လည်း မီးကင်ထားတယ်…ကော်ဖီလည်း ဖျော်ထား တယ် သိလား…လာ…လာ…အခု စားလိုက်တော့…"

ပင်ကို လက်ကို အတင်းဆွဲခေါ်ပြီး သောတကိုတော့ မှတယ်လို့ကို ထင်ပုံမရပါ…။

"ဟယ်… တစ်အိမ်လုံး ဝင်းနေပါလား…တွေ့လား သောတ… နင်နဲ့များ ကွာပ…။"

"ကွာမှာပေါ့… ကျွန်တော်က ယောကျ်ား…သူက အချော် အကောက်ပဲဥစ္စာ…"

"ကြည့်စမ်း…ကိုယ့်သူငယ်ချင်းကို ပြောစရာလား…"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ပင်ကီ...ရှင်းက သူ့ကို စိတ်ထဲကို မထည့်တာ"

သောတက ပင်ကီမမြင်အောင် ရှင်းရှင်းကို လက်သီးထောင်ပြ သည်။ ပင်ကီ ဘာပြောပြော Follow လိုက်နေပြီး ကပ်ဖားကောင် လုပ်နေတာ မျက်မုန်းကျိုးချင်လာပြီ...။

"ပင်ကီ အားရပါးရစားနော်... လိုတာရှိရင်လည်း ပြော...ရှင်း အကုန်လုပ်ပေးမယ်..."

"စားမှာ...စားမှာ... အမယ်လေး ဒီလောက်သိတတ်တဲ့ အလိမ္မာတုံးကြီးကို အိမ်ပေါ်က နှင်ချရတယ်လို့ပဲ အံ့ရော...အံ့ရော"

"အကြောင်းမှ မသိသေးတာ...နောက်တစ်ပတ်ဆို ပင်ကီ ဒီလိုပြောဦးမလားလို့ စောင့်ကြည့်လိုက်ဦးမယ် သိလား"

ပင်ကီ စားတာကို ဘေးနားက တစ်ဖဝါးမခွာစောင့်ပြီး ယပ်ခတ်ပေးနေသည့် ရှင်းရှင်း

"ပင်ကီ ဖြေးဖြေးစားနော်...ဒီမှာ ရေသောက်လိုက်ဦး... ရှင်း ဈေးသွားပေးရဦးမလားဟင်..."

"ရှင်းရှင်း...နင်က ဘာသဘောလဲဟင်...ငါ့ကျတော့ ထည့် မကျွေးဘူးလား..."





"ကျွေးစရာလား...နင့်မှာ လက်တွေအကောင်းကြီး ကိုယ့် ဟာကိုယ်ထည့်စား...ငါ့ကို လာမရစ်နဲ့...ငါမအားဘူး...ခုချိန် ကစပြီး ပင်ကိုကို ဂရုစိုက်ရတော့မယ်...နင့်လိုတွေက အသုံးမှမကျတာ ..."

ပင်ကီက ရှင်းရှင်းရဲ့ ဖောလျှောတော်ကီထဲမှာ သဘောတော် ကျပြီး မျောပါနေသည်။ ဟို ကမြင်းမ အခြောက်ကိုသာ နားရင်း ပါးရင်း ထတီးချင်တော့သည်။

"ရှင်းလေး...ဒီနေ့ ဘာချက်ရင်ကောင်းမလဲဟင်..."

"ပင်ကို့သဘော...ပင်ကီ ကြိုက်တာချက်လေ..."

နားထဲတွင် ကန့်လန့်ကြီးမို့ အကြားအာရုံကို လျှော့ပြီး အစား အသောက်ကို အာရုံပို့ထားရသည်။ ပင်ကီက

"ချဉ်ပေါင်နဲ့ မျှစ်နဲ့ ကြော်မယ်..."

"အမယ်လေး...ကြိုက်မှကြိုက်..."

"ပုစွန်ချဉ် သုပ်မယ်..."

"ကြိုက်ပြီးသားပဲ..."

"ငါးသလောက်ပေါင်းရော..."

"ကောင်းမှကောင်း..."



www.burmeseclassic.com

www.burmeseclassic.com



သောတ ဆက်ပြီး သည်းမခံနိုင်တော့သဖြင့်

"နေဦး...ဒညင်းသီးနဲ့ ငါးပိရည် ထပ်ထည့်လိုက်ဦး"

"အေး...ကောင်းသားပဲ..."

ကြည့်...ရွဲ့လို့ရွဲ့မှန်းမသိသည့် အဒေါ် အပျိုကြီးပါလာ။

"အဲဒါတွေ အကုန်စားရင် ပင်ကီ သွေးတွေတက်ပြီး...dea body ဖြစ်သွားလိမ့်မယ်နော်...

ယောက်ျားတောင် မရလိုက်ပဲ passport ကိုင်ပြီး သေမင်း သွားနေရဦးမယ်..."

"ဟယ်...ကောင်းတာပေါ့...ဘာနဲ့ သွားမှာလဲဟင် TG လား MAI နဲ့လား..."

အခုထိ Follow လိုက်လို့ကောင်းတုန်း။

"တော်စမ်း...ငါဆောင့်ကန်ပစ်လိုက်လို့ နင့်အိမ်ပေါ် ပြန် ရောက်သွားတော့မယ်..."

"ပင်ကီ...ကြည့်ပြော...ကြည့်ပြော...ပင်ကီ့တူကို"

"ဒီမှာ သောတရေ...နင်ကန်ရင် ဟိုက ရောက်စရာ အိမ် သေးတယ်...နင့်ကိုသာ ငါကန်မိရင်လေ တိုင်ထိပြီး ငါ့အိမ်ဘဲ ပြန် ရောက်လာမှာ..."





"ပင်ကီကလည်း... သိရင်ပြီးရော... ဘာလို့ ကန်နေ ဦးမှာလဲ..."

"ကန်မှာ...ကန်မှာ... ငါ့ခြေထောက်တွေဆို ယားနေတာပဲ သိလား နယ်... မိဘတွေမရှိလို့ အလိုလိုက်မိပါတယ်...ခုချိန်ထိ အဒေါ်ကို သိတတ်ဖော်မရဘူး..."

ရှင်းရှင်းက "ကောင်းတယ်...ဝမ်းသာတယ်" ဆိုပြီး လက် ခုပ်တီးကာ ဩဘာပေးသည်။ သောတ၏ ဒေါသတွေက ဒီဂရီပိုမြင့်လာ ပြီး ရေသာဆို ဆူပွက်ပြီး ရေနွေးဖြစ်လောက်သည်။

"ပင်ကီ...မနက်တုန်းကလေ ဖုန်းလာတယ်...မွန်လေးက ဆက်တာတဲ့...အသံကတော့ မိန်းကလေး အသံပဲ..."

ရှင်းရှင်းစကားကြောင့် သောတဆီမှ ရယ်သံတွေ ထွက်လာ သည်။

"ဟုတ်တယ်ဟေ့...မိန်းကလေးမှ အသက်ခုနစ်ဆယ်ကျော် မိန်းကလေး..."

"ဟဲ့...သောတ...နင့်အဘွား...ငါ့အမေ လာတော့မယ် ထင်တယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့..."

"ဒါပေါ့ မနေနဲ့...သူ့ကို ဘယ်သူထိန်းမလဲ...ငါလည်း ငါ့အလုပ်နဲ့ငါ...နင်က လတ်လျား...လတ်လျားဆိုတော့ ဒီတာဝန် နင်ယူလိုက်နော်...ပင်ကို့ nephew (တူ) လေးကလိမ္မာပါတယ်"

ပင်ကို့ကို စိတ်ညစ်တာ အဲဒါတွေပဲ ကောင်းပြီကောင်းလျက် နှင့်ဆို ထထဖောက်ပြီ...။ ငါးပိနံ့တသင်းသင်းနဲ့ ထောပတ်လိုတက် တက်မှုတ်ချင်တာလေ...။

" အမယ်လေး...ဒီအသက်ခုနစ်ဆယ်ကြီးကို ထိန်းရဦးမယ် ...အံ့ရော...အံ့ရော...။

အရေးထဲ ဒီမိန်းမလျှာကတမှောင့်...ဘာမှမသိဘဲ ဝင်ဝင် စပ်စုသည်။

"ပင်ကီတို့အမေက သူငယ်ပြန်ပြီး ကလေးစိတ်ဝင်သွားတာ သုံးနှစ်လောက်ရှိပြီ ရှင်းရဲ့။ အခု မန္တလေးမှာသူ့ကို နိုင်တဲ့လူမရှိလို့ ဒီပို့လိုက်တာဖြစ်မယ်..."

ပင်ကို့မှာ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်ရှိပြီး မန္တလေး ဇာတိဖြစ်သည်။ အစ်ကိုက အိမ်ထောင်ရက်သားကျပြီး





ဘိုးဘလက်ငုတ် ပွဲရုံလုပ်ငန်းကိုပဲ ပြန်ဦးစီးသည်။ အမေက အစ်ကိုနှင့် အတူနေသည်။

အစ်မ(သောတတို့အမေ)နှင့် ပင်ကီက ရန်ကုန်မှာရှိတဲ့ခြံနှင့် အိုက်မှာ လာနေသည်။ အစ်မတို့လင်မယားက စီးပွားရှာအလွန်တော် သည်။ အလုပ်ပေါင်းစုံလုပ်တတ်သည်။ သူတို့လုပ်တိုင်း အရှုံးဆိုတာ မရှိခဲ့...သေသေချာချာ Plan ချပြီးမှ လုပ်သည်။ ရွှေဆိုင်လည်းရှိ သည်။ စားသောက်ဆိုင်လည်းရှိသည်။

Express ကားတွေလည်း ထောင်ထားသေးသည်။ ဒီလောက် အောင်မြင်နေတဲ့အချိန်မှာ သေမင်းကခေါ်တော့လည်း သားလူမမယ်ကလေးကို ထားခဲ့ပြီး ထွက်သွားရရှာသည်။ လင်မယား နှစ်ယောက်စလုံး ကားမှောက်ပြီး တိမ်းပါးသွားရသည်။ အဲဒီတုန်းက သောတလေး အသက်ခြောက်နှစ်ပဲရှိသေးသည်။ ရှယ်လီပင်ကီက နှစ်ဆယ့်ငါးနှစ်အရွယ် လှသွေးကြွယ်တဲ့ အရွယ်ပေါ့။ အခုသောတ တောင် အသက်နှစ်ဆယ်ရှိနေပြီ ပင်ကီက သုံးဆယ်ကျော်ပေါ့ သိပ် မကျော်ပါဘူး ကိုးနှစ်တည်းကျော်တာပါ။

အဲဒီအချိန်ကတည်းက ပင်ကို့မှာ တူလေးကို စိတ်မချရအော



www.burmeseclassic.com

www.burmeseclassic.com



ရော သနားတာရောပေါင်းပြီး နှလုံးသားခံစားချက်တွေကို ဦးစားမပေး နိုင်တော့... အချစ်ဆိုတဲ့ အရာကို မြည်းစမ်းခွင့်လေးသော်မှ မရခဲ့... အစ်မတို့ရဲ့ စီးပွားရေးတွေကို ဝင်လုပ်ပေးရင်း...ဘဝကို နစ်မြုပ်ထား ခဲ့ရတာ...ဖူးစာဆိုတာကြီးက ဘယ်ချောင်မှာ ဝင်ပုန်းနေသလဲမသိပါ။ ခုချိန်အထိတော့ ပင်ကို့ဆီ လှူးမလာသေးပါ။ (လျှောက်ပြောနေတာ အမှန်က အရွေးလွန် ဂျီးများ၍ အပျိုကြီးဖြစ်နေခြင်းသာ...)

"ပင်ကီ...ရှင်း အကြံရပြီ... အဘွားကိုလည်း ထိန်းလို့ ရအောင်... အိမ်အလုပ်တွေလည်း ကူလို့ရအောင် အိမ်ဖော် တစ်ယောက်လောက် ခေါ်လိုက်ပါလား..."

"ခေါ်တော့ ခေါ်ချင်ပါတယ် ရှင်းရယ် သူတို့ကို လိုက်ပြီးစောင့် ကြည့်ဖို့ ပင်ကီမှမအားတာ..."

"ရှင်းရှိသားပဲ...ပင်ကီသာ လူရအောင်ရှာ...အဘွားက ရှေ့လထဲမှာ လာမယ်ပြောသွားတာ အဘွားမလာခင် အိမ်ဖော်ရအောင် ရှာတော့..."

"ဒီတစ်ခါတော့ ရှင်းရှင်းက တော်သွားပြန်ပြီ...နင့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ငါ့ပန်းကန်လေး ဆေးပေးဟာ..."

ဆောင်းညပြာသို စာပေ



"နင့်ကို ပင်ကို့မျက်နှာထောက်လို့ ငါမဆဲတာနော်...သေချင်း ဆိုး..."

"ဟင်...နင်ဆဲပြီးနေပြီလေ...ခြောက်တစ်လီခြောက် ရဲ့..."

"ကဲ...ကဲ...တော်ကြတော့...ပင်ကီ လူရအောင် ရှာမယ်...။ နယ်ဘက်တွေမှာ အသိတွေရှိတယ်။ သူတို့ပဲ မှာရတော့မှာပဲ... ရှင်းရှင်း ရေ... ဈေးသွားမယ်... ပင်ကီနဲ့ လိုက်ခဲ့... သောတက အိမ်ကို သေသေချာချာ စောင့်ကြည့်ထား..."

ဆောင်းညပြာသို စာပေ

www.burmeseclassic.com

www.burmeseclassic.com



Title – "ကိုးရိုးယားကား ကြည့်လို့ရရင် လုပ်မယ်..."

Actor List – စာဥနှင့် သူငယ်ချင်းများ၊ ပွဲစား မခင်ချို

P.S – (ဖုတ်သွင်းရထား နောက်တစ်စင်း ထွက်လာပြီ)

ဆောင်းညှပြာသို စာပေ



စာဥ သွားတော့မည်ဆိုတော့ သူငယ်ချင်းတွေ (အထီးရော အမရော) မျက်နှာလေးတွေ မကောင်းကြ... ကြေကွဲနေ ကြသည်။ မျက်လုံးတွေကို သေချာလိုက်ကြည့်လျှင် မျက်ရည်လေးတွေ ရစ်ဝဲနေတာတွေ့ရသည်...။ စာဥ မခံစားနိုင်တော့...သင်းတို့ကို ဖက်ဖက်ပြီး ငိုမိသည်။ မှာတမ်းချွေရတာလည်း အမောပင်...။

"ဟဲ့ ကောင်မတွေ ငါ့ဆီ E-mail ပို့လိုက်နော်...ငါ့ဆီပို့ချင်ရင် www- com စာဥ လို့ပို့နော် ကြားလား...ဟိုကောင်တွေ ငါမရှိတုန်း အင်တာနက်မှာ ချက်တင် မထိုင်နဲ့နော်...ငါသိလို့ကတော့ မလွယ်ဘူးမှတ်..."

စာဥက အဲသလို စာဥမျိုး...ရွာသူ စာဥကို အထင်သေးလို့မရ... မြို့သာမရောက်ဖူးတာ... မြို့ကြီးသူ မြို့ကြီးသားတွေရဲ့ အသုံးအနှုန်းတွေ လေသံတွေကို copy ကူးပြီးသား၊ လမ်းဘေးက ခိုးကူးခွေလိုပေါ့...ထွက်တာနဲ့ ကူးပြီးသားလေ စာဥကြီးဒေါ်က စာဥခေါင်းကို ဂေါက်ခနဲ ခေါက်ထည့်လိုက်သည်။

ဆောင်းညှပြာသို စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အရှုံးမ...အပေါမ...နှင့် ရွာမှာ ဘယ်ကE-mail ရှိနေလို့လဲ လာသေးတယ် အင်တာနက်မှာချက်တင်မလို့ ဟုတ်လား... တန်ရာ၊ တန်ရာ ဘယ်တော့မှ မပြောဘူး...ကဲ သွားတော့...ဟိုမှာ ရထားထွက်တော့မယ်...မခင်ချိုရေ အပ်လိုက်ပြီနော် သေချာပို့ ပေးလိုက်ပါတော်..."

မခင်ချိုဆိုတာက ပွဲစားမ...။ စာဥကို အိမ်ဖော်လုပ်ဖို့ လာခေါ်တော့ ကြီးဒေါ်က ချက်ချင်းကို ခေါင်းညိတ်ထာ...တူမ အပျိုကလေးကို စိတ်မချလို့ဆိုတာမရှိ...ကိုယ့်လက်ကလွှတ် ရှုတ်ဆိုတာမျိုး စာဥကို မျက်မုန်းကျိုးတာ သူကြီးဒေါ် တစ်ယောက်တည်းမဟုတ်။ တစ်ရွာလုံးပင်...အော့ကြောလန် ပြည်သူ့ချဉ်ဖတ်လေး စာဥဖြစ် သည်။ မခင်ချိုကို စာဥမေးတာက တစ်ခွန်းတည်း...ကိုးရီးယားကား ကြည့်လို့ရသလားတဲ့...ရရင်လုပ်မယ် ဆိုပြီး အပေးအယူတည့်သွားကြတာ...

ရွာမှာဆို စာဥ လောက်လေးဝွကို လူတိုင်းကြောက်ကြသည်။





...ိုင်း သူ့လေးဝွလက်ရာကို မြည်းစမ်းဖူးကြသည်။ မိန်းကလေးတန် ...ယ်ကွင်းထဲမှာ ကျွဲမရှောင်၊ နွားမရှောင်တက်တက်ပြီး ခွစီးတတ် ...ည်။

ရွာသားတွေခမျာ သူ့ကိုကြောက်လို့ ဟသ်ာတ ထွန်းရင် ...ချင်းတောင်မှ အပီမဟဲရဲရှာ...။ "နေညိုချိန် တိမ်တောက်တဲ့အခါ ...ယံနံ့ဘေးမှာ"...အစချီပြီး ဆိုချင်လျှင် စာဥ ရှိမရှိ အရင်တစ် ...ာက်က ကြည့်ပေးရသည်။ ဟသ်ာတထွန်းရင်ရဲ့ "စာဥ"ကို ဆိုတာ ...နှင့်ဘာဆိုင်လို့တုန်း...။ ဒါဆို ဘာလို့ ဒင်းနာမည်ကို စာဥလို့ ...ထားသေးလဲ..."စာဥ" သီချင်းဆိုရင် လေးဝွနှင့် လိုက်လိုက်ဆော် ...တ်လွန်းလို့ ကာလသားတွေက စာဥဆို အသေခုကြသည်။

သူတို့ မျက်စိအောက်မှ ရထားကြီးက တလိမ့်လိမ့်ထွက်ခွာ ...ွားပြီ...ဝမ်းနည်းလွန်း၍ နှပ်ချီးတွေညှစ်ကာ ဖက်ဖက်ပြီး ငိုကြသော ...ာဥရဲ့ သူငယ်ချင်းမတွေ ရထားကြီးထွက်သွားတာလည်း မြင်ရော ...မ်းသာအားရ ထ၍ကွေးနေအောင် ကကြတော့သည်။ ယောက်ျား လေး သူငယ်ချင်းတွေကတော့ အိုးစည်ဗုံမောင်းတီးကာ ကကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ တစ်ရွာလုံး နားအေး ပါးအေး နေရတော့မည်။ ဘာဆိုဘာမှ မသိသော စာဥကတော့ ရထားပေါ်မှာ ငိုလို့ကောင်းတုန်း။ မခင်ချိုကိုလည်း သူငယ်ချင်းတွေအကြောင်း ပြောရတာ ဖတ်ဖတ်ကို မောနေပြီ။

"ဒေါ်ကြီး တွေ့လား...သူတို့က စာဥကို သိပ်ခင်ရှာတာ စာဥလည်း သူတို့နဲ့ မခွဲချင်ပါဘူး...ဒါပေမဲ့ ဘဝရှေ့ရေးအတွက် တိုးတက်ရာ တိုးတက်ကြောင်းရှာရတာပါ...ဒီတောမှာနေလို့ တိုးတက်ဖို့ မရှိဘူး စာဥက အိမ်ဖော်ဘဝကနေပြီး စက္ကင်ရီတေရီ ဘဝရောက်အောင် ကြိုးစားဦးမှာ..."

"အေးပါဟယ်...အေးပါ...နင် လုပ်ချင်တာသာလုပ် ခုတော့ ငါနားအေးပါးအေး အိပ်ပါရစေဦး..."

ပွဲစားမခင်ချိုလည်း စာဥကို တော်တော်လေး ချဉ်လာသည်။ ဘယ့်နှယ် အိမ်ဖော်ပါလိမ့်။ ဟို အပျိုကြီးအိမ်ရောက်ရင် ဘာတွေ ဆက်ဖြစ်ဦးမလဲမသိ... သေချာတာက ပွဲစား သိက္ခာကျပြီး နာမည်မရ





တော့မည်။ တစ်ခုကောင်းတာက နောက်တစ်အိမ် ထပ်ပို့လျှင် ထပ် ပွဲခထပ်ရမည်။ ကြည့်စမ်း ဒါကို မေ့နေလိုက်တာ စာဥလို ကျိုး ဆယ်ယောက်လောက် မွေးထားလျှင် တွက်ချေကိုက် သည်။ မဆိုးဘူး...ဒီကောင်မလေးကို သေသေချာချာ ပေါင်း ဦးမှ...

"ဒေါ်ကြီး...အိပ်ပြီလား...Mp5 လေးဘာလေး မပါဘူး ကောင်...စာဥ နားထောင်ချင်လို့..."

ကြည့်စမ်း... အကျိုးနည်း ရိုက်ပေါက်တော်...စကား တွေမှာ တောင်ပံတပ်ပြီး မိုးပေါ်မှလွင့်ပြီး ပျံနေတဲ့ ကောင်မလေးပါ လား။

"ဘာလဲဟဲ့ Mp 5 ဆိုတာ ညည်းပြောမှ ငါကြားဖူးတာ..."

"ကြီးဒေါ်ကလည်း မြို့မှာနေပြီး ဒါလေးတောင် မသိဘူး လား..."

"မသိပေါင်...ငါသိတာ တစ်ခုပြောထားရဦးမယ်... အခု



www.burmeseclassic.com

www.burmeseclassic.com



ညည်းနေမဲ့ အိမ်ရောက်ရင် အဖိုးကြီးကို မယလို ခေါ်ရမယ်… ကြားလား"

"ဘယ်အရွယ်မို့လို့ မမ ခေါ်ရမှာလဲ…"

"လေးဆယ်လောက်ရှိပြီ…"

"ဟင်…ကိုယ့်အမေ အရွယ်ကြီးကို…"

"ပြောတော့ ညည်းပဲ မြို့ရည်လည်ပြီးသားဆို…"

"ပြီးရော…ပြီးရော…ရောမ…ရောက်ရင် ရောမလို ကျင့်ရမှာပေါ့…"

စာဥကိုကြည့်ပြီး မခင်ချို ရယ်ချင်စိတ်ကို မနည်းကြီး ထိန်းထားရသည်။ သူ့ဟာသူ ဘာတွေပဲ ပြောနေနေ သူတောသူ ဆိုတာ အသိသာကြီးပင်။ အသားက ညိုကာမှောင်နေသည်။ ဆံပင်နှစ်ဖက်ကို ကြက်တောင်စည်းစည်းကာ ပါးကွက်က ကွက်ထားသေးသည်။ ထမီ ဝတ်ထားတာကလည်း ခဝ်တိုတို… စာဥ အသက်က တစ်ဆယ့်ငါးနှစ်တဲ့…။ ခြုံငုံကြည့်လျှင်တော့ ရှက်ကြမ်းရေ ကြိုလေး ပါပဲ…။





ဘယ်နေရာကပဲ ကြည့်ကြည့် စာဥက သွက်လက်လွန်းသည်။ …တတ်လျှင်တော့ တော်တော် ဖင်ပေါ့မည့် ကောင်မလေး။

အဲ… အကြောင်းမသိလျှင်တော့ စာဥကို ဆတ်စလူးစိန်ဟု ဆင်ကြလိမ့် မည်။



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| Title | - | တောက စာဥ မြို့ပေါ်ရှိ အသိုက်သို့ ရောက်လာခြင်း |
| Actor List | - | ပင်ကီ၊ သောတ၊ ရှင်းရှင်း၊ ပွဲစားမခင်ချိုနှင့် စာဥ |
| P.S | - | (ဖုတ်သွင်းရထား နှစ်စင်းဖြစ်သွားပြီ) |





စာဥကို ပိုပြီး မခင်ချို ပြန်သွားသည်။ ရှင်းရှင်းက စာဥကို [illegible] ခေါင်းပြန်ကြည့်ပြီး ရှိုးသည်။ ပင်ကီက စာဥကို မေးသည်။

"စာဥ...ညည်း ကျောင်းနေဖူးလား..."

"နေဖူးတယ်မမ ...ကျောင်းမှာ ရှစ်နှစ်တောင် နေခဲ့တာ...[illegible]ပျင်းပဲ...ဟိ...ဟိ..."

"အော်...ဒါဆို ညည်းက ရှစ်တန်းအထိနေခဲ့တာပေါ့"

"မဟုတ်ဘူး...လေးတန်း..."

"ဟဲ့...နင်ပြောတော့ ရှစ်နှစ်တက်ခဲ့တာဆို..."

"ဟုတ်တယ်လေ...တစ်တန်းကို နှစ်နှစ် တက်ခဲ့တာ [illegible]ပေမယ့် စာဥက...အိုင်တီ ထွန်းကားတဲ့ ခေတ်ကြီးထဲမှာ အားလုံးကို [illegible]စပ်စပ် သိတယ်မမရဲ့..."

ပင်ကီ နှုတ်ခမ်းမဲ့ရွဲ့သွားသည်။

"အောင်မလေး စာဥရယ်...ညည်းစကားက လူထက် ကြီးနေပါလား...ကဲ...ညည်းထမင်းဟင်းချက်တတ်လား..."

"အိုး...ချက်စရာလား... စာဥ ရွာမှာဆို ကြီးဒေါ်ပဲ ချက်တာ... စာဥကို ဒို့ပြင်ဟာနိုင်း မမ..."



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို အဝတ်လျှော်...မီးပူတိုက်...”

“No ပါ...လုံးဝ စိတ်မဝင်စားဘူး...”

“ရှင်းရေ... လုပ်ပါဦး...သူတတ်တာ ဘာရှိသေး ပြောမပြောချင်တော့ဘူး...”

“ကိုးရီးယားကား ကြည့်တတ်တယ်မမ...ကောင်းကော ကြည့်တတ်တယ် သိလား 24 hours ကြည့်ဆိုလည်း ကြည့်နိုင်တာ အခုဆို စာဥလေ ကိုးရီးယားစကားတောင် တော်တော်တတ်နေပြီ မမရဲ့...”

ရှင်းရှင်းက စာဥကို ဝင်နှိပ်ကွပ်သည်။

“အဲဒါဆို ညည်းကိုးရီးယားမှာ သွားလုပ်ပါလား... ဘာလို့ ဒီလာသေးလဲ...”

“သွားမှာ...သွားမှာ... ပိုက်ဆံစုရဦးမယ်လေ... အမယ် လေး သွားလို့ရရင် အခုတောင်သွားလိုက်ချင်သေး... ကိုခြောက်မှာ ပိုက်ဆံရှိရင် ထုတ်ချေးမလား... ဟိုမှာ အလုပ်ဖြစ်ရင် ရွာက အာကြီးမား (ကိုရီးယားလို အဒေါ်လို့ ခေါ်တာ)ကို ခြံပိုင်းလေး ဝယ်ပေးချင်လို့...”





ရှင်းရှင်းမျက်နှာ လငပုပ်ဖမ်းသွားပြီး

“ဟဲ့ စာဥ... နေစမ်းပါဦး... ခုန ညည်းငါ့ကို ဘယ်လို ခေါ်လိုက်တာလဲ...”

“ကိုခြောက်လေ ကိုခြောက်... မဟုတ်ဘူးလား တော်က ခြောက်ရုပ်ပေါက်နေတာပဲဥစ္စာ...”

“ကဲမြင်းမက... တယ်လေ... ငါထလုပ်လိုက်ရ...”

သောတမှာ ရှင်းရှင်းခံလိုက်ရတာကို တဟားဟားနှင့် ရယ်၍ ဆုံးတော့...။

“ဘယ်လိုလဲ ဆရာကြီး...ဟင်...နင် အခါတော်ပေးလို့ ခင်ကီက ခေါ်ပေးတာလေ...ခုတော့ နင့်တပည့်က ပိုလက်ဖောင်း သက်နေပါလား...”

“ရတယ်...ရတယ်...စောင့်ကြည့်လိုက်...သင်းကို ဘယ်လိုအပိုးကျိုးအောင် ချိုးပြမလဲဆိုတာ... ရှင်းရှင်းတဲ့... နှစ်ရှင်းရှိရင်...”

ရှင်းရှင်းစကား မဆုံးသေး...စာဥက ကြားဖြတ်ဝင်ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရှည်းရှိရင် စာဥတို့ရွာမှာ လယ်ကောင်းကောင်း ထွန်လို့ရတာပေါ့...ဝွတ်ဒ်ရှယ်ပဲ..."

"ဟဲ့ စာဥ...နင့်ပါးစပ်ကို ပိတ်ထားစမ်း...လူကြီးတွေပြောနေရင် ဝင်ဝင်ပြီး ဖြတ်မပြောစမ်းနဲ့..."

ပင်ကီက မနိုင်ဘူးဆိုသည့် သဘောဖြင့် ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြသည်။

"ကဲ...ရှင်းရှင်းရေ...ပင်ကီ သူငယ်ချင်းနဲ့ ချိန်းထားလို့ သွားလိုက်ဦးမယ်... သူ့ကို ရှင်းလက်ထဲ ဝကွက်အပ်လိုက်ပြီသိလား... သင့်တော်သလိုသာ စီစဉ်တော့..."

"ပင်ကီ့ ဟာကြီးက ဖယောင်းမှ မဟုတ်တာ...သေချာတယ် ငါးဖယ်တုံးကြီး ဖြစ်လိမ့်မယ် ထုလေမာလေ အဲဒီအစားထဲက...ကြည့်ပါလား ရုပ်ကိုက တောင်ဂေါ်လီရုပ်..."

"အမယ်...အမယ်...အဲဒီ တောင်ဂေါ်လီပဲ မြို့သားတွေ အကြိုက်တွေ့နေကြတာမဟုတ်လား... နေရာတကာ တောင်ဂေါ်လီသီချင်းပဲ ဖွင့်နေပြီးတော့..."

"ဟဲ့...ညည်းအသံထွက်လာပြန်ပြီ...လာ...လာ...ငါနဲ့လိုက်ခဲ့... ညည်းလုပ်စရာတွေ အပုံကြီး..."

ရှင်းရှင်းက တွေ့ရာ၊ မြင်ရာ လက်လှမ်းမီသမျှ သိမ်းလာသော အဝတ်တွေကို စာဥရှေ့မှာ ချသည်။

"သွား...ဒီအဝတ်တွေ အကုန်လျှော်လိုက်...ဆပ်ပြာမှုန့်ကို ရေဖျော်ပြီး တစ်ထည်ချင်းစီထည့် နှစ်ပြီး သေသေချာချာပွတ်ပြီး လျှော်ကြားလား..."

"မြို့ကြီးသားလုပ်ပြီးတော့ အောက်လိုက်တာ ဒီလိုလျှော်တာ က တောမှာ လျှော်ဖူးပြီးသား အခု စာဥက ရန်ကုန်မြို့ကိုရောက်လာပြီလေ...အဝတ်လျှော်စက်နဲ့ပဲ လျှော်မယ်...မရှိဘူးလား..."

သောတ...ကော်ဖီသောက်ရန် ဆင်းလာချိန်တွင် ရှင်းရှင်းနှင့် စာဥတို့၏ ပဋိပက္ခကို တွေ့သွားပြီး မနေနိုင်တော့သဖြင့်

"ဟဲ့ကောင်မလေး...နင့်ကို ငါကြည့်နေတာ တော်ကီတွေ သိပ်များနေတယ်...လုပ်စရာရှိတာ သွားလုပ်သွား..."

စာဥက သောတကို မျက်စောင်းလှည့်ထိုးရင်း

"အိုပါး...စာဥကို ပြောစရာမလိုပါဘူး...လုပ်မှာပါ...တကတဲ...အိုပါး ပြောလို့ စာဥက လျှော်မှာနော်...အဲဒီ ကိုခြောက်သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရစ်ပစ်လိုက်မှာ…အိုပါးက ကိုစိုးယားမင်းသားလေးနဲ့ သိပ်တူတာပဲ အဟီ…”

ရှင်းရှင်းမှာ ဒေါသနှင့် မိတ်ဖက်ပြီး ဆွေ့ဆွေ့ခုန်ပြီး ကျန်နေခဲ့သည်။

“ကြည့်စမ်း…ငါ့ကိုများ ပြောသွားလိုက်တာ… သောတရေ …ချွတ်…နင့်အကျီတွေ…ဘောင်းဘီတွေ ချွတ်စမ်း…”

“ဟ…ဘာဆိုင်လို့ ချွတ်ရမှာလဲ…”

“အော်…ဒီငတုံးက တစ်မျိုး ဟိုတောသူမကို Lesson ပေးမလို့…အဝတ်တွေချွတ်ခိုင်းနေတာ ထပ်လျှော်ခိုင်းမလို့…ဘာတဲ့ သူက နင့်ကို အိုပါးတဲ့… ဟား… ဟား…ရယ်ရတယ်…တောသားရဲ့ ဆွဲထုတ်ဆိုတာ သိပ်မှန်တာပဲ…”

“ရှင်းရှင်းရာ…စာဥလို လူမျိုးကို ဘယ်လိုကိုင်တွယ် ရမလဲဆိုတာ မသိဘူးလား…မြောက်ပင့်ပြီးသာခိုင်း… နင့်ကို ကပြီး လုပ်ပေးလိမ့်မယ်…မယုံရင်စမ်းကြည့်…”

“အေး…ကောင်းတယ်…အဲဒီ စာဥကို ကောင်းကောင်း ပညာပေးရမယ်… သောတ နင်ပါဝိုင်းပြီးကျပ်ပေးစမ်းပါဟာ… သူက





နင်ခိုင်းရင်လုပ်မှာသေချာတယ်…”

“လောလောဆယ်… ငါကော်ဖီသောက်ချင်နေတယ်ဟာ ကျန်တာစိတ်မဝင်စားဘူး…”

“ဒါများ… ငါဖျော်ပေးမှာပေါ့ ခဏစောင့်…”

“ရှင်းရှင်း… နင့်ကို ငါဝိုင်းစားပေးမယ် မပူနဲ့သိလား…”

“အေး…အေး…ကောင်းတယ်…”



www.burmeseclassic.com

www.burmeseclassic.com



Title - ပင်ကို အတွင်းပစ္စည်း ပြဿနာ

Actor List - ရှင်းရှင်း၊ စာဥ နှင့် သောတ

P.S - (ကိုးရိုးယားလို လျှော်မိလို့)





စာဥ ရေချိုးခန်းထဲမှာ စိမ်ပြေနပြေအဝတ်လျှော်နေသည်။ အဝတ်အားလုံး ဖွေးအောင် လျှော်နိုင်ရင် ရေခဲမုန့် ဝယ်ကျွေးမယ်ဆိုလို့ အကြိုးမာန်တက်ကို သီချင်းတကြော်ကြော်ဆိုပြီး ကခုန်ကာ လျှော်ခြင်းဖြစ်သည်။ ရိုးရိုးလျှော်တာမဟုတ်... ကိုးရိုးယားကားတွေ ထဲကလို အဝတ်ကို ခြေထောက်နှင့် တက်နင်းပြီးလျှော်နေတာ...

"စာဥရေ...စာဥ..."

ရေတွေဖွင့်ချထားတာရော... သီချင်းသံကြောင့်ပါ သောတခေါ်တာကို စာဥမကြားပါ။

"မိုးထက်က... မြေပြင်... ဆင်းသက်ကျ သိပ်လှတဲ့ နင်ဟာ... နတ်သမီးလား... ထိန်းချုပ်လို့မရနိုင် အသိစိတ်က ယိမ်းသိုင်...ဒါး...ဒါး...ဒါး...ဒီး...ဒီး...ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ် ...ဘေဘီ... ပတ်ပျိုးနွယ်... နွယ်... နွယ်... သွား... သွားပြီ..."

"ဒေါက်"... ဆိုတဲ့ မြည်သံနှင့်အတူ ပင်ကီ၏ ဘရာဇီယာကြိုးမှာ ပြုတ်ထွက်သွားပြီ ဖြစ်သည်။ မပြုတ်ခံနိုင်ရိုးလား... သူ့တစ်ကိုယ်လုံး တက်နင်းပြီး ခုန်ပေါက်နေတာ

"အော်...နင်က ဒီထဲမှာ သီချင်းတွေ အော်ပြီးဆိုနေတာကိုး ဒီမှာတော့ ခေါ်လိုက်ရတာ လိပ်ခေါင်းထွက်တော့မယ်..."



www.burmeseclassic.com

www.burmeseclassic.com



စာဥမှာ မျက်နှာငယ်လေးဖြင့် သောတကိုကြည့်သည်။ လက်ထဲမှာလည်း ပင်ကို ဘရာဇီယာကြိုးက တန်းလန်းကြီး...

"အိုပါး...ဒီမှာကြည့်ပါဦး...စာဥတော့ ကိုယ်ကျိုးနည်းပါပြီတော်..."

"ရှင်းရှင်းရေ...ရှင်းရှင်း...ဒီဆောလာခဲ့ဦး..."

ဟင်းချက်ရန်ပြင်နေသော ရှင်းရှင်းက ချက်ချင်းရောက်ရှိလာသည်။

"ဟဲ့...ဘာဖြစ်နေကြတာလဲ..."

"ဟိုမှာလေ...ပင်ကို့ဟာကြီး ပြုတ်ထွက်သွားပြီ အဲဒါမှပြဿနာကွ...ပင်ကိက သူ့အတွင်းပစ္စည်းကို သိပ်တန်ဖိုးထားတာ...ပြန်လာရင် ပွစိ...ပွစိနဲ့ နားငြီးရဦးမှာ...ရှင်းရှင်း...နင့်ပြဿနာနင်ပဲရှင်း...ငါတော့လစ်ပြီ..."

"စာဥ..."

"ရှင်..."

"နင်လုပ်ချလိုက်ပြန်ပြီ...ငါတော့ သေချင်တာပါပဲတော်..."

"စာဥ ပြန်ဝယ်ပေးပါ့မယ်"

"ပြန်ဝယ်ပေးရအောင် အဲဒါတစ်ထည်ဘယ်လောက်





ပေးရတယ် ထင်လို့လဲဟင်...နင့် တစ်လစာမက တန်တယ်ဟဲ့..."

"ဟင်...ဒါဆိုရင်တော့ မဝယ်ပေးတော့ဘူး ရှိပစေတော့ ဒိုက်ဆံရှိတိုင်း အကျယ်ချဲ့နေကြတာကိုး...အတွင်းက လူမမြင်တဲ့ဟာကြီးကို ဒီလောက်ဈေးကြီးတာ ဝတ်ပေးစရာလား...ဒါ...စာဥအမြင်မဟုတ်တော့ဘူး...အပိုကြီးအပြစ်..."

ရှင်းရှင်းလက်နှင့် စာဥခေါင်းဝမ်းဆက် ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုဇနပလာဇာထဲတွင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ဖြင့် ပင်ကီမသိအောင် သူ့ပစ္စည်းကို ပြန်ဝယ်ပေးရန် ကြိုးပမ်းနေကြသည်။ သောတနှင့် ရှင်းရှင်းမှာ စာဥကို မာန်မဲရင်း အသည်းအသန် လိုက်ရှာနေရသည်။ ညနေ ပင်ကီပြန်မရောက်ခင် အမြန်ဝယ်ပေးထားဖို့လို သည်။

အသစ်အဆန်းနှင့် အထည်ဆိုင်တွေကို တမေ့တမောငေး နေသူက စာဥ၊ သူ့ကို ဘယ်လောက်ပဲဆူဆူ မဖြုံရေးချမဖြုံ...။

အမျိုးသမီး ပစ္စည်းတွေချည်းရောင်းသော ဆိုင်တစ်ဆိုင်ရှေ့ ရောက်တော့ ပင်ကီ့တံဆိပ်နှင့် တူတာကိုတွေ့သည်။ တွေ့သည်ဆို တာနှင့် သောတက ရှောင်နေလိုက်ပါသည်။ သူကယောကျ်ားလေး ဆိုတော့ ရှက်ရှာမှာပေါ့...။

ရှင်းရှင်းနှင့် စာဥ ဆက်လုပ်ရှားကြပေါ့...သူတို့ နှစ်ယောက် ကျိတ်ပြီး ဘာတွေဖြစ်နေကြမှန်းမသိ...။

"စာဥ...နင့်ကိုငါ...size...မှတ်လာခိုင်းတာ မှတ်မိလား"

"မှတ်လာတယ်လေ...သေသေချာချာကို စိတ်ကူးနဲ့ မှန်း





တာ..."

"ဒါဆို ပြောလိုက်လေ...နံပါတ် ဘယ်လောက်ဆိုတာ...

ဒီတို့က ယောကျ်ားလေးဆိုတော့ မသင့်တော်ဘူးဟ..."

"အမယ်...အမယ်...မာမရှိန်းကြီးကများ ယောကျ်ားတဲ့

ယ်ရတယ်တော့..ဖြ..."

"ငါခေါက်ထည့်လိုက်ရင် လူမြင်မကောင်းဖြစ်တော့မယ်..."

ဆိုင်ကကောင်မလေးက

"သူ့ဝတ်ဖို့လား"

"မဟုတ်ဘူး...ကျွန်တော့် အဒေါ်အတွက်ပါ...သူ့နံပါတ် သိတယ်...သူ့ကိုမေးကြည့်...အရောင်က ပန်းရောင်ပါ..."

စာဥက ခဏစဉ်းစားသည်။ ထို့နောက် လက်နှစ်ဖက်ဖြင့် အရွယ်အစားကို လုပ်ပြပါတော့သည်။ ပထမ...လက်ချောင်းတွေကို ကော ပင်ကီ့ရင်သားကို မှန်းပြသည်။

"ဒီလောက်...မဟုတ်သေးဘူး...နော်...ကိုခြောက်..."



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းသေဦးမယ်..."

တဖန်လက်ချောင်းလေးတွေကို နည်းနည်းထပ်ချဲ့ပြန်သည်။

"ဟောဒီလောက်"

ရှင်းရှင်းမှာ မျက်လုံးတွေပြူးပြီး အံ့ဩနဘန်းကို ဖြစ်လို့...

"မဟုတ်သေးဘူး...ဒီလောက်ကြီးတယ် အစ်မ...သေချာတယ်..."

"စာဥ..."

"သေချာပါတယ် ကိုခြောက်ရဲ့...လုံးဝမလွဲဘူး"

ဆိုင်မှကောင်မလေးတွေ သူတို့နှစ်ယောက်ကို ကြည့်ပြီး တခိခိ၊ တခစ်ခစ်ဖြစ်ကုန်ကြပြီ။ ရှက်လိုက်တာ...။ ရှင်းရှင်းမှာ ပိုက်ဆံကို မြန်မြန်ရှင်းပြီး မာရသွန်ထွက်ခဲ့ရသည်။ ဆိုင်ရှေ့မှာ စောင့်နေသော သောတက လက်ညှိုးနှင့် လက်မကိုဝိုင်းကာ အိုကေလားဟုမေးသည်။





"ဘာမှ အိုမကေဘူး...စာဥလေ စာဥ...ငါ့ကို သောက်ရှက်ခွဲလို့...ဖိုး...ရှက်လိုက်တာနော်...ငါနှယ်..."



www.burmeseclassic.com

www.burmeseclassic.com



Title - ဖူးစာ… လူးလာပါပြီ

Actor List - ပင်ကီ၊ သောတ၊ ရှင်းရှင်းနှင့် သက်တံ့

P.S - (နှလုံးသားကို ခါတ်လိုက်တယ်)



သောတမှာ အိပ်ရာထဲတွင်နှပ်၍ ကောင်းနေသည်။ ဒီနေ့ …ဆိုတော့ Gym သွားစရာမလိုတော့ ဖိမ်ယူ၍ကောင်းတုန်း။ …တ်မှာ ငါးရက်က မနက်ခြောက်နာရီဆို မထချင်လည်းထ… …ချင်လည်းထ…ဒီလိုနေ့တွေဟာ သောတအတွက်တော့ တကယ့်ကို …liday တွေပါပဲ။

ပြီးခဲ့တဲ့နှစ်လလောက်ကမှ အီးမေဂျာဖြင့်ဘွဲ့ရထားသော …တမှာ လုပ်ငန်းခွင်ဝင်ရန်အတွက် စောသေးသည်ဟု ပင်ကီ့ကို …တီးချပြီး သူငယ်ချင်းတွေနှင့် ပိုင်းဖွဲ့ပျော်ပါး၍ ကောင်းတုန်း။

ရှင်းရှင်းက သောတနှင့် မေဂျာချင်းမတူပါ။ ဒါပေမယ့် …ငယ်လေးကတည်းက တစ်ကျောင်းတည်း နေခဲ့တာဆိုတော့ …ငယ်ချင်းအရင်းကြီးတွေပေါ့…။

ပင်ကီသည် ကော်ဖီတစ်ခွက်ဖြင့် ကိုးရီးယားကားထဲမှာမျော …နေသည်။ စာဥနှင့် ပင်ကီက တခြားနေရာမှာသာ စည်းဝါးမကိုက် …ာ…ကိုးရီးယားဇာတ်လမ်းတွဲ တွေကြည့်ပြီဆို အတိုင်အဖောက်က …ညီသလားမမေးနဲ့…တခါတလေဆို နှစ်ယောက်သား မျက်ရည်တွေ …ပြီး ငိုနေကြသည်။ စာဥက ငပါးမ…သူပွဲကြည့်ချင်တော့ ပင်ကို …ခြောက်ကို မလွှတ်တမ်းနှိပ်သည်။ ဟိုကလည်း သဘောတော် …ကာ ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်း စောစောစီးစီးမှာ ပင်ကီတို့ ဘုရားရှိခိုးဖို့ ဒီလိုသာ ဖွဲကောင်းရင် နတ်လူသာဓုခေါ်မှာစိုးလို့ ထင်သည်။ ကြည့်ပါဦး... ညအိပ်ခါနီးလည်း ဒီကိုးရိုးယား... မနက်လင်း တော့လည်း ကိုးရိုးယား...''

ဟိုငပေါမ စာဥရောဘာထူးလို့လဲ...ကင်မ်ချီစားချင်ရတာနဲ့ ဆူရှီစားချင်ရတာနဲ့...တခါတလေ သူဘာလုပ်တယ်ထင်လို့လဲ... ခေါက်ဆွဲတွေဝယ်ပြီး ပုန်းရည်ကြီးမည်းမည်းတွေ ထည့်နယ်သည် ပဲခေါက်ဆွဲလုပ်တာတဲ့...။ နောက်ပြီး စားမရ သောက်မရတွေဖြစ် အိမ့်က ပင်ကီ့အချစ်တော် ခွေးလေး ဘက်ခမ်းကို ချကျွေးသည် သူတောင်မစားတာ...ဘက်ခမ်းက စားမှာလားလို့...ဝေးသေး...။

ခွေးကိုတောင် စာဥက ဘတ်ချင်သေးသည်။ ပဲခေါက်ဆွဲကို ရိုးရိုးမကျွေး...။

''ဘက်ခမ်းရေ...စားနော်...အဲဒါလေ မမစာဥ ကိုးရီးယား သွားလည်တုန်း ဝယ်လာတာသိလား ဆိုးလ်က တကယ့်အကောင်းဆုံး ဆိုင်က ဝယ်လာတာ...စား...စား...''

ဘက်ခမ်းက နမ်းကြည့်ပြီး ရှုံ့မဲ့၊ ရှုံ့မဲ့လုပ်ကာ တစ်ဖက်သို့ လှည့်သွားသည်။

''ဘာလဲ...မစားဘူးလား...အလကားကောင် မစားရင်





နေပေါ့...အလကား နာမည်က ဘက်ခမ်းတဲ့ ရုပ်ကလည်းဆိုးပါ့။ ဟိုဘောလုံးသမား ဒေးဗစ်ဘက်ခမ်းနဲ့များ တခြားစီပဲ...ဟိုကသိရင် အိမ်သာခုနစ်ရက်လောက် မတက်နိုင်ဘဲနေလိမ့်ဦးမယ်...''

ခွေးရုခွေးနှင့် ဖက်ပြိုးရန်ဖြစ်သော စာဥပါ။

ဒီနေ့ဈေးဝယ်ဖို့ အလှည့်ကျသူက ရှင်းရှင်းဆိုတော့ စောစော ထကာ ဈေးသွားပြီးအပြန် တစ်ဖက်ခြံသို့ လူသစ်တွေ ပြောင်းလာတာ ကိုသိလိုက်ရသည်။

သူက အချော်လကောက် (အခြောက်)ဆိုတော့ အဆင်လေး တွေကို အရင်မြင်သည်။ ထောင်ထောင်မောင်းမောင်း မြင့်မြင့်မားမားနှင့် ပင်ကီတို့အရွယ် ယောကျ်ားတစ်ယောက် (အံမယ်...တော်တော်ဖြောင့် တာတော့...ယောကျ်ားပီသသလားမမေးနဲ့)...ပြီးတော့ သွားခေါ်ခေါ် မျက်လုံးဖီးကွက်နှင့် ငါးပေမပြည့်သည့် ခွေးပစ်တုတ်လေး တစ်ယောက် ပါသည်။ (ကိုယ်ကျိုးနည်းရုပ်ဆိုးတာ) နောက်တစ်ယောက်က သောတ မြင်ရင် ငမ်းကြောတက်ဦးမည့် ကောင်မလေး... မိုက် သလား မမေးနဲ့... အလန်းလေး...။

ရှင်းရှင်းမှာ ဈေးခြင်းကို ဘေးချပြီး အိမ်ထဲမဝင်နိုင်သေး... စပ်စုတာ စပ်စုတာ...။ ပင်ကီ့ကို ပြေးခေါ်ပြန်သည်။

''ပင်ကီရေ...ပင်ကီ မြန်မြန်လာ...ဟိုဘက်အိမ်ကို လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလာပြီ…"

"ဘာလဲ ရှင်းရှင်းရယ်…ငါဒီမှာ Snow Queen ကြည့်နေတာ ရင်ထဲမယ် နင့်နေတာပဲဟယ်…ဟန်ထေဝူးလေးကို သနားလွန်းလို့…"

"ပင်ကီ…အဲဒီဟန်ထေဝူးက ပင်ကီ့ကို ကြိုက်မှာမဟုတ်ဘူး…ဟိုမှာ အခုပြောင်းလာတဲ့အထဲမှာ အစ်ကိုကြီး ချောချောတစ်ယောက်ပါတယ်…မြန်မြန်လာ…ရှင်းပြမယ်…"

ပင်ကီ မြင်လိုက်ရသည်က မှင်စာကလေးပါ…။ အသက်ကတော့ကြီးပါပြီ။

"ဟဲ့…နင်ပြောတော့…ချောတယ်ဆို…ထွီး အဲဒါကြီးလား"

"ဟာ…သူမဟုတ်ပါဘူး…ဟောဟိုမှာထွက်လာပြီ…တွေ့လား…အရပ်မြင့်မြင့်နဲ့လေ…"

တွေ့ပါသည်။ အဝေးကြီးကနေတောင်မှ ထင်းနေအောင်တွေ့ရပါသည်။ ပင်ကီ heart ထိသွားသည်။ အတော်ဖြောင့်တာပဲ…ထိုသူက ပင်ကီတို့ဖက်ကို လှမ်းကြည့်သည်။ ပင်ကီ့ကိုမြင်သွားပြီး တစ်ချက်ငေးကနဲ ဖြစ်သွားသည်။ ဘယ်ရမလဲ ရှယ်လီပင်ကီပဲဥစ္စာ Gym သွားရကျိုးနပ်ပြီ…

"ပင်ကီ… ဘယ်လိုလဲ… ဟိုကောင်မလေးကို ကြည့်ပေဦး





သောတနဲ့ မလိုက်ဘူးလား… လန်းတယ်နော်…"

ရှင်းရှင်းက မျက်နှာပြောင်ချော်ချော်ဖြင့်

"ဖူးစာတွေတော့ လူးလာပြီထင်တယ်… အဟိ…"

"ဒူးနဲ့ကာ လိုက်မှာပေါ့ဟဲ့…"

"ကာမနေပါနဲ့ ပင်ကီရယ်…နဂိုကမှ ညနေဈေး ရောက်နေပြီပဲ ဥစ္စာ… ဟိုသီချင်းလိုလေ… ဘာတဲ့ (ရတုန်းယူထားလိုက်… နောက်ကျသွားရင်လေ… အများကြီးနစ်နာနေမယ်… တွေးမနေနဲ့ မှုမနေနဲ့ ယူထားလိုက်)

"ကဲ… တစ်မနက်လုံး စပ်စုနေလိုက်တာ…သွား သောတကို သွားနှိုးချေတော့… ထမင်းကြော်တွေ အေးကုန်ပြီလို့…"

"ဟုတ်…"

ရှင်းရှင်းထွက်သွားတော့မှ ပင်ကီ တစ်ဖက်ခြံသို့ လွတ်လွတ်လပ်လပ် ကြည့်မိသည်။ အားပါး… ဟိုလူ သူမကို လှမ်းရှိုးနေပါလား ရင်ထဲတွင် ဒိန်းဒလိန်းနတ်ဝင်ပူးသလို တုန်လာသည်။ ဘုရား… ဘုရား… ဘာဖြစ်တာပါလိမ့်…ဟို စိုင်းစိုင်းသီချင်းထဲကလို… နှလုံးသားကို ခါတ်လိုက်တာများလား…

အပျိုဖျန်းလေးတစ်ယောက်နှယ် ရှက်ပြုံးလေးဖြင့် တစ်ကိုယ်လုံး ဖိန်းရှိန်းကာ အိမ်ထဲသို့ အပြေးလေးဝင်လာမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ထက်ဝယ် ဖင်ပြန် ခေါင်းပြန်အိပ်နေသော သောတကို ရှင်းရှင်းက အတင်းလှုပ်နှိုးရင်း –

"သောတရေ… နင်နိုးနေတာ ငါသိတယ်နော်… နှပ်မနေနဲ့ ထတော့… ဟိုဘက်ခြံကို ပြောင်းလာတဲ့ ကောင်မလေးက အမိုက်စား လေးဟဲ့… နတ်မိမယ်လေးကျနေတာပဲ သိလား…"

"ဘာလဲကွာ… ဒီမှာကောင်းကောင်းကို မအိပ်ရဘူး… နင့် နတ်မိမယ် ပင်ကိုကိုသွားပေး… သူလိမ်းမှာပေါ့ ငါ့လာပေးလို့ ဘာလုပ်ရမှာလဲ…"

"ဟာ အိပ်ချင်မူးတူးနဲ့ ဘာတွေလာပြောနေတာလဲ… သနပ် ခါးပြောတာမဟုတ်ဘူး… လူကိုပြောနေတာ…"

"ဟင်…လုလား…"

"လုမှလု…မေ့လို့ ခုနက နင့်ငါ့ကို ဟောက်ဆာဂျင် လုပ် ထားတယ်လေ…ဘာလို့ ပြောရမှာလဲ"

"အေးပါ…ဒီလောက်ဆို ငါသဘောပေါက်ပြီ… နင်ပြောသ လို လှမလှ ထကြည့်လိုက်ဦးမယ်… Thank you my gay…"

"ကြည့်စမ်း…ကြည့်စမ်း…သေချင်းဆိုးလေး…"





သောတသည် လှေကားပေါ်မှ သီချင်းလေး တစ်ပုဒ်ကိုဆိုရင်း ဆင်းလာသည်။ ဒီသီချင်းလေးက သူစိတ်လိုလက်ရရှိတိုင်း ဆိုနေကြ လေ…

"တစ်ဆယ်ကိုလေးနှင့် မြှောက်တယ်… ကျွန်မ ကျွန်မ တို့အရွယ်… သုံးဆယ်ကို ကိုးနှစ်စွန်းတယ် ကျွန်မ…ကျွန်မတို့အရွယ် အပျိုဖြန်းဆိုလား… အပျိုကြီးဆိုလား ဆန်းဆန်းပြားပြား ခေါ်ကြ ဖြန်တယ်…"

ရင်တဖိုဖိုရှိနေသော ပင်ကိုအတွက်တော့ သောတ၏ သီချင်း သည် ဘယ်လိုမှ နားဝင်ချိုစရာ ဖြစ်မလာခဲ့ပါ။ ဘုတော်မောင်က ထိုသီချင်းကိုဆိုတိုင်း ဒေါသတွေအလိပ်လိုက် ထွက်ရသည်။ အေးလေ ခင်းက သိမှမသိသေးတာ…ဖူးစာရှင်က အိမ်ဘေးရောက်နေပြီဟဲ့ လို့သာ ပြောလိုက်ချင်တော့သည်။

ခြံထဲတွင် သောတတစ်ယောက် walking exercise လုပ်နေ သည်။ မျက်လုံးတွေက တစ်ဖက်ခြံထဲသို့ ကြည့်ရင်း အလုပ်ရနေသည်။ သူမြင်ချင်နေသော ကောင်မလေးကို အရိပ်အယောင်တောင် မတွေ့ရ သေးပါ…။

ထိုအချိန်တွင် တစ်ဖက်ခြံထဲမှ အင်မတန့် အင်မတန်မှ ရုပ်ဆိုးပြီး ကြည့်ချင်စဖွယ်မရှိသော လူတစ်ယောက် ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက သောတကို မြင်သွားပြီး အိမ်ထဲမှ တစ်ယောက်ကို လှမ်းခေါ်သည်။ အမယ်...ဒီဘဲကျတော့ ဖြောင့်သား... ပြီးတော့ တိုးတိုး... တိုးတိုးဖြင့် ဘာတွေ မှာနေသလဲမသိ...။

ပြီးနောက် ထိုအရပ်ဆိုးသောသူနှင့် ဖြောင့်သောသူတို့ ကားဖြင့် အပြင်ထွက်သွားကြသည်။ ကောင်မလေးက အိမ်ထဲတွင် သေချာပေါက်ရှိရမည်။ အိမ်တံခါးကိုတော့ အတွင်းမှ သော့ခတ်ထားလေသည်။ ဒီလူတွေနှင့် ကောင်မလေးက ဘယ်လိုပတ်သက်တာ လဲ...

ရှင်းရှင်းက သူ့ပခုံးကို ဖတ်ခနဲ လှမ်းရိုက်ရင်း

"ဟဲ့...တွေ့ပြီးပြီလား..."

"မတွေ့ပါဘူးကွာ...ဟို ဘဲကြီးတွေက အိမ်သော့ခတ်ပြီး လိမ့်သွားကြပြီ..."

"ဘာလဲ...နင် သိပ်တွေ့ချင်နေပြီ မဟုတ်လား..."

"အမယ်... မတွေ့ချင်ပါဘူး... ဘာလို့တွေ့ချင်ရမှာလဲ..."

"ဒါဆို နင်ခြံထဲမှာဘာတွေ ကုန်းကုန်းပြီး ချောင်းနေတာ လဲ..."

"ပတ်ဝန်းကျင် စူးစမ်းလေ့လာမှု လုပ်နေတာ..."

ငါသိပါတယ် ဟူသော မျက်နှာပေးဖြင့် ရှင်းရှင်းက ပြုံးသည်။ သောတမှာ ရှင်းရှင်း၏ ထိုမျက်နှာပေးကို ဆောင့်ကန်ချင်စိတ် အလွန်





ပေါက်၏။

"ရှင်းရှင်း...နင် အဲဒီကောင်မလေးကို သွားမိတ်ဆက်ရဲ သား..."

"အမယ်...ရဲတာပေါ့...အိမ်နီးနားချင်းတွေပဲဥစ္စာ..."

"ငါမယုံဘူး...နင်ဖြီးနေတာ..."

"ဘာကြေးလောင်းမလဲ ... စိမ်လိုက်လေ..."

"နင်ကြိုက်တာ အဝကျွေးမယ်..."

"ကောင်းပြီ...ရှင်းရှင်းတို့က ဒါမျိုးကိုစောင့်နေတာ ..."

သောတကလူပါး...။ ကောင်မလေးကို သူတွေ့ချင်သဖြင့် ရှင်းရှင်းကို မြှောက်ပေးလိုက်သည်။ ဟိုအခြောက်ကလည်း ကော့တော့ ကော့တော့ဖြင့် ထွက်ချသွား၏။

"ဟား...ဟား...ရှင်းရှင်းတော့ ပါးချခံရပြီး ပြန်လာမှာ မြင်ယောင်သေး..."

ရှင်းရှင်းက တစ်ဖက်ခြံထဲသို့ တန်းပြီး ဝင်ချသွားသည်။ အိမ်ရှေ့ရောက်တော့ ခပ်တည်တည်ဖြင့်

"အိမ်ရှင်တို့ ... အိမ်ရှင်တို့..."

"ဘယ်သူလဲ..."

"ဘေးခြံကပါ..."



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်သံနှင့်အတူ အဓိပ္ပါယ်ရှိစွာ လှပသော ရောင်စဥ်တန်းလေးတစ်ခု တံခါးဝတွင်ပေါ်လာသည်။ သောတ၏ ရင်ခုန်သံတွေက ရိုက်ချက်ပြင်းလာ၏။

"ညီမလေးတို့က ဒီနေ့မှ ပြောင်းလာတာထင်တယ် တို့နာမည်က ရှင်းရှင်းပါ...ဟိုလေ...ဘာများ အကူအညီပေးရဦးမလဲ မသိဘူး..."

"အော်...ကျေးဇူးတင်ပါတယ်... လိုအပ်ရင်ပြောမယ်လေ..."

ရှင်းရှင်းနှင့် ကောင်မလေးမှာ ရယ်လိုက် မောလိုက်ဖြင့် အတော် လေပေးဖြောင့်နေပုံရသည်။ သောတမှာ ကောင်မလေးကို အနီးကပ် ကြည့်ချင်လာသဖြင့် တစ်ဖက်ခြံထဲသို့ လိုက်ဝင်လာသည်။

"ရှင်းရှင်း...ငါ့ကိုလည်း မိတ်ဆက်ပေးဦးလေ..."

"အော်...အေး...သူ့နာမည်က သောတမောင်တဲ့... အီးမေဂျာနဲ့ ဘွဲ့ရပြီးပြီ... သူ့အဒေါ်က ရှယ်လီပင်ကီတဲ့... တို့က သူ့ သူငယ်ချင်းပေါ့... ဒါနဲ့ ညီမ နာမည်ကရော..."

"ရွှေသက်တံ့ပါရှင်..."

အားပါး... အသံလေးက ချစ်စရာကောင်းလိုက်တာ... သံလိုက်ဓါတ်တစ်မျိုးပါသလို ဆွဲဆောင်အား ကောင်းလွန်းလှသည်။





"ဟိုလေ...မတ်တတ်ကြီးတွေ ... အားနာစရာကောင်းလိုက်တာ ...အထဲ ဝင်ပါဦးလား..."

သောတက သက်တံ့ မျက်နှာလေးကို အလွတ်မပေးတမ်း စိုက်ကြည့်ရင်း

"ရတယ်... မဝင်တော့ပါဘူး ... အကူအညီလိုရင် အချိန်မရွေး ပြောနော်...ဒါနဲ့ ခုနက ထွက်သွားတဲ့ နှစ်ယောက်က..."

သက်တံ့ မျက်နှာလေး ခဏငြိမ်ကျသွားသည်။ ပြီးမှ ရယ်သံလေးဖြင့်

"သူတို့က ဘယ်လိုထင်လို့လဲ..."

"သက်တံ့က ဒီလောက်လှတာ ဟိုခပ်ဖြောင့်ဖြောင့် တစ်ယောက်နဲ့ ဘာတော်တာလဲ..."

သောတက မေးတော့ ရှင်းရှင်းက Follow လိုက်၏။

"'ဟုတ်တယ်... ဟုတ်တယ်... ရုပ်ချင်းက ဆင်သလိုလို ဝဲ..."

သက်တံ့က ရယ်သည်။ ရယ်တာမှ ဟက်ဟက်ပက်ပက်ကို ရယ်တာ...

"ဒါဆို... အဲဒီတစ်ယောက်က သက်တံ့ ဦးလေးပေါ့... ခပ်ချောချောလေးလေ... ပြီးတော့ သူက လူပျိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ရစ်သိုးသိုးနဲ့ မှင်စာလေးကကော…"

ရှင်းရှင်းအမေးကို သက်တံ့က ရယ်ပြန်သည်။ တော်တော် အရယ်သန်တဲ့ ကောင်မလေး။ ရယ်တော့လည်း လှတာပါပဲ…။ တကယ်ကို ကြည့်လို့မဝပါ။

"သူလား… အဟိ … သူက ကားဒရိုင်ဘာလေ…"

"ထင်တော့ ထင်သား… သူ့အရပ်လေးနဲ့ ဘယ်လိုလုပ် ကားမောင်းမလဲ … ကြည့်ကျက်လုပ်ဦးနော်…"

"သောတရေ… ရှင်းရှင်း… ဘယ်ရောက်ကုန်ကြပြီလဲ မသိဘူး…"

ပင်ကို့ အသံကြားတော့

"သက်တံ့… ဟိုမှာ တွေ့လား…အဲဒါ တို့အဒေါ်ပဲ… သူလည်း အပျိုကြီးပဲ သိလား… ဘယ်လိုနေလဲ… လန်းတယ်မဟုတ် လား…"

သက်တံ့က ပင်ကို့ကို သေသေချာချာကြည့်ပြီး

"အဲဒီအန်တီက နုလိုက်တာနော်… လှလည်း အရမ်းလှ တာပဲ… ဒါနဲ့များ ဘာလို့ ယောကျ်ားမရတာလဲဟင်…"

"ဖူးစာရှင်နဲ့ မတွေ့သေးလို့ပေါ့ …သနားရင် ရှာပေးလိုက် လေ…"





သက်တံ့နှင့် စကားပြောရတာ ပျော်ဖို့ကောင်းပါသည်။ ဖော်ရွေသည်။ ပွင့်လင်းသည်။ ထိုထက်ပိုတာက သူမသည် ချစ်စရာ အလွန်ကောင်း၏။ သောတ ခြေလှမ်းတွေက ဟိုဖက်ခြံကို ပြန်မလှည့်ချင်တော့ပါ။ ဖြစ်နိုင်လျှင် ဒီခြံထဲမှာပဲ နေလိုက်ချင်တော့သည်။

"သက်တံ့တို့ အိမ်သစ်တက်ပွဲ ဘုန်းကြီးဆွမ်းကပ်မလို့ … ဆေးလေးတို့ စီစဉ်နေကြတယ်… အဲဒီကျရင် တစ်အိမ်လုံး လာခဲ့ကြ နော်…"

"လာမယ်…လာမယ်…စိတ်ချ…သွားပြီနော်…"

မြင်မြင်သမျှ အရာအားလုံး လှပနေသလို ခြေလှမ်းတိုင်းက အဓိပ္ပါယ်ရှိနေသည်။ မမြင်ရတဲ့ အချစ်ဆိုတဲ့ အရာက ဒီလောက်တောင် စွမ်းအားကြီးသတဲ့လား…။



www.burmeseclassic.com

www.burmeseclassic.com



Title - ရွှေတာစုဆောင်း သူ့ရွှေလောင်း

Actor List - ဦးမျိုးမှန်နှင့် ဒရိုင်ဘာ အုံ့မခန်း

P.S - (ဘုန်းကြီးဆို ရွှေတောင်ခေါက်ဆွဲ လှူကျတော့ အထမ်းသည် မုန့်ဟင်းခါးပဲ)





ခြံထဲတွင် ဦးမျိုးမှန်၏ အသံများ ညံစီနေသည်။ သူ့တပည့် "အုံ့မခန်း" ဆိုသူမှာလည်း Calculator တစ်လုံးဖြင့် သူပြောသမျှကို ...လိုက်၊ စာအုပ်ထဲတွင် မှတ်လိုက်၊ ပြန်ဖျက်လိုက်ဖြင့် ဗယာချွှစ်နေ ...သည်။

"ဟော့ကောင်... ရွှေတောင်ခေါက်ဆွဲဆို တစ်ပွဲဘယ်လောက် ...လဲကွ..."

"တစ်ထောင့် တစ်ရာလောက်တော့ ရှိမယ်ဆရာ"

ဒါပါနဲ့ဆို သူစျေးနှုန်းတွေ မေးနေတာ ဆယ်မျိုးလောက်ရှိနေ ...ပြေရတာလည်း မောလှပြီ...။ အုံ့မခန်းဟာ ကိုယ့်ဆရာအ ကြောင်း ...ယ်သိပြီးသား။ တချို့ဆို ရုပ်သာဆိုးတာ... အဆင်းမလှမေ မဲ ...င်းကလှပြီးသား... ဘယ့်နှယ် ကိုယ့်ဆရာကျမှ ရုပ်ကလည်းဆိုး ...... ကပ်စေးကလည်းနှဲသေး...ခုလည်း ကြည့်လေ... ဘုန်းကြီး ...မည့်ဟာတောင်မှ ဈေးတွက် တွက်နေသေးသည်။

ရင်လေးပါတယ် ... နောင်ဘဝအတွက် ပြောတာပါ... ...လောက်သဒ္ဒါတရား ထက်သန်ပြီး ရက်ရောနေမှတော့ နောက်ဘဝ ...ကျ်ရုပ်ဆိုးဖို့ပဲ ရှိတော့မှာပေါ့...။ ခုလည်း ဆရာမို့လို့ အရဲစွန့်ပြီး ကြည့်နေရတာ... ဘယ်လို ကြည့်ကြည့် တစ်စက်ကလေးမှ ကြည့် ...ပျော်မရှိ... သားသား ကြောက်ကြောက် ပါပဲ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

သက်ပြင်းချသံအဆုံး

"ဒါပဲ ကျွေးလိုက်တော့ကွာ ...ဘုန်းကြီးငါးပါးပင့်ပြီး ရှယ် ... ကျွေးရမယ်... တော်ဝင်နှင်းဆီက ရွှေတောင်ခေါက်ဆွဲ မှာလိုက် ကွာ..."

"ဆရာ... ဘယ်နှပွဲမှာရမလဲခင်ဗျ..."

"ငါးပွဲ လေကွာ..."

"ဗျာ... ဆရာ လူတွေဖိတ်ဦးမယ် မဟုတ်လား"

"မင်းဆရာပါကွာ... ကျန်တဲ့လူတွေအတွက် ငါမနေ့က ... ထားပြီးပြီကွ..."

"ဘာလဲ...ဆရာ... ဘာကျွေးမှာလဲ..."

"ဟိုဘက်လမ်းထိပ်က "အညာသားလေး" မုန့်ဟင်းခါး ... အပွဲသုံးဆယ်တောင်မှာ ထားတာကွ..."

"ခင်ဗျာ"

"မဗျာနဲ့ ကောင်ရေ... မင်းတွက်ကြည့်စမ်း ရွှေတော ... ခေါက်ဆွဲက တစ်ထောင်ကျော်တယ်... ဟို မုန့်ဟင်းခါးက အကြော် ... သုံးရာ ... ဘယ်လောက်ကွာလဲ... ဘာပဲစားစား ပြီးတော့လည် ... ဘာဖြစ်မလဲ မင်းသိသားနဲ့..."



သိတယ်...သိပ်သိတာပေါ့... ဘယ်လိုပဲ ဖုံးဖိထားပစေ ... တွင်းစိတ်က ကပ်စေးနှဲတာကြီးက ပြူထွက်လာတာပါပဲလား။

"ဆရာ... အိမ်နီးနားချင်းတွေရော မဖိတ်ဘူးလား... ... သစ်တက်တာဆိုတော့ ဖိတ်သင့်တယ်နော်..."

အံ့မခန်း ဖိတ်စေချင်တာက ဟိုဘက်ခြံက ခပ်ဖြောင့်ဖြောင့် ... သမီးကြီးကိုပါ။ မနေ့က မျက်လုံးချင်းဆုံပြီး နှုတ်ဆုံးသားကို ခါတ်လိုက်ပြီး ... သက်တံ့လေးက ပြောတော့ အပျိုဆိုပဲ...

"မင်း မရှည်နဲ့... ငါမင်းဆရာပါကွ ...သိပြီးသား... ... ဝန်းကျင်အသစ်မှာ မိတ်သစ် ဆွေသစ်တိုးအောင် ခြေရင်းတစ်အိမ်၊ ... ခေါင်းရင်းတစ်အိမ်၊ မျက်နှာချင်းဆိုင် တစ်အိမ်... အားလုံး သုံးအိမ်ကြီး ... တောင် ဖိတ်ရမယ်..."

"ဗျာ...များနေပါဦးမယ် ဆရာရယ်..."

"များများကွာ ဒီတစ်ခါတော့ ရက်ရက်ရောရောကို ကျွေးရ ... ယ်...အေး... တစ်ခုတော့ ရှိတယ်... အခု ဖိတ်မဲ့အိမ်တွေထဲမှာ ... တူမနဲ့ ရွယ်တူ ကောင်လေးတွေရှိရင် ငါ့ဆီသတင်းပို့... ကြားလား ... အဲဒါ အနီးကပ်ရန်သူ ဖြစ်လာနိုင်တယ်... ငါပြောတာ သဘော ... ပေါက်လား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့..."

"ဒါဆို သွားတော့... တစ်ခုမှမလွဲချော်စေနဲ့..."

အုံ့မခန်း ဦးမျိုးမှန်ဆီမှာ အလုပ်လုပ်ခဲ့တာ သက်တံ့ ငယ်ငေ
လေးကတည်းက...။

သူ့ဘဝက တစ်မျိုး... ရုပ်ရည်ကလေး သန့်ပြန့်ချောမွေ့ေ
ပေမဲ့ ပိုက်ဆံက မရှိပြန်...။ ငယ်ငယ်ကဆို ဘုန်းကြီးကျောင်းမှ
ကပ်နေခဲ့ရသည်။ ပညာမစုံတော့ လောက်လောက်လားလား အလု
တစ်ခုရရန် မလွယ်သောအခါ ဘုန်းဘုန်းက သူ့ကို ကားမောင်းသင်ခိုင်
ပြီး ဘဝကို စနိုင်းခဲ့သည်။

ဦးမျိုးမှန်က ဘုန်းဘုန်း၏ ဒါယိကာ တစ်ဦးဖြစ်ပြီး စာရိ
ကောင်းမွန်သော အုံ့မခန်းကို ခေါ်ယူကာ အလုပ်ပေးခဲ့သည်။ ယခု
သူ့အသက်ပင် သုံးဆယ့်ရှစ်နှစ်ရှိခဲ့ပြီ...။

အုံ့မခန်းက သူ့ကိုယ်သူ ဟိုင်းနေပြီမှန်းသိသည်။ သို့သေ
သူ့ထက်သူ့ဆရာက ပို၍ ဟိုင်းချေသည်။ ဦးမျိုးမှန်အသက်
လေးဆယ့်ခြောက်နှစ်လေ... နှားအိုတွေဆိုတော့ မြက်နုလေးတွေ
ကြိုက်ချင်တာပေါ့... ခက်တာက မိန်းမသာဆို စျေးလျှော့ပြ
ရောင်းရမည့်အရွယ်မှာ သူ့ဆရာ လူပျိုကြီးကိုကျ ဘယ်စျေးနဲ့ချ





ရောင်းရမှာလဲ...။

20% လား 30% လား...ဘယ်လောက်ပဲ discount
ချရောင်းရောင်း စွံမှာမှ မဟုတ်တာ...အလကားပေးရင်တောင်မှ
ယူချင်ကြမှာ မဟုတ်။

အုံ့မခန်း တွေ့ချင်တာက ဟိုဘက်ခြံမှ သူဌေးမဖြစ်သည်။
သူမကို တွေ့ပြီးကတည်းက အချိန်တိုင်း မြင်ချင်နေသည်။ အဲဒါကို
ဖူးစာလို့ပြောလို့ ရပါမည်လား...

ဘာပဲဖြစ်ဖြစ် ထိုမိန်းမကို သူတွေ့ကိုတွေ့ချင်နေပါသည်။
ဒီလိုကျတော့လည်း ဆရာ့ကို ကျေးဇူးတင်ပြီး ကန်တော့ချင်စိတ်တွေ
တဖွားဖွား ဖြစ်ပေါ်လာရသည်။

ဆရာသာ ဒီခြံနှင့်တိုက်ကို မဝယ်ခဲ့လျှင် သူလည်း ဖိုးအပျို
ကြီးမမနှင့် တွေ့ဖို့လမ်းမမြင်ပါ။

အားတော့ ငယ်ရပါသည်။ သူ့အခြေအနေနှင့် ဘယ်လို
ဖြစ်နိုင်မှာလဲ... သူဌေးမက သူ့လို ဒရိုင်ဘာကို စိတ်ဝင်စားပါ့မ
လား... ဆက်မတွေးရဲတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



Title - ကျိုးမနိုးပွဲ

Actor List - ရပ်ကွက်ထဲရှိ ကာလသား လူငယ်များ

P.S - (ကျိုးသာမနိုးတာ... လူတွေကျ မဟုတ်တာလုပ်ဖို့ နိုးနေကြပြီးသား)





ရပ်ကွက်ထဲမှ နောက်တီးနောက်တောက် ကောင်လေးတွေ အစ်အုပ်ပြီး တစ်အုပ် သူတို့စုရပ်ဆီသို့ ရောက်လာကြသည်။ ခေါင်းဆောင်က ကိုအာလူးကြီးဖြစ်၏။

လေတွေကို ဖောဖောသီသီသုံးကာ အာလူးဖုတ်လွန်းသဖြင့် အမည်ရင်းတိုးဝင်းပျောက်ကာ အာလူးဖြစ်သွားရတဲ့ဘဝ။ အခု အဲဒီအာလူးကိုမှ ဆရာတင်ပြီး ဆော့ကြဦးမည်။ ဒီပြင်နေရာသာ သုံးစားလို့မရတာ... ဒီလိုမဟုတ်ကဟုတ်က အကြံဉာဏ်ဆိုသူ့ ဦးနှောက်ကထွက်မှထွက်။

"ဟေ့ကောင်တွေ ငါပြောမယ် အခု ငါတို့ အုပ်စု သုံးစုခွဲမယ် ပြီးတော့ အုပ်စုတစ်က ဟိုတက်လမ်းကို သွားရမယ် ဘာဆက်လုပ်ရမလဲဆိုတာ ငါညွှန်ကြားမယ်"

အုပ်စုတစ်မှာ စုစုပေါင်း ငါးယောက်ပါသည်။ ကိုအာလူးက

"ရှော့ ဒီမှာ ဆေးဘူး... ဟို မလိခ အမျိုးသမီး ဘော်ဒါဆောင်ကို သိတယ်မဟုတ်လား၊ အေး အဲဒီဆိုင်းဘုတ်မှာ မီးကိုဖျက်ပြီး ရေးချနဲ့ ဝစွနှစ်လုံးပေါက် ထည့်ပေးလိုက်ရင် ဘာဖြစ်သွားမလဲ... ပေါက်တယ်နော်"

"ပေါက်တယ်၊ ပေါက်တယ် ခင်ဗျား သိပ်တော်တယ်ဗျ ဟား... ဟား မလိခအမျိုးသား ဘော်ဒါဆောင်ဆိုပြီး ကောင်လေး တွေလာများအပ်လို့ကတော့ ဟို ပိုင်ရှင်အဘွားကြီးနဲ့တွေ့ပြီး ထွက်ပြေး ရမှာမြင်ယောင်သေး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအဆောင်ပိုင်ရှင် အဘွားကြီးက တအားစွာသည်။ ပိဿာလေးဘေးပစ် သိပ်ပြောတတ်သည်။ သူတို့လက်ဆော့တာကိုသာ သိသွားလျှင် ကလော်တုတ်မှာသေချာ၏။

"အုပ်စုနှစ်က လမ်းမကြီးပေါ် သွားရမယ် ဘာလုပ်ရမလဲဆိုတော့ ဟိုလူပျိုကြီး ကိုသန်းရဲ့ "သန်း...ကျားဆံသ" ဆိုတဲ့ ဆိုင်းဘုတ်နဲ့ မမိရဲ့ "လှသရဖူ အမျိုးသမီး သီးသန့်" ဆိုင်းဘုတ်ချင်း သွားလဲလိုက်ရုံပဲ... အိုကေလား..."

"နက်ဖြန် ကိုသန်းကြီး ဖုနေတဲ့ပုံကို သူ့ဆိုင်ရှေ့ လက်ဖက်ရည်ဆိုင်ကနေ စိမ်ပြေနပြေသွား ထိုင်ကြည့်ရအောင်ဗျာ..."

'မ'ဆို ကြောက်လွန်းလို့ ကျားသီးသန့်သာ ဆံပင်ညှပ်ပေးသော ကိုသန်းနှင့် 'လင်'ဆို လင်ဗန်းတောင် မရွက်ချင်သူ မမိကလည်း အမျိုးသမီး သီးသန့်ဟု ကြွေးကြော်ထားလေတော့ ဆိုင်းဘုတ်ချင်းသာ လဲလိုက်လို့ကတော့ ပွဲသိမ်းပြီ...

"ဒါဆို ကျွန်တော်တို့ အုပ်စုသုံးက ဘာလုပ်ရမှာလဲ ကိုအာလူးရဲ့ ညွှန်ကြားရေးမှူးလုပ်ပါဦး"

"အခု ဒီလမ်းထဲမှာ ဘာတွေထူးခြားနေသလဲ မင်းတို့ သိကြရဲ့လား..."

"သိတယ်... သိပ်သိတာပေါ့... ခြံနံပါတ်(34)ကို အသစ်တွေပြောင်းလာတယ် နတ်သမီးလေးတစ်ပါး ပါလာလို့ သွားရျောင်းပြီး ပြီ..."





ကိုအာလူးက သန်းထွန်းဖော်၏ ခေါင်းကို ပိတ်ထုပစ်ရင်း

"ဒါပဲသိမှာပေါ့ မင်းက ဘူး ပဲဥစ္စာ ငါပြောတာက ဒီမနက် သူတို့ အလှူလုပ်မှာကွ တစ်လမ်းတည်းနေတဲ့ မင်းတို့ ငါတို့ကိုလာ ဖိတ်လို့လား"

"မဖိတ်ဘူး"

"အေး အဲဒီအတွက် တစ်ခုခုတော့ ချီးမြှင့်ရမယ်ကွ အဲဒီခြံနံပါတ်နဲ့ ဘေးခြံက ဒေါ်ပင်ကီတို့နံပါတ်ကို ပြောင်းပေးလိုက်မယ်ကွာ... ဘာတွေ ဆက်ဖြစ်ဦးမလဲ... တွေးကြည့်လိုက်စမ်းပါ တပည့်တို့..."

ကိုအာလူး အကြံအစည်မှန်သမျှကို အောင့်သက်သက်ဖြင့် သူ့တပည့်ဖြစ်နေရသူ အပေါင်းက အထမြောက်အောင် ဆောင်ရွက်ပေးကြသည်။ မနက်ကျရင် ဘာတွေဖြစ်ပြီး ဘာဆက်ကြားရဦးမလဲ မသိပါ။ အဲဒါကလည်း ရင်ခုန်ရခြင်းတစ်မျိုး မဟုတ်ပါလား။

တန်ဆောင်မုန်းလဆိုတာ နှစ်တွေပြောင်းသွားတိုင်း ရောက်လာဦးမှာပဲ၊ ရောက်လာတိုင်းလည်း လူတွေက ကျီးမန်းပွဲကို တစ်နှစ်နှင့်တစ်နှစ် မတူအောင်၊ မရိုးရအောင် ဆင်နွဲနေကြဦးမှာ အသေအချာပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



Title - မပင့်ဘဲနှင့် ကြွလာသည့် ဘုန်းကြီးများ

Actor list - ဘုန်းတော်ကြီးများ၊ ပင်ကီတို့ အိမ်သားများနှင့် အွံ့မခန်း

P.S - (ငါတို့ကိုလာပင့်တာ ခြံနံပါတ် ၃၄ ဒီခြံပဲ... ဒီခြံပဲ...)





ဆောင်းဝင်စ အရုဏ်ဦးက အေးစိမ့်စိမ့်လေးဖြင့်နေ၍ အလွန်ကောင်းသည်။ စောစောစီးစီး Gym သွားဖို့ မှန်တင်ခုံရှေ့ရောက်နေသူက ပင်ကီ။ သူနိုးပြီဆိုတာနှင့် တစ်အိမ်လုံး ဘယ်သူမှမနေရ... အားလုံးကို နိုးပြီး အကွက်စေ့နေအောင် နိုင်းတော့သည်။

"စာဥရေ နင့် အိုပါးကို သွားနိုးဦး ငါသွားတော့မယ် အဆင်သင့်လုပ်ထားလို့..."

စာဥက နှဲ့သီးနှဲ့သီးလောက်တော့ အတွန့်တက်ရမှ ကျေနပ်သူ။

"အိုပါး အိပ်နေတာ သနားပါတယ် မမကလည်း နေ့တိုင်းနိုးနေတာပဲ သူ့ခမျာအိပ်ရေးကို ဝတယ်မရှိဘူး"

"နင့် အပူလား... ပြောထားရဲ့သားနဲ့ လျှာကရှည်ပြန်ပြီ"

"လျှာကရှည်လက်စနဲ့ ထပ်ရှည်လိုက်ဦးမယ် မမကလေ ခေတ်အမြင်ကို မရှိဘူး တကယ်... ကြည့်ပါလား အပေါ်က အကွက်ဝတ်မယ်ဆိုပြီး အောက်က ကျော်တော့ အပိုင်းနဲ့ ဝလုံးကွက် ဘယ်လိုမှ ဖက်ရှင်မကျဘူးကွာ ဒါကြောင့်ပဲ အပျိုကြီးဖြစ်နေတာပေါ့...လင်မလိုချင်ဘူးလားဟင်..."

ပင်ကီ့မှာ မနက်ခင်း၌ ကျက်သရေမရှိ ဒေါသထွက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"စာ...ဥ..."

"ကြားပါတယ် မမရဲ့ စာဥ နားမကန်းပါဘူး..."

"သွား...ဆိုရသွား ငါ့ရှေ့ကထွက်သွားစမ်း..."

စာဥက စပ်ဖြဲဖြဲမျက်ခွက်ဖြင့် အခန်းဝအရောက်တွင် ရအောင် အော်ပြောသွားသေးသည်။

"မမက လင်လိုတာ တစ်ပိုင်းကိုသေနေတာများ စာဥ သိတယ်နော်..."

ပင်ကို့လက်ထဲမှ ပေါင်ဒါဗူးက လေထဲမှာ ဝဲပျံလာသည်။ စာဥ ပေါ်မကာ ခုန်ရှောင်ရင်း ထွက်ပြေးသွားသောအခါ ပင်ကီက ပွဲစားမကို လှမ်း၍မေတ္တာတွေ ပို့တော့သည်။

တစ်ရာမှာ တစ်ယောက် မရှိနိုင်သော အိမ်ဖော်ကို တွေ့အောင်ရှာပြီး သူ့အိမ်အရောက် ပို့ပေးခဲ့သဖြင့် သွားလေရာ ကားဘီးပေါက်ပါ စေဟု စိတ်ကောင်းလေးမွေးကာ ဆုတောင်းပေးရှာသည်။

ခြံထဲတွင် တံမြက်စည်းလှဲနေသော ရှင်းရှင်းသည် ခြံဝတွင် ဦးပြည်းပြောင်ပြောင်နှင့် သင်္ကန်းရောင်တွေကို တွေ့သောအခါ အံ့ဩသလို ငေးကြည့်ပြီး စပ်စုဖို့ သူ့ခြေထောက်တွေက ခြံဝသို့ Auto ရွေ့





...ကြသည်။

ရှေ့ဆုံးမှ ဘုန်းကြီးတစ်ပါးက ဟုတ်ပါတယ် ဒီခြံပဲ နံပါတ် ...ည့်မှန်နေတာပဲ ကြည့်ပါလား ခြံတံခါးတောင်မှ ဖွင့်ထားသေးတာဆို ...း ပြောပြောဆိုဆိုနှင့်ပင် ခြံထဲသို့ တန်းစီပြီး ကြွလာကြသည်။

အမှန်က ခြံတံခါးကို ပင်ကီတို့ထွက်ဖို့အတွက် ဖွင့်ထားခြင်း ...ဖြစ်လေ၏။ ရှင်းရှင်းမှာ အိမ်ထဲသို့ အမြန်ပြေးဝင်ရင်း

"ပင်ကီရေ... ပင်ကီ... ဘုန်းကြီးတွေ ကြွလာပြီ... ...င်ကီ သွားပင့်ထားတာလား..."

"မပင့်ပါဘူး ဒါဆို ဘယ်လိုလုပ်ကြမလဲ ဒုက္ခပါပဲ ဘာမှလည်း ...ဆွမ်းစရာမရှိဘူး။ ရှင်းရှင်းရေ ကြံစမ်းပါဦး ဟယ်..."

စာဥမှာ မေ့တတ်လွန်းသော သူ့အဖြစ်ကို ယခုမှပင် အပြစ် ...ောင်မိတော့သည်။ မနေ့က ဟိုဘက်ခြံက ကိုးရီးယားမင်းသမီးလေးက ...သချာလာဖိတ်ထားသည်။ အဲဒီတုန်းက အိမ်မှာ ဘယ်သူမှမရှိ။ ...င်ကီတို့ ပြန်လာတော့ စာဥက ကိုးရီးယားကားထဲ ရှာန်ဝင်နေ၍ ...ပြောပြမိ။ အလှူလုပ်မှာက သူတို့အိမ်ပဲဥစ္စာ။ ဘုန်းကြီးတွေက စာဥတို့ ...အိမ်ထဲကို ဘာလို့ကြွလာကြသလဲ စာဥနားမလည်နိုင်တော့။ကေန္တ ...ချင်းမှားဝင်လာပြီနဲ့ တူတယ်။ ဒါဆို ဟိုခြံထဲမှာတော့ ကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အဆင်သင့်ရှိမှာပဲ။ ကြစမ်းစာဥရေ... ကြစမ်း...။

ပင်ကီနှင့် ရှင်းရှင်းမှာ ဘုန်းတော်ကြီးများအား နေရာထိုင်ခင်း ပေးပြီး တရားနာရန် ပြင်နေရသည်။ ပင်ကီနှင့် စာဥက တိုးတိုး တိုးတိုးဖြင့်

"စာဥရေ၊ တရားနာပြီးရင် ဘာကျွေးရမလဲဟင် ကြစမ်းပါဦး ဟဲ့၊ ဒီအချိန်ကြီး ဘယ်မှာသွားဝယ်ရမလဲ၊ အရေးဆို သောတတို့က အားကိုမကိုးရဘူး၊ သူ့သွားနိုးစမ်းသွား ကားနဲ့သွားဝယ်ခိုင်းရမယ်..."

"မမရယ် တရားသာဖြောင့်အောင် သွားနာစမ်းပါ ဟော မပင့်ဘဲနဲ့တောင် ဘုန်းကြီးက ကြွလာတာ ကုသိုလ်ထူးလို့ပေါ့၊ အဲဒ် အလကားရတဲ့ ကုသိုလ်လို့ခေါ်တယ်၊ ကျန်တာ စာဥ တာဝန်ထား ဟုတ်ပြီလား..."

"နင်နော် အပြောနဲ့အလုပ် ညီပစေ နင့်ကိုပဲ ငါကအကြောက် ဆုံး"

"ပင်ကီရေ... တရားနာကြမယ်"

ရှင်းရှင်းအော်ခေါ်သဖြင့် ပင်ကီက ခပ်သုတ်သုတ်ဖြင့် ထွက် သွားရှာသည်။

စာဥတစ်ယောက် ခြံဝထွက်ပြီး တမျှော်တည်းမျှော်နေသည်။

...တ်ခြံ တံခါးလည်း ဖွင့်ထားပြီးပြီ။

ထိုစဉ် ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားသော အထမ်း ...ည် တစ်ယောက်လျှောက်လာတာ မြင်လိုက်ရသည်။

ဘုရားမတာပါပဲ...။ အပြင်ထွက်ဝယ်စရာမလိုတော့။ မုန့် ...ခါးသည်ဆိုတော့ အဆင်ပြေတာပေါ့။ အမယ် သူကလည်း ...တို့ခြံထဲကိုပဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ဝင်လာတာ ဆရာ။

"ညီမရေ၊ နည်းနည်းနောက်ကျသွားတယ်၊ ဒီမှာ အားလုံး ...ဆင်သင့်ပဲ၊ ထားခဲ့မယ်နော်၊ အစ်ကို နွေခင်းကျမှ ပြန်လာသိမ်း ...မယ်"

"ပိုက်ဆံ မယူတော့ဘူးလား"

အရေးထဲ မစာဥက သနားစိတ်လေးယိုဖိတ်ပြီး လောကွတ် ...နေပြန်ပြီ။

"ရှင်းပြီးသားလေ၊ လာမှာကတည်းက"

"အဟီး... ပို့မဲ့ပို့ အိမ်ထဲသာ ရောက်အောင်ပို့ပေးပါလား"

အားလုံး အိုကေသွားပြီ။ စာဥတစ်ယောက် ကော်ဖီဖျော်ပြီး ...ပွဲပြင်နေချိန်တွင် ဘုန်းကြီးတွေ တရားဆုံးသွားပြီဖြစ်သည်။ ...ကျ အမျှအတမ်းဝေပြီးတော့ ရှင်းရှင်းက အဆင်မှပြေပါ့မလား



ဆောင်းညပြာသို စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကသော ကမျော ဆင်းချလာသည်။ မုန့်ဟင်းခါးဟင်းရည် လေး... အန့်လေး တသင်းသင်းဖြင့် မွှေးကြိုင်နေသလို အကြော်လေး တွေ... ရှုရှလေး။ ဘဲဥတွေကို စိပ်ပြီး ပန်းကန်ထဲမှာ လှအောင်ပြင် ထားသည်... မုန့်ဖတ်တွေက တစ်ပန်းကန်၊ ငရုပ်သီးမှုန့်၊ နံနံပင်၊ သံပုရာသီး အားလုံး အစုံအလင် ပြင်ဆင်ပြီးဖြစ်နေသည်။ ရှင်းရှင်း ဒီတစ်ခါတော့ စာဥကို မချီးကျူးဘဲ မနေနိုင်တော့။

"စာဥ တစ်သက်လုံး ချွန်လာသမျှ ဒီတစ်ခါတော့ တော်သွား ပြန်ပြီ"

"ဒီလောက်တော့ မိုင်နာပါ။ သွား စားပွဲခင်းပြီးရင် ဒီဟာတွေ သယ်သွားတော့"

"ဒီ မုန့်ဟင်းခါးတွေ နင်ဘယ်က သွားဝယ်လာတာလဲ"

"ဘယ်ကမှ ဝယ်မလာဘူး၊ သူ့ဟာသူ လာပို့သွားတာ"

ဒီနေရာမှာ ရှင်းရှင်းတို့က ချက်ဆို နားခွက်က မီးတောက်ပြီး သား။ ဘုန်းကြီးကလည်း မပင့်ဘဲနဲ့ ကြွလာတယ်။ မုန့်ဟင်းခါးသည် ကလည်း လာပို့သွားတယ်ဆိုတော့ တစ်ခုခုတော့ လွဲနေပါပြီ။ ညက နေပါဦး ညက ကျီးမနိုးပွဲဆိုတော့ ဟုတ်ပါပြီ။ ဒါ ဟိုကောင်တွေ လက်ချက်ပဲ ဖြစ်မှာ။



ခြံဝ ထွက်ကြည့်တော့ အဖြေကို ရှင်းရှင်းလင်းလင်း သိလိုက် ...ည်။ ဟိုဘက်ခြံနံပါတ် ၃၄ က ဒီဘက်ရောက်နေသလို ဒီဘက်က ...ပါတ် ၃၂ က ဟိုဘက်ကို ရောက်နေပါရောလား။

ရှင်းရှင်းက အမြန်ပြန်ပြောင်းထားလိုက်သည်။ နောက်ဆက် ...ည့်သည်တွေ ထပ်ရောက်လာပါက ပိုပြီး ရှုပ်ကုန်တော့မည်။

"ဟဲ ဟဲ၊ ခုမှပဲ နေရာမှန် ပြန်ရောက်တော့တယ်"

ရှင်းရှင်း ခြံဝမှာ စနည်းနာနေတုန်း ဟိုဘက်ခြံထဲသို့ ...ည့်သည်တွေ ဝင်သွားတာ တွေ့ရသည်။

ခဏနေတော့ ဟိုအရပ်မြင့်မြင့် ခပ်ချောချော အစ်ကိုကြီး ...ယောက် ထွက်လာပြီး ဟိုသည် လှမ်းမျှော်၍ ကြည့်သည်။ ...ရှင်းကို တွေ့တော့

"ညီလေး၊ ဘုန်းကြီးတွေ ကြွလာတာ တွေ့မိလား မသိဘူး"

"တွေ့တယ် သိပ်တွေ့ ကျွန်တော်တို့ ခြံထဲ ကြွလာလို့ ...တောင် နာပြီးပြီ"

"ဟာ... အဲဒါမှ ပြဿနာ၊ အိမ်က အဘိုးကြီးသာ သိရင် ... တွေးတောင် မတွေးရဲတော့ဘူး၊ သူက လူပုသလောက် စိတ်က ...တိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး အဲဒီ ဒရိုင်ဘာများ အရေးလုပ်လို့၊ ညက ကိုမနိုးပဲလေ၊ ဘယ်ကမြင်းမသားတွေ လက်ဆော့သွားလဲ မသိပါ ဘုန်းကျွန်တော်လည်း ခုမှသိရတာ ခြိန်ပါတ်ချင်း လဲထားတာလေ..."

အုံ့မခန်းက တစ်စုံတစ်ခုကို သတိရသွားပြီး

"ဟာ ဒါဆို မုန့်ဟင်းခါးသည်ရော... "

"သူလည်း ဒီခြံထဲပဲ ကြွလာ... ဟာ... မှားကုန်ပြီ ဒီခြံထဲ လာပို့သွားတာ"

"ဒုက္ခပါပဲ ညီလေးရာ၊ ဟိုမှာ ဧည့်သည်တွေ ရောက်နေကြပြီ ဦးမျိုးမှန်ကြီးတော့ ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့ ပျာနေတော့မှာပဲ"

"နို၊ နို၊ ခင်ဗျား ဒရိုင်ဘာကြီးကို ပြောတာလား"

ထိုအချိန်တွင် ဆွမ်းသုံးပြီး၍ ဘုန်းတော်ကြီးများ ကျောင်းပြန်ရန် ကြွလာကြသည်။ အုံ့မခန်းကို မြင်တော့

"မနေ့က လာပင့်တဲ့ ဒကာလေးပါလား ဘာဖြစ်လို့ တရားလာမနာရတာလဲကွ"

အုံ့မခန်းက ယောင်ယောင်မှားမှားဖြင့်

"တင်ပါ့ ဘုရား၊ ဆွမ်းသုံးရတာရော အဆင်ပြေရဲ့လား"

"မုန့်ဟင်းခါးက အစပ်အဟပ်တည့်တော့ တို့ ဘုန်းကြီးတွေ ဘုန်းပေးကြတာ အားရပါးရပဲဟေ့"





ဘုန်းဘုန်းတွေက အားရပါးရ ဘုန်းပေးကြတော့ လူတွေထပြီပေါ့။ အဲလေ ဟုတ်သေးပါဘူး။ မုန့်ဟင်းခါးက လူတွေ ကျွေးမှာတဲ့။ ခု ဘုန်းကြီးကို ကပ်လိုက်ရပြီ။ ဒါဆို ရွှေတောင် ခေါက်ဆွဲက ဘုန်းကြီးကပ်မှာ ခု ဘုန်းကြီးတွေ ပြန်ကြွကုန်ပြီဆိုတော့ လူတွေ ဆွဲလို့ ရပြီပေါ့ ဟန်ကျတာပဲ။

အုံ့မခန်းက သူ့အတွေးနဲ့ သူ ခြံထဲ ပြန်လှည့်ဝင်သွားသည်။ ပင်ကီက သူ့ကို ဝရန်တာမှ လှမ်းရှုံးနေတာ သူမသိပါ။

"နည်းတဲ့ အရပ်ကြီး မဟုတ်ဘူး၊ ကြည့်စမ်း သူ့ ဒရိုင်ဘာနဲ့များ တခြားစီ၊ နှစ်ယောက် ယှဉ်လျှောက်ရင် it အိ(တ်)ပဲ။

ရှင်းရှင်းက ယောကျ်ားချောချော မြင်ရင် ငမ်းကြောက ထချင်သည်။ ဒါပေမယ့် ဒီတစ်ယောက်ကိုတော့ ပင်ကီနှင့် ဖြစ်အောင် လော်ပေးရမည်။ အဲဒီအတွက် သူ့ကို ချွင်းချက်ထားပြီး လွှတ်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| Title | - | တပတ်စာ Menu |
| Actor List | - | ဦးမျိုးမွန်၊ သက်တံ့နှင့် ရှင်းရှင်း |
| P.S | - | (ဘယ် Hotel မှာမှ မရနိုင်သည့် အသစ်စက်စက် Menu ကြက်ငါးဟင်း) |





သူ့ အလုပ်စားပွဲ၌ သူ့ အလုပ်နှင့်သူ ရှုပ်နေသော ဦးမျိုးမွန်မှာ တူမဖြစ်သူ၏ အသံကြောင့် အာရုံတွေ နောက်ကျိသွားသည်။

"လေးလေး ဈေးဖိုးပေး"

"ဟ၊ လွန်ခဲ့တဲ့ သုံးရက်ကမှ ဈေးဖိုးပေးထားတာ ကုန်သွားပြီလား"

"ကုန်ပြီ၊ လေးလေးက တစ်သောင်းပဲ ပေးပြီးတော့"

"သက်တံ့နော် အသုံးအစွဲကို ချွေတာမှပေါ့၊ ပိုက်ဆံ တစ်သောင်းဆိုတာ မရှိတဲ့ လူအဖို့ ဘယ်လောက် တန်ဖိုးရှိသလဲ"

"ပြီးရော၊ ပြီးရော ချွေတာမယ်၊ ဒီမှာ တစ်ပတ်စာ Menu ဆွဲထားတယ်... ပိုက်ဆံ နှစ်သောင်းပေး"

"ပြစမ်း"

သက်တံ့ ဆွဲသည့် Menu ကိုကြည့်ပြီး ဦးမျိုးမွန်မှာ သွေးနည်းနည်းပိုတိုးချင်သွားသည်။

| | | |
|---|---|---|
| 1. Monday | - | ပဲကြီးနှပ်၊ ပဲကုလားဟင်း၊ ပဲတီချဉ်သုပ်၊ ပဲပြုတ်ကြော် |
| (တနင်္လာနေ့) | | (ပဲဝမ်းဆက်) |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| 2. Tuesday | - | ကြက်ဥဟင်း၊ ဘဲဥသုပ်၊ ငုံးဥဟင်း[illegible] အင်ဥသုပ်၊ |
| (အင်္ဂါနေ့) | | (ဥဝမ်းဆက်) |
| 3. Wednesday | - | ငါးသလောက်ပေါင်း၊ ငါးကြင်းကြော်[illegible] ငါးနုပ် ဟင်းချို |
| (ဗုဒ္ဓဟူးနေ့) | | (ငါးဝမ်းဆက်) |
| 4. Thursday | - | ကန်စွန်းရွက်ကြော်၊ ဟင်းနုနွယ်ရွက်ကြော်၊ မြင်းခွာရွက်သုပ်၊ |
| (ကြာသပတေးနေ့) | | (အရွက်ဝမ်းဆက်) လေးလေး မွေးရက်[illegible] သက်သတ်လွတ် ချက်ပေးမှာတဲ့။ |
| 5. Friday | - | ပုစွန် မာဆလာချက်၊ ပုစွန်ချဉ်သုပ်၊ ပုစ[illegible] တုံရန်း ဟင်းချို |
| (သောကြာနေ့) | | (ပုစွန် ဝမ်းဆက်) |
| 6. Saturday | - | ကြက်ကုန်းဘောင်၊ ကြက်ချိုချဉ်၊ ကြ[illegible] သားလုံးကြော် |
| (စနေနေ့) | | (ကြက်ဝမ်းဆက်) |





| | | |
|---|---|---|
| 7. Sunday | - | ဝက်ခြေထောက်ပေါင်း၊ ဝက်ပဲငံပြာ၊ ဝက်စင်းကော၊ |
| (တနင်္ဂနွေနေ့) | | (ဝက်ဝမ်းဆက်) |

"ဘုရား၊ ဘုရား မိသက်တဲ့"

ဘုရားတရင်း တူမကို ခေါ်ပြီး

"နင့် ဝမ်းဆက်တွေ စားပြီး ငါတော့ မြန်မြန် လျှောမယ် ထင်တယ်"

"ဟုတ်တယ် မြန်မြန်လျှော အေးရော"

"ဟဲ့၊ ဘာတွေ လာပြောနေတာတုန်း။ ငါ နင့်ဦးလေး အရင်း ခေါက်ခေါက်ကြီးနော်"

"ဟုတ်တယ်လေ၊ လေးလေးက ကိုယ့်တူမဆိုပြီး ဘယ်တုန်းက ပိုပေးဖူးလို့လဲ။ မုန့်ဖိုးဆိုလည်း မဖြစ်စလောက်ပေး ပြီးတော့... ဟိုး state ကျောင်းက ကလေးလောက်တောင် မရဖူးဘူး ဘုရားစူး"

"ဟဲ့ နင်မုန့်ဖိုးမရတာနဲ့ ဘာကိစ္စ ဘုရားစူး ရမှာတုန်း၊ [illegible]"



www.burmeseclassic.com

www.burmeseclassic.com



နှင့် Menu ကို ငါမစားဘူး”

“လေးလေး တကယ် မစားဘူးနော်”

“အေး၊ မစားဘူး”

“အမယ်လေး၊ ပျော်လိုက်တာ၊ ခုမှပဲ လွတ်လပ်ရေးရတော့… တယ်။ တလက်စတည်း ကိုယ့်တူမ shopping ထွက်ဖို့ ငါးသောင်း… လောက် မစပါလား”

“လာပြန်ပြီလား ဒီရှော့ပင် ဟင် နှင့်ကိုယ်နှင့် မင်းသမီးများ… အောက်မေ့နေသလား၊ ဟိုတလောကလေးကမှ ဝယ်ပေးထားတာ… နည်းသလား၊ သွား ဈေးဝယ်ပြီး ဟင်းသွားချက်”

“လေးလေးပဲ မစားဘူးဆို”

“ငါက နှင့်ဝမ်းဆက်တွေကို မစားနိုင်ဘူး ပြောတာ၊ အလှ… သင့်သလို တွဲဖက်ပြီး ချက်ပေါ့၊ နောက်ပြီး ဟင်းကို နှစ်ခွက်ထက် ပိုမချက်နဲ့၊ ငါ့အကြိုက်တစ်မျိုး နှင့်အကြိုက် တစ်မျိုး ချက်ရင် တော်ပြီ… သဘောပေါက်လား”



“ပေါက်တယ် ပေါက်တယ်”

သက်တံ့က သူစိတ်ဆိုးလျှင် ပြုမူနေကျအတိုင်း ထဘီကို မကာ ခြေဆောင့်ပြီး ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သောတက သက်တံ့လေး စားဖို့ဆိုပြီး City Mart ဝင်ကာ တွေ့သမျှ အကုန်ဝယ်ချလာသည်။ ပြီးတော့ သူကိုယ်တိုင် သွားမ ရဲတော့ ရှင်းရှင်းကို အကူအညီတောင်းသည်။ သူဦးလေးနှင့် ဒရိုင်ဘ မရှိတဲ့အချိန် ရှင်းရှင်းက သက်တံ့ဆီ ကူးလာခဲ့သည်။

"သက်တံ့ရေ... သက်တံ့၊ ရှင်းရှင်း လာတယ်"

"လာပြီ"

သက်တံ့က ရှင်းရှင်းကို အိမ်ထဲ ခေါ်ထိုင်သည်။ အိမ်နော ဖေး မီးဖိုချောင်မှ မွှေးကြိုင်သော ဟင်းနံ့က ဖုံးမရ ဖိမရ ထွက်လာ ကြသည်။

"ဟယ်... ဟင်းနံ့လေးက မွှေးနေတာပဲ ဘာဟင်းေ ချက်နေတာလဲ"

"ကြက်ငါးဟင်းလေ... အဟီ"

"အဆန်းပါလား သက်တံ့ရယ်၊ ပြစမ်းပါဦး ကြည့်ရအောင်"

စပ်စု ရှင်းရှင်းက ပြောပြောဆိုဆိုနှင့်ပင် မီးဖိုထဲ ရောက်သွား လေပြီ။ မီးဖိုပေါ်က ဟင်းအိုးကို ကြည့်ပြီး သက်တံ့ လက်ရာ စားချ လှချည်ရဲ့ ဆိုသော သူငယ်ချင်း သောတကို ပြေးခေါ်ပြီးသာ ပြလိုက် ချင်သည်။ ကြည့်စမ်းပါဦး အရပ်ကတို့ရယ်... ကြက်ငါးတဲ့...





ကြက်နှင့် ငါးကိုရောချက်ထားတာ။

"ဟော... ဟင်းကျက်ပြီဆိုရင် ပန်းကန်လုံး နှစ်လုံးကိုယူ စ်လုံးကို ကြက်သားထည့်ပြီး နောက်တစ်လုံးကို ငါးထည့်လိုက်ရုံပဲ သမချင်း မှတ်ထား ကြက်ငါးဟင်းဆိုတာ ဒါပဲ"

"ဟဲ့ ကြက်ဖြင့်ကြက်၊ ငါးဖြင့် ငါးပေါ့ ဟယ်၊ ဘာဖြစ်လို့ မျိုး ရောချက်ထားတာတုန်း... "

"နင်မသိပါဘူးဟာ... ငါ့နည်း ငါ့ဟန်နဲ့ ငါချက်ထားတာ သားလေး ပြန်လာရင် ကြက်တစ်ခွက်၊ ငါးတစ်ခွက် ပြန်ခွဲထားလိုက် င် ပြီးတာပါပဲ... ဒါပဲနော် နင့်ပါးစပ် အာချောင်လို့ကတော့ ငါနဲ့ တွေ့ပဲ... "

"အမယ်လေး ကြောက်ပါတယ် မယ်မင်းကြီးမရယ်"

"အဟုတ် တင်းနေတာနော် ဒီက၊ အလကား လေးလေး သူက ဦးလေး ဆိုပြီး ဖွတ်ရွတ်နိုင်းနေတာပဲ... သူ့ကို ယူမဲ့ မိန်းမ လည်း ဘယ်ညောင်ပင်အောက်မှာ သွား အိပ်ပျော်နေလဲ မသိဘူး"

"အိပ်မပျော်ပါဘူး ရှိပါတယ် ဟိုဘက်အိမ်မှာလေ နင့် လေးလေး ကလည်း လူပျိုကြီး ရှုပါကတော့ ဖြူးတယ်နော်"

"ဖြူးပါဘူး ဘယ်မှာ ဖြူးလို့လဲ ဒီရုပ်ကြီးများ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှ သူ့ ပါးစပ်သူ လက်နှင့် ပိတ်သွား၏။ သူ လိမ်ထားတာတွေ ပေါ်ကုန်တော့မည်။ ဦးအံ့ကို သူဦးလေးဟု ပြောထားပြီး ဦးလေးအရင်းကိုကျ ဒရိုင်ဘာဟု ပြောထားမိသည်။

“နင်က စိတ်ဆိုးနေလို့ပါဟာ... ငါတို့ ပင်ကီကလည်း အပျိုကြီးနော်... လျှော်ပေးလိုက်ရင် မကောင်းဘူးလား”

“ကောင်းသားပဲ၊ ဒါနဲ့ နင့် လက်ထဲက အိတ်တွေက ဘာလုပ်ဖို့လဲ”

“အော် မေ့နေလို့ အဲဒါ နင်စားဖို့တဲ့ သောတက ဝယ်လာပေးတာ”

သက်တံ့ ရင်ထဲတွင် ကြည်နူးခြင်းက လှိုက်ဖိုလာသည်။ သူစိမ်းယောကျ်ားတစ်ယောက်က ဂရုတစိုက်နှင့် စေတနာတွေ ပိုပြ နေတာ သွေးရိုးသားရိုး မဟုတ်နိုင်မှန်း မိန်းမတို့ ပညာစွမ်းဖြင့် သိနေ ပြီးသား။

ဒါပေမယ့် ခုလောက် မြန်မြန်ကြီး ချဉ်းကပ်လာလိမ့်မည်ဟု ထင်မထားခဲ့ပါ။ ဝယ်လာတာကလည်း သူမ အကြိုက်တွေချည်း ဖြစ်နေသည်။ ချောကလက်တို့ ချိစ်တို့ဆို သက်တံ့က သိပ်ကြိုက်တာ။ သူ့ ဦးလေး ကော်တရာနှင့်များ တခြားစီ။

“သောတကို ပြောလိုက်နော်။ ကျေးဇူးတင်ပါတယ်လို့”





“မလိုပါဘူးဟယ်... သူကလေ သိတယ် မဟုတ်လား တ်တံ့ကို တွေ့ပြီးကတည်းက ခါတ်လိုက်နေတာ... ”

“နေဦး ရှင်းရှင်းကို ရွှေရင်အေး တိုက်ရဦးမယ် ဘတ်ငွေနဲ့ ယ်လာတာနော်... ”

သက်တံ့က စကားလွှဲပြီး လျှောက်ပြောနေသည်။

“ဘာလဲ... ဘတ်ငွေဆိုတာ ယိုးဒယားက ဝယ်လာ လား... ”

“ဘယ်ကလာ... လေးလေးဆီက ဘတ်ထားတဲ့ ငွေကို ပြောတာ”

ရွှေရင်အေး သောက်ပြီး ရှင်းရှင်းက သက်တံ့ကို ဆုပေး သည်။

“အခုလို သိတတ်တဲ့ အကျိုးအားကြောင့် အသက်တစ်ရာ နေရပေမဲ့ လင်ကောင်း တစ်ရာတော့ ရပါစေကွယ်... ”

“အစုတ်ပလုတ် ရှင်းရှင်း”



www.burmeseclassic.com

www.burmeseclassic.com



Title - နံပါတ် – ၃၄

Actor List - ခြံနံပါတ် ၃၂ နှင့် ၃၄ ရှိလူများ၊

ခွေးကလေး ဘက်ခမ်း

P.S - (လုပ်ရက်ပါပေ့ ဘက်ခမ်းရယ်)



အဝတ်လျှော်ပြီး ထွက်လာသော စာဥ တစ်ယောက် အဝတ်

ချင်း ဖိုးကာ၏ တစိမ့်စိမ့်ကြည့် သီချင်းကို အာတွေ့သလောက်

ချင်သလို ဆိုနေတော့သည်။

"တစ်နေကုန် ထိုင်ပြီး တစိမ့်စိမ့်ကြည့် နဖူးက ခြေဖျားထိ

အောင်ချစ်တယ်။ မျက်စိထဲ စွဲလွန်းသူရယ်"

အဝတ်တွေကများတော့ အဝတ်လှန်းသော စင်နှင့် မဆန့်

သဖြင့် ပင်ကီ၏ မျက်မှန် (ဘရာဇီယာ) နှစ်ထည်ကို ဝါးလုံး

ပေါ်တွင် လှန်းထားခဲ့သည်။ ခုံနှစ်ခုံပေါ်တင်ပြီး တန်းထားသော

လုံးမှ သိပ်ပြီး မမြင့်ပါ။

အဲဒီမှာ စတွေ့တာပါပဲ။ ဘက်ခမ်းနှင့် ပြောတာပါ။ အဲဒီခွေးက

ကြက်နှင့်စပ်ထားသလား ထင်ရအောင် အဆော့က သန်သည်။ ခုလည်း

ခုကမ်းဖြင့် ဝါးလုံးတန်းပေါ်မှ ဘရာဇီယာကို လှမ်းဆွဲသည်။

ဆွဲမတော်တော့ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်း စွပ်သလို ပင်ကီ့

ဘရာဇီယာက ကြိုးမှာ သူ့ လည်ပင်းတွင် စွပ်လျက် သားဖြစ်နေသည်။

ဒါကို သူက အငြိမ်မနေဘဲ သက်တံ့တို့ အိမ်ဘက်သို့

န်းတန်းမတ်မတ်ကြီးကို ပြေးသွားတော့သည်။

ကုမ္ပဏီသွားရန် အိမ်ထဲမှ ထွက်လာကြသော ဦးမျိုးမှန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အုံ့မခန်းတို့ လူပျိုကြီးနှစ်ယောက်မှာ ဘက်ခမ်းကို ကြည့်ပြီး ပွဲကျ
သည်။

"သက်တံ့ရေ လာပါဦးဟ၊ ဒီမှာ ဘာကြီးဖွပ်လာသလဲ မသိ
မြန်မြန်လာကြည့်ဦးဟ၊ ဘုရား... ဘုရား အမြင်မတော် တ
လုပ်ချလာပြန်ပြီ..."

သက်တံ့က ဘက်ခမ်းကို မြင်တော့

"ဟိုဘက်အိမ်က ခွေးလေးပါလား၊ ချစ်စရာလေးတော့..."

"ဟဲ့... ဟိုမှာလေ... သူ့ လည်ပင်းမှာ ဘာကြီးလဲ"

"ဟောတော့... အဲဒါ ဟိုအပျိုကြီးဟာပဲ ဖြစ်မယ်"

သူတို့ တူဝရီးနှစ်ယောက် စကားကို အခြေအတင်ပြော
တုန်း ဒေါ်ပင်ကီ၏ အသံကိုကြားရ၏။ ဘက်ခမ်း နာမည်ကို တကြော်
ကြော်ခေါ်ရင်း မျက်လုံးက သက်တံ့တို့ အိမ်ဘက်ကို ဝေ့ကြည့်နေသဖြင့်
သက်တံ့က အိမ်ထဲကို တန်းခနဲ ဝင်ပြေးသွားသည်။ ကျန်ခဲ့တဲ့ လူကြီး
နှစ်ယောက်မှာတော့ ဒီဘော်လီနှင့် ဒီခွေးနှင့် ဟိုမိန်းမကို ဘယ်
ရှင်းရပါမည်နည်း။ သူ့တူမလို ထွက်ပြေးပြန်ရင်လည်း လူကြီး သိက္ခာ
ကျဦးမည်။

"ဘက်ခမ်းရေ... သားလေးရေ ပင်ကီ ခေါ်နေတယ်လေ"

ခေါ်လည်းခေါ်၊ အနားလည်း ကပ်လာသော အပျိုကြီးမှာ





... လည်ပင်းမှ သူ့အတွင်းပစ္စည်းကိုလည်းမြင်ရော ဘာမပြော၊
...ပြောဖြင့် လှည့်ကာပြေးတော့သည်။ လေးဆယ်နားနီးနေတဲ့ အပျို
...လေးဆိုတော့ ရှက်သွေးဖြာသွားတာ နေမှာပါ။

"ငါ့နှယ် ရှက်လိုက်တာနော်၊ ရှက်လိုက်တာ၊ ဟိုလူကြီး
(...ခန်း) ကလည်း ငါ့ကိုပြုံးပြပြီး ကြည့်နေတယ်။ သူ့ အကြည့်ကို
...သိတယ်။ ငါ့မျက်နှာ ဘယ်ထားရပါ့၊ အောင်မယ်လေး ရှက်လို့
...တော့မယ်။ တစ်သက်လုံး ငါ့ပစ္စည်း လူမြင်ခံခဲ့တာ မဟုတ်ဘူး...
...ရက်ပါပေ့ ဘက်ခမ်းရယ်"

လူပျိုကြီးနှစ်ယောက်မှာလည်း တဒုက္ခ။ ဘက်ခမ်းက သူ့
...ခင်မဆီ ပြန်မသွားဘဲ သူ့လည်ပင်းမှ ဘရာစီယာကို လူပျိုကြီးအား
...ပေးနေ၏။ အတင်းကာရော ယူစေချင်ဟန်ဖြင့် ခေါင်းလေးဖြင့်
...တ်သပ်ကာ လာနေသဖြင့် အုံ့မခန်းက

"ဟော့ကောင် မင်းအိမ်မင်းပြန်တော့နော်၊ ဟိုမှာ မင်း
...ခင်မက ရှက်တော်မူသွားပြီကွ၊ မနက် စောစောစီးစီး ငါတို့ကို
အတိတ်နိမိတ်တွေ လာပေးမနေနဲ့၊ ငါတို့က လူပျိုကြီးတွေနော်၊
...က်စိရှက်လာပြီ... သွားတော့မယ်... ဟွန်း"

သွားမယ်သာပြောတာ မျက်လုံးက ထိုပစ္စည်းဆီမှ မခွာသေး။
...အောင်ကြည့်နေကြသည်။ ဦးမျိုးမှန်က အုံ့မခန်းအား



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဒါ ခုနက အမျိုးသမီးဟာလား"

"ဟုတ်မယ် ထင်တယ် ဆရာ"

"လန်းတယ်ကွာ... "

"ဗျာ"

အုံ့မခန်းမှာ ဦးမျိုးမှန်ကို ကြည့်၍ စိတ်ပူသွားသည်။ သူ့ရဲ့ ဖူးစာလေးကို သူ့ဆရာ စိတ်ဝင်စားသွားလျှင် ခက်ရချည်ရဲ့။ အဲ... ဟိုခွေးကြောင့်... လာပြီး မြားနတ်မောင် လုပ်ချင်နေတာ။

"သူ့နာမည်က ဘယ်လိုခေါ်လဲကွ"

"ကျွန်တော် မသိဘူး ဆရာ"

သိရက်သားနဲ့ ဘူးခံလိုက်ပါသည်။ သိတယ် မဟုတ်လား... အကြံတူ ရန်သူတဲ့။ ဦးမျိုးမှန် ကားပေါ် လှမ်းတက်ပြီး ကားတံခါး ပိတ်ခါနီး မနေနိုင် မထိုင်နိုင်ဖြင့်

"ဟော့ကောင် size နံပါတ်လေး လှမ်းကြည့်လိုက်ပါဦး"

"ဘာ... ဘာလုပ်မလို့လဲ ဆရာ... "

"မရှည်နဲ့လေ၊ ကြည့်ဆိုကြည့်၊ ဗဟုသုတရတာပေါ့... "

"34 ပါ ဆရာ... "

"အော်... တော်တော်လှမဲ့ အမျိုးသမီးပဲ"

"ခင်ဗျာ... ဆရာက ဘယ်လိုလုပ်သိတာတုန်း"





"ဘယ်လိုသိသိ မင်း အပူမပါဘူး၊ တက်... သွားမယ်"

သွားမယ်ဆိုပြီး သူက ကားမောင်းသူ နေရာမှာ တက်ထိုင်နေသည်။ မှန်ထူနေတော့ ဘာလုပ်လို့ လုပ်မိမှန်း သိပုံမရပါ။ အမယ်... ဟိုဒရိုင်ဘာကလည်း နောက်ခန်းကတက်ကာ သူ့ခွေးချပ်ပြီး လိုက်သွားသည်။

ဒါကိုပဲ သူတူမ မိသက်တံ့က တွေ့သွားသည်။ ဟား... ဟား ရယ်ရတယ်။ ဟိုဘက်က သောတနဲ့ ရှင်းရှင်းကို ဖောက်သည်ချဦးမယ်။ ဒီနှစ်ကောင်က သူတို့ အပိုူကြီးကို ရတဲ့ဈေးနဲ့ ရောင်းချင်နေကြတာလေ။

ရှယ်လီပင်ကီ ကတော့ အုံ့မခန်းကို ကုမ္ပဏီပိုင်ရှင် သူဌေးဆိုသာ တထစ်ချ ယုံကြည်လိုက်ပါတော့သည်။ ခုနတုန်းက သူမ ရှောင်းကြည့်နေတုန်း သူရဲ့ size ကိုမှတ်ပြီး ကားနောက်ခန်းမှာ ထိုင်လိုက်သွားတာကိုး။ အမယ် ဟိုလူစဉ်မမီတဲ့ ဒရိုင်ဘာက ကားတက်မောင်းလို့။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲတွင် ပန်းပင်ရေလောင်းနေသော သောတကို မြင်တော့ သက်တံ့က လှမ်းခေါ်သည်။

"သောတ... "

ဟိုကချက်ချင်းပဲ ရေပိုက်ကို ဘေးချပြီး အပြေးရောက်လာ... ဟုတ်တယ် သူ့ခုနကပဲ သက်တံ့အကြောင်း တွေးနေတာ။ အိမ်ချင်း... ဝေးတော့ ဒီလိုပဲ ခဏ ခဏ သတိရနေတာ။

"သက်တံ့ ဘာပြောမလို့လဲ"

"ရှင်းရှင်းကို ခေါ်ပြီး လာခဲ့လေ၊ သက်တံ့ လက်ဖက်သု... ထားလို့... အိမ်ရှေ့မှာ စကားပြောကြတာပေါ့... "

"လာမယ်... လာမယ်... ခုပဲ လာခဲ့မယ် သိလား၊ အတော်... သက်တံ့ လက်ရာစားချင်နေတာ"

သက်တံ့တို့ ခြံထဲမှာ ကျောက်စားပွဲဝိုင်းလေး တစ်ခုရှိသည်... ထိုင်ခုံလေးတွေက ပတ်ပတ်လည် ဝိုင်းရံထားပြီး ထီးမိုးထားပေးသည်... သက်တံ့က သောတနှင့် ရှင်းရှင်းကို ခုမှ တွေ့ရပေမဲ့ ငယ်ပေါင်း... ကြီးဖော်လို ပေါင်းသင်းဆက်ဆံသဖြင့် အချိန်တိုတိုလေးနှင့် ခင်မင်... တွေ ပိုခဲ့ရသည်။ သောတကတော့ အစောကြီးကတည်းက ခင်မင်... ဆိုတဲ့ အဆင့်ကို သူ့ဘာသာသူ ကျော်ထားပြီးသား။ သူက သက်တံ့... အပိုင်လိုချင်နေသူလေ။



သူတို့ လက်ဖက်သုပ်စားရင်း မနက်က အကြောင်းကို ...ာက်သည်ချကာ ရယ်ပွဲဖွဲ့နေကြသည်။

"ငါလေ ရယ်လိုက်ရတာ အူကိုနာရော သိလား၊ နင်တို့ကို ...မြင်စေချင်လိုက်တာ အဲဒီ မြင်ကွင်းက အရမ်းမိုက်တယ်ဟ၊ သောတရေ ...င့်အဒေါ်ကလေ မီးမီးရှက်ရှက် ဖြစ်သွားတာ တကယ့် ဆယ်ကျော် ...သက်လေးပဲ သိလား"

သောတက ရှက်ရမ်းပြန်ရမ်းသည်။

"အောင်မာ၊ နင့်ဦးလေးကရော ဘာထူးလဲ ငါ့အဒေါ် နံပါတ်များ ...ထ်ထားရသေးတယ်၊ နှာဘူး... "

ရှင်းရှင်းက တစိမ့်စိမ့်တွေးကာ ငါးခူပြုံးလေး ပြုံးရင်း

"မှတ်ထားဆို ပင်ကို မွေးနေ့ကျရင် လက်ဆောင် ဝယ်ပေး ...လို့ နေမှာပေါ့ဟဲ့၊ သိတယ် မဟုတ်လား မိန်းမတွေက သူတို့ အတွင်း ...ရေးကို စိတ်ဝင်စားရင် သိပ်ကျေနပ်ကြတာ"

"အရေးထဲ နင်က တစ်မျိုး"

သောတက ရှင်းရှင်းကို လှမ်းမာန်ရင်း သက်တံ့ကို

"အဲဒီ ဂေါ်မစွံနှစ်ယောက်ကို နေရာချပေးလိုက်ရအောင် ...ဘယ်လိုလဲ သက်တံ့ သဘောတူလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းသားပဲ၊ ဝိုင်းပြီး ဘေးတီးပေးရအောင်ဆေ
နေပါဦး အိမ်မှာ လူပျိုကြီးက နှစ်ယောက်တောင်ရှိတာ ဘယ်သူ
လော့်ပေးရမှာလဲ... နင်တို့ ကြိုက်တဲ့ တစ်ယောက်ရွေးလေ"

"ဟာ သက်တံ့က ဝေးတယ်ကွာ၊ ဟိုခပ်ဖြောင့်ဖြောင့် ဘဲကြီး
ပင်ကီက စိတ်ဝင်စားနေတာ... ဟိုခွေးပစ်တုတ်ဆို စာရင်းထဲတော
ထည့်မှာ မဟုတ်ဘူး၊ သူက အလှ သိပ်ကြိုက်တာ"

"ပြီးရော ပြီးရော ကိုယ့်အကြိုက် ကိုယ့်ရွေးကြတာနော်
နောက်မှ သက်တံ့ကို အပြစ်မပြောကြနဲ့"

"ဟဲ ဟဲ သက်တံ့က သဘောပေါက်လွယ်သားပဲ၊ သူ့
နှစ်ယောက်အတွက် New Generation လိုတာပေါ့၊ ဟုတ်ဘူးလား"

ရှင်းရှင်းက တစခန်းထ၏။

"အဲဒါမှ တကယ့် ပြဿနာ၊ သောတရေ ခုနက နင်ပြောတဲ့
Generation ကိစ္စလေ၊ အဲဒါမဖြစ်နိုင်ဘူး ထင်တယ်နော်၊ စွတ်ရှ
အာမခံမနေနဲ့ဦး နင်ပဲ မျက်နှာပျက်နေရဦးမယ်"

"ဘာဖြစ်လို့လဲဟ၊ နင့်ဟာက အရင်းမရှိ အဖျားမရှိနဲ့"

"နင်ကလေ တူဖြစ်ပြီး ဘာမှ မသိဘူး၊ ဒီနေ့ နင့်အဒေ
နေမကောင်းလို့ သွေးဆေးသောက်နေတာ မတွေ့ဘူးလား"





"အေးလေ အဲဒါက မနက်က သူရှက်ပြီး ရင်တုန်သွားလို့
ဖြစ်မှာပေါ့"

"ဘာမှမသိဘဲနဲ့ အဲဒါ သွေးဆုံးကိုင်နေတာဟဲ့ သိလား"

အတုံးလိုက်၊ အတစ်လိုက် ပြောချလိုက်သော ရှင်းရှင်းကို
သောတက ဝိတ်ထုပစ်၏။

"နင်နော်၊ ဒီလိုကိစ္စမျိုးကို သက်တံ့ရှေ့မှာ ပြောစရာလား
တုံးရဲ့၊ ဝှက်ဖဲလေး တစ်ချပ်တော့ ချန်ထားဦးမှပေါ့၊ ရှင်းရှင်းက
တကယ် မမိုက်ဘူးကွာ"

"ကဲပါဟယ်၊ နင်တို့ပြောတာ ငါ မကြားချင်ယောင်ဆောင်
နေပါ့မယ်... နင့်အဒေါ် လင်ရဖို့ အရေး ငါ့ဦးလေး တစ်ယောက်လုံး
အဆုံးခံလိုက်ဖို့ ဆုံးဖြတ်ပြီးသား၊ ဒီလောက်တော့ ငါ အနစ်နာခံလိုက်
ပါ့မယ်နော်"

"ကျေးဇူးကြီးပါ့ သက်တံ့ရယ်၊ နေ့တိုင်း ဦးသုံးကြိမ်ချပြီး
ကန်တော့ရမဲ့ ပုံပဲ"

"ဒါပေါ့"

"တစ်ခုတော့ ရှိတယ်နော်၊ နင့်ရဲ့ မဟုတ်တရုတ် အကြံ
အစည်တွေထဲမှာ နင့်ဦးလေးပဲသာစေဆိုရင်တော့ ငါနဲ့ အတွေ့ပဲနော်၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တစ်ခါတည်း ပြောထားမယ် ဦးလေးကို ရရင်ရ၊ မရရင်တော့ တူမကို အရ ဆွဲပစ်လိုက်မယ် ဘာမှတ်နေလဲ''

''သောတရေ... ပေါ်တင်ကြီးပါလား''

ရှင်းရှင်းက ရင်ဘတ်ကို လက်နှင့် ဖိရင်း ဝင်ပြော၏။ သက်တံ့က သောတကို

''ကောင်စုတ်၊ နင့်မျက်နှာကို မှန်ရှေ့မှာ တစ်နေ့ ဆယ်ကြိမ်လောက် ကြည့်လိုက်ဦး သိလား၊ ကိုးရိုးယားး မင်းသား Rain နဲ့ တူပြီဆိုမှ ဒီစကားလာပြော သိလား။ ငါက Rain မှ မရရင် ဒီတစ်သက် လင်မယူတော့ဘူးလို့ ဆုံးဖြတ်ပြီးသား''

''အေးပါ၊ အေးပါ Rain က နင့်လို ဘူးသီးခြောက်ကို နေလှမ်းထားတဲ့ ရုပ်ကို အိပ်မက်ထဲတောင် ထည့်မမက်ဘူးနော်၊ သူက အွန်စောကိုပဲ ကြိုက်တာတဲ့''

သက်တံ့ မျက်နှာလေး ငယ်ဆင်းသွားသည်။

''နင် တကယ်ပြောတာလားဟင်၊ တကယ်လား၊ ငါ့ကို မနောက်ပါနဲ့ဟာ၊ ငါမခံစားနိုင်ဘူးဟဲ့''

ဒီလိုကျတော့ သောတက ဆက်ပြီး မစရက်တော့ပါ။ သက်တံ့ ဝမ်းနည်းစေမဲ့ ကိစ္စမျိုးကို သူ မလုပ်ရက်ပါ။ သက်တံ့ Rain ကို Crazy





ဖြစ်တာက လွန်လွန်းသည်။ ဘန်ကောက်မှာ Rain လာဖျော်ဖြေ တုန်းက သွားချင်တာ တစ်ပိုင်းကို သေနေတာတဲ့။ သူ့ဦးလေး ကော်တရာကြီးက ဒိုက်ဆံထုတ်မပေးလို့ဆိုပြီး ထမင်းမစားဘဲ ဆန္ဒ ပြတာတဲ့။

ဟိုဦးလေးကလည်း တူမလေး တစ်ယောက်တည်း ရှိတာ ဆိုပြီး ...ကိုထားလိုက်တာတဲ့။ အလိုလိုက်တာလေ။ နောက်ဆုံး ဗိုက်ဆာပြီး ...နေနိုင်လို့ အရှုံးပေးလိုက်ရတယ်ဆိုပဲ။

အဲဒါတွေကြောင့် သက်တံ့က သူ့ဦးလေး ဦးမျိုးမှန်ကို အခွင့် သာတုန်း ဆော်ချင်နေတာလေ။ ဘယ်လောက်တောင် ကြည့်ရသလဲ ဆိုရင် ဒရိုင်ဘာ ရာထူးကို ရက်ရက်ရောရောကြီး ပေးထားတာပဲ ကြည့်လေ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| Title | - | ဖူးစာ ဘီးကြီးပေါက်သွားပြီ |
| Actor List | - | အုံ့မခန်း၊ ရှယ်လီပင်ကီနှင့် မေဘာရဏီ |
| P.S | - | (မိန်းမမာယာ သဲကိုးဖြာ) |





ပင်ကီက မေဘာရဏီနှင့် ချိန်းထားသော နေရာသို့ ကားမောင်းရင်း ထွက်လာသည်။ သူမ မျက်လုံးတွေက အဝေး ကောင်းတာ။ အုံ့မခန်းက ဦးမျိုးမှန်ကို လိုက်ပို့ပြီး ပြန်လာသည်။ ပင်ကီက အုံ့မခန်းကို ဟိုးအဝေးကတည်းက မြင်သည်။ ကြိုတင်ကြံ ညှိထားခြင်း မရှိပေမဲ့ မိန်းမတွေရဲ့ ဖြတ်ထိုးဉာဏ်က အလို အလျောက် လာပြီး ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်သည်။

ပြီးတော့ ပင်ကီ ဘာလုပ်တယ် ထင်သလဲ။ အိတ်ထဲမှာ ဆောင်လာသည့် လက်သည်းညှပ်မှ ဓါးဦးချွန်ကလေးနှင့် ကားဘီးကို ထိုးဖောက်လိုက်သည်။ ပြီးတော့ အိုက်တင်ကောင်းကောင်းဖြင့် ကားဘေးမှာ ထွက်ရပ်ပြသည်။ လူလုံးပြတာလေ... ဟိုလူသာ သူမကို စိတ်ဝင်စားနေရင် အလိုလို ရောက်လာမှာပေါ့။ ဒါကိုလည်း ပင်ကီက သိချင်သေးသည်လေ။

ပင်ကီ တွက်ကိန်း မှန်သွားသည်။ အုံ့မခန်းက ကားကို ရပ်ပြီး ပင်ကီဆီ လှမ်းလာရင်း

"ကား ဘာဖြစ်လို့လဲ၊ ကျွန်တော် ဘာအကူအညီများ ပေးရမလဲ မသိဘူး"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ပင်ကီက အမူအရာပိုစွာ လေသံက တမျိုး ကင်ပွန်းသံနှင့်

"ဟိုလေ... ဘီးပေါက်သွားလို့၊ ပင်ကီက ကားပဲ မောင်းတတ်တာ၊ ဘီးမလဲတတ်ဘူး။ ဖြစ်နိုင်မယ်ဆိုရင် ဘီးလဲပေးပါလား ဟင်"

"ရပါတယ်၊ ကျွန်တော် လဲပေးမှာပေါ့၊ နာမည်က ပင်ကီ တဲ့လား"

"ရှယ်လီပင်ကီပါ"

"နာမည်ရော လူရော ရှယ်ပဲဗျာ"

"ဟင်း... ဟင်း... သက်တံ့ ဦးလေးက မြှောက်တတ် သားပဲ"

သက်တံ့ ဦးလေးဆိုပါလား။ တစ်ခုခုတော့ လွဲနေပါပြီ။

"ဘယ်သူပြောတာလဲဟင်၊ သက်တံ့ ဦးလေးဆိုတာလေ"

"တူလေးကို သက်တံ့က ပြောတာလေ... ဒါနဲ့ ရှင့်နာမည် က"

"အံ့မခန်းပါ"

"အမယ်၊ အမိုက်စားပါလား"





သက်တံ့က သူ့ဦးလေးကို ကြည့်မရတော့ သူ့ကို ဦးလေး နေရာမှာ အစားထိုးပြီး အငှားကား လုပ်တာနေမှာ။ ဘာပဲဖြစ်ဖြစ် ဒီလိုအခွင့်အရေးက နှစ်ခါရဖို့ မလွယ်တော့ ချော်လဲရောထိုင်ရမှာပဲ။

နှစ်ယောက်သား လေပေးကောင်းနေသဖြင့် ကားဘီးက ဒီအတိုင်း ပေါက်နေဆဲပင်။

အံ့မခန်းက ပင်ကို အနားတိုးကပ်ပြီး လေသံဖွဖွလေးဖြင့်

"မနေ့က ရှက်သွားလားဟင်"

"ရှင်နော်"

ပင်ကီ ခေါင်းလေးငုံ့သွားသည်။ ပါးပြင်လေး နှစ်ဖက်က နီရွှေးလျက် အရှက်သည်းနေသည်။ ဘယ်လိုလှကြီးပါလိမ့်၊ ဘွင်းဘွင်း ကြီးပါလား။

"ရှင်က ပင်ကီ့ နံပါတ်... အဲလေ"

"ဟား... ဟား... သိတယ်လေ 34 မဟုတ်လား"

"ဘာလို့ကြည့်ရတာလဲ... ပင်ကီ ရှက်တာပေါ့"

"ကျွန်တော် လာကြည့်တာမှ မဟုတ်တာ ပင်ကီ့ ခွေးကို သွားပြောပေါ့... သူ လာပြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလား ခွေးဆိုမှ ဘာနားလည်မှာလဲ"

အုံ့မခန်းက တဟားဟားနှင့် သဘောကျ၍ မဆုံးတော့။ ကားဘီးလဲပေးရင်း

"ပင်ကီ၊ ကျွန်တော့်ကို အအေးတိုက်ရမယ်နော်၊ နေပူကြီးထဲမှာ အိုက်လာပြီဗျ... "

တိုက်မှာ၊ တိုက်မှာ ဒီကလည်း တိုက်ချင်နေတာ။ ကိုယ့်က မိန်းကလေးဆိုတော့ စခေါ်လို့ မကောင်းဘူး မဟုတ်လား။ ပြီးတော့ သူလို သူဌေးတစ်ယောက်က ကိုယ့်ကားကို ကိုယ်တိုင်ပြင်ပေးနေတာလေ။ အားနာစရာ ကောင်းလိုက်တာ။

BURMESE CLASSIC .com

"ပြီးပြီ"

မပေါက်တဲ့ ဘီးကို ပေါက်အောင် ဖောက်ပြီး မိန်းမ မာယာသုံးသူက ပင်ကီ။ အခွင့်အရေးကို လက်လွှတ်မခံဘဲ ဝင်ရောတတ်သူက အုံ့မခန်း။ သူတို့နှစ်ယောက်က စည်းကိုက်ဝါးကိုက် ဖြစ်လို့။

"ကိုအုံ့မခန်း၊ ပင်ကို့ သူငယ်ချင်း တစ်ယောက်နဲ့ J. Donuts မှာ ချိန်းထားတယ်။ အဲဒီကိုပဲ လိုက်ခဲ့လိုက်ပါလား"

"သွားလေ၊ ပင်ကီ အရှေ့ကသွား၊ ကျွန်တော် အနောက်က





လိုက်ခဲ့မယ်လေ"

ဘယ်ရမလဲ ပင်ကီပဲဥစ္စာ။ ဟိုမိန်းမ မေဘရဏီကို မြင်ရသေးတာပေါ့။ လူကိုများ ညနေစျေးလေး ဘာလေးနဲ့ ဖြစ်နိုင်ရင် သူ့ဆက် အရင်မင်္ဂလာဆောင်ပစ်လိုက်ချင်တာ။ သူတို့နှစ်ယောက်တွဲပြီး ထင်လာရင် မေဘရဏီ ပါးစပ်ပေါက်ကြီး ဟောင်းလောင်း ဖြစ်နေမှာ မြင်ယောင်သေး။

ပင်ကီက ကြွားချင်ဇောဖြင့် မေဘရဏီဆီ ဖုန်းလှမ်းဆက်လိုက်သည်။

"မေ ငါလာနေပြီနော်၊ ငါ့အဖော်တစ်ယောက် ပါလာမယ် ဆိုလား"

ပင်ကီ ဖြစ်စေချင်တာက ဘယ်သူလဲ၊ ဘယ်ကလဲဟု မေးစေချင်တာ။ ခုတော့ မိမေက ဘာပြောတယ် မှတ်သလဲ။

"ဘာလဲ ဟို Express ထောင်တဲ့ အန်တီကြီးလား တရုတ်မကြီးလေ"

"ဘယ်က တရုတ်မကြီးလဲ၊ ယောကျ်ားဟဲ့ ယောကျ်ား အဖော်ကို ပြောတာ၊ အေး ဒါပဲ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ လူကို အထင်မကြီးသလို ဘာလိုလိုနဲ့

ပန်းဆိုးတန်းရှိ J.Donuts ဆိုင်ရှေ့သို့ ကားနှစ်စီး ရှေ့ဆင့် နောက်ဆင့်ဆိုသလို ရောက်လာကြသည်။ ပင်ကီက အုံ့မခန်း[illegible] စောင့်ခေါ်ပြီး ဆိုင်ထဲသို့ ယှဉ်တွဲ၍ ဝင်လာသည်။ ဘေးလူတွေ အမြင်မှာ တော့ သူတို့နှစ်ယောက်က အတွဲပေါ့။

မေဘာရဏီ ကိုယ်တိုင်က ပါးစပ်ကြီး အဟောင်းသားဖြင့် ငေးမောကြည့်နေသည်။

"ဟဲ့... မေ အသက်လေး ဘာလေးရှူပါဦးဟဲ့"

"နင်က ဒိုင်လှိုးထားတာကိုး"

ပင်ကီက မေ့အနားမှာ ဝင်ထိုင်ရင်း မသိမသာ လက်ကုတ် လိုက်သည်။

အုံ့မခန်းက မသိချင်ယောင်ဆောင်ပြီး အဓွေးသွား ယူနေ သည်။

"မိန်းမ၊ ပြောစမ်း တွဲနေတာကြာပြီလား။ ဘယ်ကလဲ ဘာလုပ်လဲ"

"နင့်မေးခွန်းတွေက များလိုက်တာဟာ... ငါပြောပြမယ်...





[illegible]ညီက အုံ့မခန်းတဲ့၊ ငါတို့ ဘေးခြံကို ပြောင်းလာတာ သိပ်မကြာ [illegible]ဘူး။ သူက ငါ့ကို မြင်မြင်ချင်း စိတ်ဝင်စားသွားတာလေ... [illegible] နင့်သူငယ်ချင်း ဘယ်လောက်စွံသလဲဆိုတာ နင်ပြောသလို [illegible] ဈေးရောက်လို့ ဈေးလျှော့ရောင်းစရာ မလိုသေးဘူးနော်... [illegible]ကိုပဲ ကြည့်ဦး"

"ပင်ကီရယ်... နင့်အစား ငါဝမ်းသာပါတယ်ဟယ်... ဒါနဲ့ [illegible]တော့ယူကြမယ် စဉ်းစားထားလဲ"

"သူကတော့ လောနေပြီလေ၊ ငါ့မှာ အမေက လာတော့မယ် [illegible]တော့ စဉ်းစားနေရတာပေါ့ အမေက သူငယ်ပြန်နေတာလေ"

"အချိန်သိပ်ဆွဲပြီး မှုမနေနဲ့နော် မိန်းမ၊ ငါတို့ အရွယ်တွေက [illegible]ဆုံးတော့မဲ့ အရွယ်တွေ နောက်ပြီး ချစ်တိုင်းလည်း မညားဘူး [illegible] ကြားဖူးတယ် မဟုတ်လား... ယကြာလေး ဘာလေး ချေထား"

ဒါမျိုးကျတော့ ပင်ကီက စိတ်ဝင်စားသည်။ မေဘာရဏီကို [illegible] ကြားထားပြီးပြီ။ ဟိုက ဖွင့်ပြောမလာရင် ဒုက္ခ။

"ဒါဆို လုပ်စမ်းပါဦးဟယ်... နင့်မှာ ဆရာကောင်း ရှိတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးစမ်းပါ"

အုံ့မခန်းက လူပျိုကြီးပေမဲ့ မိန်းမတွေရဲ့ အထာကို… သိသည်။ ပင်ကီကို သူ့သူငယ်ချင်းရှေ့မှာ Favour ပေးသည်။ ဉ…

"ပင်ကီ Milk Shake လေးသောက်နော်။ ပင်… တည့်တယ်လေ။ Butter Cake လေးစားလိုက်ဦး။ ဟို Donuts … မတည့်ရင် ချောင်းဆိုးနေဦးမှာ" ဆိုတာမျိုး။

ဘာနဲ့တူသလဲဆို ဟန်းနီးမွန်း ထွက်လာတဲ့ အသစ်စက်… လင်မယားနှင့် တူနေသည်။ မေဘရဏီတောင်မှ သူတို့ကို … အားကျနေရပြီလေ။ အခု သူနဲ့ ယူမဲ့လူကြီးက စိတ်မရှည်တတ်… လူကြားသူကြားထဲဆိုလည်း တွဲပြီး မသွားရဲဘူးတဲ့ ယောက်ျားဆို… ရှက်ရှာမှာပေါ့။ မေနဲ့က သိပ်ကီးမကိုက်ပေမဲ့ ရွေးစရာ မရှိ… ယူရတော့မှာပေါ့။ ပင်ကီ ဘဲက ဒီလိုကျတော့ ဘယ်ဆိုးလို့တုန်း… ရှုပါကလည်း ဖြူးသား… ။

မိပင်ကီတော့ လုတာမက်ရင် သူရဲ့ Side Effect ဖြစ်… စိတ်မချရခြင်းဆိုတာကို ခံစားရဦးမှာ မြင်ယောင်သေးရဲ့။ ကိုယ့်လူ… ရုပ်ဆိုးဆိုးဆိုတော့ ဒါတွေကို ပူစရာ မလိုဘူးပေါ့။



"ပင်ကီ ဘယ်သွားချင်သေးလဲ"

အုံ့မခန်းက ဦးမျိုးမှန်ကို ပြန်ခေါ်ရဦးမည်မို့ ပြန်မှ ဖြစ်တော့ …။ ဒီတိုင်းထပြန်ဖို့ကလည်း မကောင်းဘူးလေ။ ပြီးတော့ ပင်ကီ …ချင်းရှေ့မှာဆိုတော့ ပင်ကီတိုက်တာ သူ မသောက်ချင်ပေ။ …ထဲက ထောင်တန်နှစ်ရွက်က ခုန်ထွက်သွားပြီ။ ရှိစေတော့ …ကို လိုချင်ရင် ဒီလောက်တော့ ရင်းနှီးမြှုပ်နှံရမှာပေါ့။

"ဟိုလေ ပင်ကီ မေနဲ့ ပြောစရာ ရှိသေးလို့ ပြန်ရင် ပြန်နှင့် …ပါလား။ ချိန်းထားတာ ရှိသေးတယ် မဟုတ်လား"

ပင်ကီက အကြောင်းမသိလျှင် တကယ့် အတွဲဟု ထင်စေရမည့် …ချာပေါက် တော်ကီတွေကို ရွေးပြီး ပြောသည်။

အုံ့မခန်းက နှစ်ယောက်စလုံးကို နှုတ်ဆက်ပြီး ပြန်သွား…သည်။ ပင်ကီနှင့် မေက လွတ်တဲ့ ငါးမကြီးရအောင် ဗေဒင်ဆရာဆီ …သွားပြီး ဇာတ်ရိုက် ဇာတ်ဆင်လုပ်ကြသည်။ ယတြာတွေ တောင်းကြ…သည်။



www.burmeseclassic.com

www.burmeseclassic.com



Title - အသီးသုံးမျိုး

Actor List - ပင်ကီ၊ ရှင်းရှင်း၊ စာဥနှင့် သက်တံ့

P.S - (အုန်းခက်ကလေးတော့ ပါ…ပါရဲ့)





"စာဥရေ စာဥ… ခဏလာခဲ့ဦး"

"လာပါပြီ မမ"

"ရှင်းရှင်းနဲ့ နင် ဈေးကိုသွားပြီး ငါယတြာချေဖို့ ပန်းတစ်ပွင့်ရယ်၊ အသီးသုံးမျိုးရယ်၊ အုန်းခက် တစ်ခုရယ် သေချာ ဝယ်လာခဲ့ကြွားလား"

ရှင်းရှင်းက မီးဖိုချောင်သို့ ဝင်လာပြီး

"ပင်ကီက ဘာအတွက် ယတြာချေမှာလဲ"

"ဟဲ့၊ ငါ့ဟာငါဘာအတွက်ပဲ ချေချေပေါ့၊ သွား မြန်မြန် သွားပြီး မြန်မြန် ပြန်လာခဲ့ဦး၊ ငါ ကိုးနာရီ တိတိမှာ ချေမှ ရမှာနော်"

"အော်… စာဥ သိပြီ၊ ဒီလောက်ဆို ပေါက်သွားပြီ၊ ကိုခြောက်ရေ… ယောကျ်ားရမဲ့ ယတြာတော့"

ပင်ကီက ခေါင်းခေါက်မလို့ လက်ရွယ်နေတုန်း စာဥက တန်းနေအောင် ထွက်ပြေးသွားသည်။ ဒီအရှုံးမက စိတ်ဆိုးရလည်း အခက်။ ပေါ်တောတောဖြင့် စိတ်ထဲရှိရာ ပေါက်တတ်ကရတွေ သိပ်ပြောတတ်သည်။

ရှင်းရှင်းနှင့် စာဥက အာလူးဖုတ်ပြီး လမ်းလျှောက်နေတော့



www.burmeseclassic.com

www.burmeseclassic.com



အနောက်က သက်တံ့ လိုက်လာတာ မသိလိုက်။ သက်တံ့က ရှင်းရှင်း ခါးကိုတို့ပြီး

"ကိုးရိုးယား မင်းသား အကုန်လုံး ငါနဲ့ရ" ဟုပြောလိုက်သည်။ ခါးတို့လျှင် ယောင်တတ်သော ရှင်းရှင်းက

"ကိုးရိုးယား မင်းသားအကုန်လုံး ငါနဲ့ရ" ဟု တစ်လုံး မကျန် လိုက်ပြောသောအခါ စာဥက

"ကိုခြောက်နော်၊ လောဘသိပ်ကြီးတာပဲ၊ စာဥအတွက် တစ်ယောက်တစ်လေတောင် ချန်ပေးဖော်မရဘူး... ဟွန်း"

"စာဥရယ် တစ်ယောက် မဟုတ်ဘူး၊ နင်လိုချင်ရင် တစ်ဒါဇင်လည်း ယူလို့ရတယ်နော်။ အိပ်မက်ထဲမှာလေ... ဟင်း... ဟင်း"

သက်တံ့က ဝင်နောက်တော့ စာဥ ဒေါဖောင်းသွားသည်။ ဈေးနားရောက်တော့ ရှင်းရှင်းက စာဥကို ပိုက်ဆံပေးပြီး ဈေးဝယ် ခိုင်းလိုက်သည်။

"စာဥ၊ နင့်မမ အပျိုကြီး မှာတာတွေ မှတ်မိတယ် မဟုတ်လား၊ နင်ပဲ သွားဝယ်ခဲ့လိုက်နော်၊ ငါ သက်တံ့နဲ့ ဟို ရှမ်းခေါက်ဆွဲ ဆိုင်မှာ စောင့်နေမယ် သိလား၊ မြန်မြန်ပြန်လာခဲ့ဦး"





"ဟုတ်"

ဟုတ်ဆိုပြီး စာဥက သုတ်ခြေတင်တော့သည်။

"သက်တံ့ရေ အခြေအနေ ဘာထူးသေးလဲ အိမ်က အပျိုကြီးကတော့ ယတြာချေမလို့ဆိုပဲ"

သက်တံ့မှာလည်း ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်နေသည်။ သူတို့က အုံ့မခန်းကို ဦးလေး အစစ်ထင်ပြီး အောင်သွယ်ခိုင်းနေကြသည်။ သက်တံ့ရဲ့ တကယ့် ဦးလေး ခွေးပစ်တုတ်ကလေးက အပျိုကြီးကို အမှန်အကန် စိတ်ဝင်စားနေပြီ ဖြစ်သည်။ အဲဒီ ဇာတ်ထုပ်ကို ဘယ်လိုရှင်းရပါ့။ ကာယကံရှင် ပင်ကီရဲ့ ဆန္ဒက ထိုနေရာတွင် အရေးအပါဆုံး ဖြစ်လိမ့်မည်။ ပင်ကီကလည်း အုံ့မခန်း ကိုပဲ စိတ်ဝင်စားတာဆိုတော့ သူနဲ့ပဲ အောင်သွယ်ပေးရတော့မှာပေါ့။

"သူတို့နှစ်ယောက်ကို အမြဲ တွေ့ခွင့်ရအောင် အရင်လုပ်ပေးပြီးမှ နားထဲဝင်အောင် ဒိုင်တွေ ပစ်သွင်းရမယ် အဲဒါ မကောင်းဘူးလား"

"ကောင်းတယ်၊ ကောင်းတယ်၊ ဒါဆို လာမဲ့ ဆန်းဒေးကျရင် ငါက အိမ်မှာ တစ်ခုခု လုပ်ထားမယ်လေ။ နင်တို့ တူဝရီး နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လာစားပေါ့။ ဒါမှ တို့တွေ ဘေးကနေ ဝိုင်းအကဲခတ်လို့ရမှာ။ ဧ
လူကြီးတွေ ကိစ္စပြီးရင် ငါ့သူငယ်ချင်းကို မေ့မထားပါနဲ့ဟယ်၊ သူ့
Rain ကော ညှပ်ရတာနဲ့၊ Rain ဝတ်တဲ့ ဒီဇိုင်းတွေ လိုက်ရှာရ
ကြာရင် သွက်သွက်ခါပြီး Rain ရူးရူးသွားနိုင်တယ်ဟဲ့၊ မသနား
လားဟင်''

သက်တံ့ မျက်နှာမှာ အံ့ဩမှု အရိပ်အယောင်တွေ ယှက်ဖြာ

''တကယ်ပဲ ရှင်းရှင်း ပြောသလို ဖြစ်နေပြီလား''

''အော် ဘယ်သူက လုပ်ကြံပြောမလဲ ဟဲ့၊ တစ်အိမ်တည်း
အတူနေတဲ့ ဥစ္စာ မကြည့်ရက်လို့ ပြောပြတာပေါ့ဟဲ့၊ ပြီးတော့ သူ
ငါ့ရဲ့ အချစ်ဆုံး friend လေးလေ''

''အဲလောက်ကြီး ဖြစ်မယ် မထင်လို့ သက်တံ့က ပြောလိုက်
တာပါ''

တကယ်တော့ သောတမှာ Rain ဆို လုံးဝကြည့်လို့ ရ
မဟုတ်။ ရှင်းရှင်းနှင့် တိုင်ပင်ပြီး လံကြုပ် ဖာတ်ခင်းခြင်းသာ ဖြစ်သည်

စာဥ ပြန်လာတော့ သက်တံ့နှင့် လမ်းခွဲပြီး အိမ်သို့ ပြန်လာ
ကြသည်။ ပင်ကီက အိမ်ပေါက်ဝမှာ လည်ပင်းရှည်အောင် မျှော်နေ





နေသည်။

''ဟဲ့၊ မြန်မြန်လာကြ ကိုးနာရီ ထိုးတော့မယ် တကတဲ လိပ်
ခုထဲ လွှတ်သလိုပဲ''

''မမ မှာတဲ့ အသီးတွေ လိုက်ရှာနေရတာလေ''

''အကုန်ရခဲ့ရဲ့လား''

''စာဥပဲ မမရယ်၊ မရဘူးဆိုတာ မရှိစေရဘူး ရှိတာ ဝယ်ခဲ့
တာပေါ့''

''အေးပါ၊ အေးပါ၊ သွား ရေဆေးပြီး အကုန်ပြင်ဆင်လာခဲ့၊
ငါ ဘုရားစင်ရှေ့က စောင့်နေမယ်''

အံ့မခန်းဆိုတော့ တနင်္ဂနွေသားပဲ ဖြစ်မှာပါ။ ဒီနေ့ တနင်္ဂနွေနေ့
မှာ ယတြာချေနိုင်းထားတာ။ ပင်ကီက လေ့ကားတက် ရင်း ''ပိုက်တင်း''
တု ကိုးရိုးယားလို အော်သည်။ သဘောက ကြိုးစားထားဟု ကိုယ့်ကိုယ်
ကို အားပေးခြင်း ဖြစ်သည်။

စာဥက အပြေးတစ်ပိုင်းဖြင့် နောက်က လိုက်လာပြီး

''ဒီမှာ အားလုံး အဆင်သင့် ဖြစ်ပါပြီ မမ''

စာဥ ယူလာတာတွေကို ကြည့်ပြီး ပင်ကို့ မျက်လုံးတွေ
စီးကွက်လို ပြူးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာ... ဘာတွေလဲ စာဥ"

"မမပဲ အသီးသုံးမျိုးဆို ဖူးသီးရယ်၊ ခရမ်းသီးရယ်၊ ဂေါ်ရခါးသီးရယ်လေ၊ သုံးမျိုးပြည့်ပါတယ် မမရဲ့၊ ဟောဒီမှာ ပန်းတစ်ပွင့်လဲ ပါသားပဲ"

"ဟင် ပန်း ဘယ်မှာလဲ ပန်း"

"ဒီမှာလေ ဂေါ်ဖီပန်း မတွေ့ဘူးလား အကြီးကြီး ရွေးလာတာလေ"

"ဘုရား၊ ဘုရား... စာဥ နင်ငါ့ကို ရွဲ့လာတာလားဟင် ရှင်းရှင်းရော ဘယ်မလဲ၊ ငါ ဘုရားတင်မယ်လို့ သေချာပြောလိုက်ရဲ့သားနဲ့ လုပ်လာကြတာလား"

စာဥက သူဘာမှမသိသလို မျက်နှာပေးဖြင့်

"ဘုရားက ဘာအသီးပဲ တင်တင် ဘာမှမပြောပါဘူး ကိုယ်က စေတနာနဲ့ လုပ်ရင် ကုသိုလ်တောင်ရသေးတယ်၊ မမကသာ ပွစိ ပွစိနဲ့ ပြောနေတာ"

"စာဥနော်၊ ငါ ခေါက်ထည့်လိုက်ရ ဘုရားစင်ရှေ့မှာမို့ နင် သက်သာသွားတယ်မှတ်"

အလွဲလွဲ အချော်ချော်တွေတော့ ဖြစ်ကုန်ပါပြီ။ မှားတာ၊ မှားတာ





ဒီဆတ်ဆော့မကို နိုင်းမိလို့ ဒီလိုတွေ ဖြစ်ရတာ။ အလကား ဟိုအခြောက်ကလည်း အရေးဆို အားကိုးလို့ကို မရဘူး။ ကိုးနာရီက ထိုးနေပြီ ဘယ်လို လုပ်ရပါ့မလဲ။

"ဒီ အုန်းခက်လေးတော့ မှန်တယ် မဟုတ်လားဟင် မမ"

"ပေး ပေး အဲဒီ အုန်းခက်နဲ့ပဲ ယတြာချေရတော့မှာပဲ ငါ့နယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



Title - မန္တလေးက မော်ဒယ်လ်လေး ရောက်လာပြီ

Actor List - ရှယ်လီပင်ကီ၊ သောတ၊ ရှင်းရှင်း၊ စာဥနှင့် ဒေါ်ခင်လေးသန်း

P.S - (ရှယ်လီပင်ကီက ငါ့အမေဟဲ့)





မနေ့က မန္တလေးမှာရှိတဲ့ အစ်ကိုက ဖုန်းဆက်သည်။ အမေ့ကို ဆိပ်တွင် သွားကြိုတော့တဲ့။ သူ့ တပည့်လေး မောင်စိုးနှင့် အတူ မည်တဲ့။ ဆိုင်းမဆင့်၊ ဗုံမဆင့်နဲ့ ကြည့်ရတာ အစ်ကိုက လုံးဝ နိုင်ပုံ မရတော့ပါ။

"သောတနဲ့ ရှင်းရှင်းရေ... ပြီးရင် သွားကြရအောင် လေယာဉ် ကြိုတော့မယ်တဲ့"

"ပင်ကီ ကျွန်တော် မောင်းမယ်နော်"

"ကျားသားမိုးကြိုး လိမ္မာနေပါလား။ ဘာလဲ ဘွားအေကြီး မှာမို့လို့ အပိုးကျိုးပြနေတာ မဟုတ်လား"

"လေးလေးက ဘာပြောသေးလဲ ပင်ကီ၊ အဘွား သူငယ်ပြန် မှ ကျွန်တော် တစ်ခါမှ မတွေ့ဖူးသေးဘူး။ ဘယ်လိုနေလဲ မသိဘူး ား... ဟား"

"အေး... တစ်နေ့ တစ်နေ့ အလုပ်တွေ ပြင်ပြီး တွေ့သမျှ ကောင်လေးတွေကို ဟန်ရေးတပြပြနဲ့ သူ မထိန်းနိုင်တော့ဘူးတဲ့ အဲဒါ နဲ့ အဘွားကို နင်ပဲ ထိန်းတော့... "

သောတက ဘာတွေ သဘောကျသည် မသိ အော်အော်



www.burmeseclassic.com

www.burmeseclassic.com



ရယ်၏။

"အမေနဲ့ သမီးက အကြဲတွေ တူနေတာကိုး နှစ်ယော
စလုံး ရည်းစားထားချင်နေကြတာလေ၊ တကယ်ရယ်ရတယ်ဟာ"

"ဒီကောင်လေးတော့ အဒေါ်ကို ပမာမခန့်နဲ့ ငါ ထုထ
လိုက်ရ"

လေဆိပ်ထဲမှ ထွက်လာသော အဘွားကို ကြည့်ပြီး
ငါ့အဘွားမှ ဟုတ်ပါလေစဟု သောတ တွေးယူရလောက်အော
ဒေါ်ခင်လေးသန်းက ပြောင်းလဲနေသည်။ step ပုံ လှိုင်းတွန့် ဆံ
အကောက်နှင့် ကိုးရိုးယား အင်္ကျီကို ဝတ်ထားပြီး ကိုးရိုးယား စက
နောက်ခွဲနှင့် ဒေါက်ဖိနပ် ချွန်ချွန်ကို စီးကာ နေကာမျက်မှန် အကြီးကြ
တပ်ပြီး ပဲများနေ၏။

အရင်က အဘွားပုံစံက တကယ့်ကို ရှေးဆန်ဆန် ဘီးဆံပ
နှင့် ရင်ဖုံး အင်္ကျီမချွတ်သော အဘွား ဖြစ်သည်။ အဘွားက ပင်ကို့
တွေ့သွားတော့ ဘာပြောတယ် ထင်လဲ။

"အမေ၊ သမီးကို လာကြိုတာလား"

တဲ့။လူကြား သူကြားထဲမှာ အကျယ်ကြီး အော်ပြောတေ





ကြီး ပင်ကီ တစ်ယောက် ဆွေ့ဆွေ့ပဲ ခုန်ရမလား (ခုန်လို့လည်း
အမေ အရင်းခေါက်ခေါက်ကြီး မဟုတ်ပါလား) ရှက်လို့ မျက်နှာကို
ဝါးနှင့် ကာထားရမလား၊ ဘာလုပ်ရမှန်းမသိဘဲ ကြောင်
င်တောင်ကြီး ဖြစ်နေသည်။

နောက်မှ သတိဝင်လာပြီး အမေ့ လက်ကိုဆွဲကာ မြန်မြန်
လာရတော့သည်။

ကားပေါ်ရောက်တော့လည်း အငြိမ်မနေဘဲ သောတကို

"ဟယ်... ကိုသန်းမောင်ကြီးပါလား၊ ဘာလဲ သူများကို
ကြိုတာလားဟင်၊ ကြည့်ပါဦး သူများဝတ်လာတာ လှရဲ့လားလို့"

သောတ မျက်နှာက အီးမှန်ထားသလို ရှုံ့မဲ့သွားပြီး

"ပင်ကီရေ... လုပ်ပါဦး၊ မိုးကြိုးတွေတော့ ပစ်ကုန်တော့
"

"အမေ... ဘာတွေ လျှောက်ပြောနေတာလဲ၊ အဲဒါ အမေ့
သောတလေ၊ ကိုသန်းမောင် ဆိုတာက အမေ့ ယောကျ်ား အခု
တော့ဘူး၊ ဆုံးသွားပြီ အမေရဲ့ ဒုက္ခပါပဲ၊ ငါ့နှယ်နော် လူကို ရှူးချင်
ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှုးချင်မှာပေါ့ ဟဲ့... အခု ဆောင်းပေါက်ပြီလေ အရှေ့ဆော
တွေ တိုက်နေတာကို။ ဒီလိုအချိန်ဆို အရှုးတွေ မြူးနေကြလေ..."

ခံလိုက်ဦးဟဲ့ မိပင်ကီရေ။ အမေက ပင်ကီ ခံနိုင်ရည် မရှိအော
အမျိုးစုံကို ပြောနေတော့တာ။

"အမေရေ ဟောဒီအခြောက်လေးက ဘယ်သူတုန်း။ ကြည့်ပါ
ဟယ် ချစ်စရာလေး။ သမီး သူ့ကို အဘွားပေးလို့ ရလားဟင်"

ပင်ကီက သူ့ကို အမေလို့ ခေါ်တဲ့ အတွက် ဖုပြီး

"ပေး... ပေး ကြိုက်သလောက်သာပေး"

ရှင်းရှင်းမှာ သူ့ဘေးမှ တံခါးနား တိုးကပ်သွားပြီး

"သောတရေ... ငါ့ကို ကယ်ပါဦး၊ နင့် အဘွားကို
ကြောက်တယ်တော့"

ဒေါ်ခင်လေးသန်းက ရှင်းရှင်းကို လှည့်စွာတော့သည်။

"အမယ်လေး... ညည်းတို့ အခြောက်တွေက ကြောက်ချ
ယောင်ဆောင်နေတာပါအေ၊ အဆင်လေးတွေ (ယောက်ျား) သာ အဘွ
ပေးကြည့်ပါလား ခံနေမှာ မဟုတ်လား၊ ငါက အဲဒါတွေ နောကျေ
သား၊ နင်ကလေကြီးကို ကျယ်တယ်။ ကြည့်လို့ကို မရဘူး တကတ"

သောတမှာ ဘွားအေ ဖြစ်သူကို စချင်လာသဖြင့်





"အဘွား... မန္တလေးမှာ ဘဲ ဘယ်နှမွေလောက် ကျန်ခဲ့
သလဲ"

"ဟဲ့ ငါ့ကိုများ အဘွားတဲ့... ငါ့ အသက်က ခုမှ နှစ်ဆယ်ပဲ
ရှိသေးတာ၊ နာမည်ကို ခေါ်နော်။ ငါ့ နာမည်က ခင်လေးသန်းတဲ့။
ဆင်ဖို မသန်းတဲ့ ခင်လေးသန်းဆိုတာ မကြားဖူးဘူး လား။ အလကား
[illegible]တုံး ဒါနဲ့ ခုနက ငါ့ဘဲတွေ အကြောင်း မေးတာလား... အမယ်လေး
ဆိုက်ကားဂိတ်က ဆိုက်ကားနင်းတဲ့ အေးချစ်ဆိုတဲ့ ကောင်လေးလေ
ငါ့ကို ငမ်းပြီး နေ့တိုင်း ဈေးလိုက် လိုက်ပို့ပေးတာ"

"အလကား ပို့ပေးတာလား"

"ပိုက်ဆံပေးရတာပေါ့၊ အသွားအပြန်ဆို ငါးရာတောင်
ပေးရတာ"

"ဟား... ဟား... ဟား"

ဝိုင်း၍ ရယ်ကြပါတော့သည်။ မောင်စိုးက ပါဝင်၍ အဆင်းကို
ထိုးတပ်ပေးသည်။

"အဘွား... ဟိုပွဲရုံကို လာလာနေတဲ့ ကတုံးကေလေး
ကော"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်သား မေ့နေတာဟဲ့၊ သူလည်း ငါ့ဘဲဘဲပဲ... များလွန်းတော့ မေ့ကုန်ပြီအေ၊ နောက်ပြီး နေ့တိုင်း လာတဲ့ တစ်ယောက် ရှိသေးတယ်။ သတင်းစာ လာလာပို့တာလေ"

ထိုအဘွားနှင့်အတူနေလျှင် အသက်က တိုမလား၊ ရှည်မလား မပြောတတ်တော့ပါ။ သေချာတာက ပျော်စရာတော့ အတော် ကောင်း ပါသည်။ မောင်စိုးက

"ကျွန်တော်တို့လည်း မန္တလေးမှာ တစ်နေ့ တစ်နေ့ အဘွား ကိုပဲ စပြီး ပျော်နေရတာ" တဲ့။

"အမေ နောက်နေ့ကျရင် သမီး ရှော့ပင် ထွက်မယ်နော်။ ပိုက်ဆံများများ ထည့်ပေး"

ပင်ကီ မျက်နှာ မကောင်းပဲ ဖြစ်သွားသည်။ အမေ ပြောတဲ့ စကားတွေက သူမ ငယ်ငယ်က အမေ့ကို ပြောခဲ့၊ ချွဲခဲ့သော စကားများ ဖြစ်ပါသည်။ အမေက ဒါတွေကို မမေ့သေးပါလား။ မှတ်ဉာဏ်တွေ ချွတ်ယွင်းနေပေမဲ့ တစ်ချိန်တစ်ခါက သူမ ပြောခဲ့တာတွေကို မှတ်ထား တုန်းပါပဲလား။

"ထည့်ပေးပါ့မယ် အမေရယ်... ပင်ကီလေ အမေ လိုချင်တာ





အကုန်ဝယ်ပေးမယ်။ သွားချင်တဲ့ နေရာတွေ အကုန်ပို့ပေး မယ်နော်"

သူ့အလိုကျ ပြောပေးလိုက်တော့ အမေ့ မျက်နှာ ဝင်းပ သွားပြီး ထမ်းဘေးဝဲယာမှ ပိုစတာ ဆိုင်းဘုတ်များကို ကလေးလေး တစ်ယောက်လို ငေးရင်း လိုက်ပါလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



Title - G ကိုင်ချင်လို့

Actor List - ဦးမျိုးမှန်၊ သက်တံ့နှင့် သောတ

P.S - ကလေးကိုင်တဲ့ ဖုန်းလည်း ဖုန်းပါပဲ





ရာသီဥတု သာယာပြီး အေးစိမ့်နေသော မနက်ခင်းတွင် သက်တံ့မှာ ဝီရိယ ပိုစွာ အစောကြီးထပြီး သူ့လေးလေးကို စောင့်နေသည်။ အကြောင်းမှာ ပူဆာစရာ တစ်ခုရှိလို့ ဖြစ်သည်။

ဦးမျိုးမှန် နိုးလာတော့ သွားတိုက်ဆေး ထည့်ပေးရတာနှင့် ချော်နှာသုတ်ပဝါ ယူပေးရတာနှင့် ပျာယာခတ်နေသူက သက်တံ့။

သူ့ဦးလေးက ကိစ္စဝိစ္စပြီးသောအခါ မသိချင်ယောင်ဆောင်ပြီး ရေနွေးတာဘက် ထွက်သွား၏။ အကြောင်းမသိလျှင် ခက်မည်။ ထိုဘက်ခြံထဲမှာ ပင်ကိ ပန်းအိုးတွေနှင့် ကုန်းလိုက်ကွလိုက် ဖြစ်နေသာကို လှမ်းပြီး ရှုစားတော်မူနေတာ။

"လေးလေး... ဘာတွေကြည့်နေတာလဲ"

"ဟိုမှာလေ... ဘာအပင်စိုက်နေတာလဲလို့ လှမ်းကြည့်နေတာ"

"မကြည့်နဲ့...၊ ဒီဘက်လှည့်ဦး သက်တံ့ ပြောစရာရှိလို့"

"ကဲ ပြော... မနက်စောစောစီးစီး နင်ငါ့ကို ဖားနေတာ တစ်ခုခု ပူဆာမလို့ မဟုတ်လား"

"အဟဲ၊ လေးလေးက အကာင်းပါးသားပဲ၊ သက်တံ့ ဂျီကိုင်



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့၊ အဲဒါ လေးလေး ဝယ်ပေး''

''သက်တံ့ ဖုန်းတစ်လုံးရဲ့ တန်ဖိုးက ဘယ်လောက်ရှိလဲ သိတယ် မဟုတ်လား။ အလကား ဖယောင်းရှုပ်တယ်။ ဖုန်းရှိပြီဆိုတာနဲ့ ရည်းစား ထားချင်လာတော့မယ်။ ဖုန်းဘီလ်က တက်လာမယ်။ ဒါတွေက ကိုယ့် အိတ်ထဲက ခန့်ထွက်မဲ့ ပိုက်ဆံတွေ... အဲဒီ ဖုန်းဝယ်မဲ့ ပိုက်ဆံ သိန်း နှစ်ဆယ်ကျော်ကို ငွေတိုးချေးထားကြည့်စမ်း။ တစ်လကို တစ်သိန်းလောက် ကိုယ့်အိတ်ထဲကို ဝင်လာမှာ၊ လေးလေး တူမက လိမ္မာပါတယ်ကွာ လေးလေး ပြောတာ ဟုတ်မဟုတ် တွေးကြည့် လိုက်စမ်း... ''

သက်တံ့ မျက်နှာက လငပုပ်ဖမ်းသလို ညှိုမဲပုပ်သိုးလျက်

''မတွေးဘူး။ ဘာမှမတွေးဘူး။ လေးလေးက ဝယ်ပေးရမှာ နှိုးလို့ ကတ်ဖွဲ့ပြီး ပြောနေတာ သက်တံ့မှာတော့ ဖုန်းကိုင်ရမယ် အောင် မေ့လို့ ဖုန်းထည့်မဲ့ အိတ်ကလေးတောင် ဝယ်ထားပြီးပြီ''

''လေးလေးလည်း ခုတစ်လော လုပ်ငန်း ကိုင်ငန်း သိပ်မကောင်းဘူးကွဲ့၊ နောက်မှပဲ ပူဆာတော့နော်''

ဒါပဲ။ သူ့ကို တစ်ခုခု ပူဆာတိုင်း သူပြောနေကျ လက်သုံး စကားလေ။ နေပေါ့ မဝယ်ပေးလည်း ရတာပဲ။ ကိုယ့်ဟာကိုယ် ဝယ်ပြီး





ကိုင်မယ်။

ဦးလေးကို ရွဲ့ပြီး သက်တံ့က ဖုန်းတစ်လုံးကို ရအောင် ဝယ် ပါသည်။ သိန်းနှစ်ဆယ်ကျော် မတတ်နိုင်တော့ ငါးရာတန်ဖုန်းကို ဝယ်ပြီး ဖုန်းအိတ်လှလှကလေးထဲ ထည့်ကာ လည်ပင်းတွင် ချိတ်ထားပါတော့ သည်။

ဦးမျိုးမှန်က သက်တံ့ကို ပစားပေးထားသည်။ လုပ်ချင်သလို လုပ် သူ့ ပိုက်ဆံမကုန်လျှင် ပြီးရောပဲ။

ဦးလေးက ထွက်သွားတော့ သက်တံ့မှာ ဖုန်းအိတ်လှလှလေး ကို လည်ပင်းမှာ ချိတ်ထားပြီး ဒန်းလွှဲရင်း စာအုပ်တစ်အုပ်ကို စိတ်ပါ ဝင်စားစွာ ဖတ်နေတော့သည်။ လူမရှိတဲ့အချိန်ကို ချောင်းနေသော သောတက ချက်ချင်းပဲ ရောက်ချလာပါတော့သည်။

''ဟဲ့ သက်တံ့၊ ဒီမှာ Rain ခွေ အသစ်ထွက်လို့ ငါ ဝယ်လာ တယ်။ ဒီကားထဲမှာ Rain က သနားစရာလေးတဲ့၊ နင်တော့ ငိုရဦးမယ်''

''နဂိုကတည်းက ငိုချင်နေတာဟဲ့''

''ဘာဖြစ်လို့လဲ၊ နင့်ဦးလေး ဆူလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကပ်စေးနဲ့လို့"

"ငါ့ အဒေါ်ကျတော့ လက်ဖွာတယ်ဟ၊ နစ်ယောက် ပေါင်းလိုက်ရင် OK သွားမှာပါ"

သောတက သက်တံ့ လည်ပင်းမှ ဖုန်းကို မြင်သွားပြီး

"သက်တံ့... နင့် ဟန်းဆက်လေး ငါ့ကို ခဏပြပါလား။ နောက်ဆုံးပေါ်လား။ Nokia လား။ ဘာအမျိုးအစားလဲ ကြည့်ရအောင်"

သက်တံ့က ဖုန်းအိတ်ကို တင်းတင်းဆုပ်ရင်း

"မပြဘူး၊ ဘာလို့ပြရမှာလဲ"

"သက်တံ့နော်၊ သိပ်မကြီးကျယ်နဲ့ အချင်းချင်းတွေများ၊ ကပါ နင်မပြချင်လည်းနေ၊ ဒါပေမယ့် နင့် ဖုန်းနံပါတ်လေးတော့ ငါ့ကို မစပါဟာ"

သက်တံ့ တော်တော် အခက်တွေ့သွားသလို ရှက်လည်း တော်တော် ရှက်သွားသည်။ သူမနှင့် ရွယ်တူ သူငယ်ချင်းတွေမှာ ဖုန်းလေး တွေ ကိုယ်စီရှိကြသည်။ ဟန်းဆက်ဆိုလည်း ပေါ်တိုင်းလဲပြီး အပြိုင် အဆိုင်ဖြစ်နေကြချိန်တွင် သူမှာတော့ ဖုန်းတောင် မရှိရှာပါ။ သောတမှာ ဆိုလည်း ဖုန်းရှိသည်။ သူ့ ဖုန်းနံပါတ် ကိုယ့်ကိုပေးထား





သမဲ့ ပြန်ဆက် ဖို့ရာ ဖုန်းမရှိတဲ့ အဖြစ်။

ငေးငိုင်နေသော သက်တံ့ကို ကြည့်ပြီး သောတက အားမလို အားမရ ဖြစ်ကာ ဆိုးဆိုးဆတ်ဆတ် သက်တံ့ လည်ပင်းမှာ ချိတ်ထား သော ဖုန်းကို ဆွဲထုတ်လိုက်သည်။

"ဟင် ကစားစရာ ဖုန်းကြီး"

ရှက်တာရော၊ ဝမ်းနည်းတာပါ ပေါင်းစပ်ပြီး သက်တံ့ မျက်လုံးမှ မျက်ရည်ပူများ အလိမ့်လိုက် စီးကျလာသည်။

"သက်တံ့... နင်မငိုပါနဲ့ဟာ၊ ငါ မသိလို့ တကယ် သိလို့ ပါဟာနော်... တိတ်တော့နော်"

ပြောကာမှ သက်တံ့က ပိုငိုတော့သည်။

သက်တံ့ရဲ့ မျက်ရည်တွေကို မြင်နိုင်စွမ်း မရှိသူ သောတက သူ့ ဟန်းဒ်ဖုန်းကို သက်တံ့၏ ဖုန်းအိတ်ကလေးထဲ ထည့်ပေးလိုက်ပြီး

"ရော့... ဒါလေး ခဏယူထားနော်၊ နင့်ဆီ ငါ ဖုန်းဆက် ချင်လို့"

"ဟင့်အင်း၊ ငါမယူချင်ပါဘူးဟယ်၊ တော်ကြာ နင့်အဒေါ်က ပြောနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူကို ယူရမယ်။ ဘယ်သူမှ ပြောလို့ မရဘူး၊ ဒါငါ့ကိုယ်ပိုင် ဖုန်း။ နောက်တစ်လုံး ပင်ကို့ကို အချိန်မရွေး ဝယ်နိုင်းလို့ ရတယ် ပင်ကီက နင့်ဦးလေးလို ကပ်စေးမနဲ့ဘူး သိလား"

လိုချင်တာရသွားတော့ သက်တံ့ မျက်နှာလေးက တဖြည်းဖြည်း ကြည်လင်လာသည်။

"ကျေးဇူးပါပဲ သောတရယ်၊ နင်လိုရင် အချိန်မရွေး ပြန်လာ ယူနော်၊ တစ်ခုတော့ ကြောက်တယ်ဟဲ့ ငါ့ ဦးလေး သိရင် ကွိုင်တက် မလား မသိဘူး။ မနက်တုန်းက ငါ့ကို ပြောတယ်။ ဖုန်းလိုချင်တာ ရည်းစားထားချင်လို့ မဟုတ်လားတဲ့"

"ဟုတ်တယ်လို့ ပြောလိုက်ပေါ့၊ သူ မသိအောင် ဝှက်ထား ပေါ့ သက်တံ့ရဲ့၊ နေဦး ငါ ဖုန်းသံလေးအစား vibration လုပ်ပေးထား ခဲ့မယ်၊ ဒါဆို အသံမမြည်တော့ဘူးလေ၊ ဒါပဲနော် ငါ ညတိုင်း ဖုန်းဆက်မှာ စောင့်နေ သိလား"

ချစ်တယ်ဆိုတဲ့ စကားလေး နှစ်ခွန်းကို သူ့ နှုတ်က ထွက်လာ ဖို့ အတော်ခဲယဉ်းနေသည်။ တကယ်ချစ်ပြီဆို ဒီလိုပဲ တုန့်နှေးသွားတတ် သလား မပြောတတ်ပါ။ သက်တံ့ မျက်နှာလေးကို ကြည့်ပြီး နှုတ်ဖျားက





ထွက်ကျချင်နေတဲ့ စကားလေး နှစ်ခွန်းဟာ အလိုအလျောက် ပြန်ပြန် ငင်သွားကြသည်။

ကြည့်နေရရင်ပဲ သူမှာ ကျေနပ်နေရသည်။ တစိမ့်စိမ့် ကြည့်လေ ရင်ထဲက ချစ်စိတ်တွေ တရိပ်ရိပ် တက်လေပင်။ ဓါတ်လိုက် တာလား ရှော့ရိုက်တာလား သောတ သေချာ မသိပါ။ ဒါပေမယ့် ချစ်တာက ချစ်တာပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



Title - အချစ်အတွက် လက်ဆောင်

Actor List - ဦးမျိုးမှန်၊ ပင်ကီနှင့် အုံ့မခန်း

P.S - (အောင်သွယ်တော်ကြီး တစ်ပတ်ရိုက်တယ်)

ဆောင်းညပြာသို စာပေ



တစ်နေ့ တစ်နေ့ ပင်ကီ့ကို ချောင်းချောင်းကြည့်ပြီး အချစ်စိတ်တွေ ဒီဂရီ မြင့်မြင့်လာသူမှာ ဦးမျိုးမှန် ဖြစ်သည်။

မျိုးသိပ်ကြည့်ဖို့ ကြိုးစားသည်။ မအောင်မြင်ပါ။ လူလုံးပြပြီး ချစ်စကားဆိုရမှာလည်း ကိုယ့်ရုပ်ရည် ကိုယ်သိ၍ အားငယ်မိသည်။

ကြားထဲမှာ တစ်ယောက်တော့ လိုနေပါပြီ။ အောင်သွယ်ကောင်းလျှင် မင်းကုသလို ရုပ်မျိုးလည်း မယ်စကြာဝဠာနှင့် ညားချင် ညားနိုင်သည်ဟု ဦးမျိုးမှန်က ယုံကြည်ထားသည်။ ယုံကြည်သည့် အတိုင်း သူ ကြိုးစားသည်။

သူရှာဖွေ တွေ့ရှိတဲ့ မြားနတ်မောင်က သူ့ ဒရိုင်ဘာ အုံ့မခန်း ဖြစ်သည်။

"ဟေ့ကောင်၊ ဟိုဘက်အိမ်က မိန်းမ နာမည်က ရှယ်လီ ပင်ကီဆို"

အုံ့မခန်းက သူ့ဆရာ ဦးမျိုးမှန်ကို မချိုမချဉ် မျက်နှာပေးဖြင့် ကြည့်၏။ ထိုနောက် ငါးရှူပြုံးလေး ပြုံးရင်း

"သူတို့မှာ မောင်နှမ သုံးယောက်ရှိတာ သူက အငယ်ဆုံးလေ။ သူ့အစ်မက ရှယ်လီစန္ဒီတဲ့၊ ဆုံးသွားရှာပါပြီ။ သောတတို့ အမေပေါ့၊ သူ့အစ်ကိုက ရှယ်လီတိုနီတဲ့ မန္တလေးမှာ၊ ဆရာ သူတို့ မျိုးရိုးက ရှယ်တွေချည်းပဲနော်၊ သတိထား"

ဆောင်းညပြာသို စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ မင်းကွာ၊ စကားကောင်း ပြောစမ်း၊ ငါ သိချင်တာက သူ ဘာကြောင့် အပျိုကြီး ဖြစ်နေရလဲဆိုတာပဲ"

"အဲဒါတော့ ကျွန်တော် ဘယ်သိမလဲ ဆရာ"

အမှန်တော့ ကျွန်တော် မယူသေးလို့ဟု ဖြေချင်တာ။ ဆရာဆိုတော့လည်း နည်းနည်းပါးပါး favour ပေးရတာပေါ့။ သူက ကိုယ့်ထက် ပိုပြီး senior ကျတာလေ။ နောက်ပြီး ပင်ကီက သူ့ဆရာကို စိတ်လည်းလည်မှာ မဟုတ်သလို သိထားတာကလည်း ဒရိုင်ဘာ ဆိုတော့ ပွဲက သိမ်းနေပြီးသား။

"ငါ မခံစားနိုင်တော့လို့ မင်းကို ဖွင့်ပြောရတာကွ၊ အဲဒီ မိန်းမကို ငါ ချစ်မိနေပြီ ထင်တယ်။ ဒါပေမယ့်ကွာ ငါစိုးရိမ်တာက သူ့မှာ ချစ်ဦးသူတွေ ဘာတွေများ ရှိသလား၊ အသည်းကွဲဖူးသလား၊ ဘာညာပေါ့"

"ဟား ဟား မြှားနတ်မောင်က ဆရာ့ heart ကို ချိန်ပြီး ပစ်နေတာ အနှစ်နှစ်ဆယ်လောက်ရှိပြီ ဆရာ။ တစ်ချိန်လုံး လွဲနေသမျှ ဒီတစ်ခါတော့ တကယ် ထိသွားပြီလား ဆရာရယ်"

"အဲဒီအတွက် ငါ မင်းကိုပဲ အားကိုးပါရစေကွာ"

"ဆရာ ကျွန်တော့်ကို ယုံတယ် မဟုတ်လား၊ အဲဒီ ပန်းပွင့်ကြီးကို ဆရာ့ အတွက်ရအောင် ယူပေးမယ်"





"ဟော့ကောင် တစ်ခုတော့ရှိတယ်နော်၊ ငါက အဲဒီ ပန်းပွင့်ကြီးသာ လိုချင်တာနော်၊ ငါ့အိမ်က ပန်းကလေးကိုတော့ အပါမခံနိုင်ဘူးကွ၊ သူ့မှာ စပ်ဖြဲဖြဲရုပ်နဲ့ ခပ်ဖြောင့်ဖြောင့် တူတစ်ကောင် ရှိတယ် မဟုတ်လား"

"ဆရာ့ကို ကျွန်တော် လေးလေးနက်နက် ပြောချင်တာက ဒီနေ့ ဒီချိန်ကစပြီး ဆရာ ကျွန်တော့် အနောက်မှာပဲ နေရမယ်၊ ရုပ်လုံးသိပ်မပြရဘူးနော်၊ မိန်းမဆိုတာ အနုပညာပဲဗျ၊ မထင်မှတ် ထားတဲ့ အထူးအဆန်းကလေးတွေကို သူတို့ မျှော်လင့်မထားတဲ့ အချိန်မှာ ထုပ်ပြနိုင်ရင် အိုကေပဲဗျာ၊ ယုံတယ် မဟုတ်လား ဆရာ"

"အားကိုးပါတယ်ကွာ"

"အားကိုးရင် ပိုက်ဆံထုတ်ပေး ဆရာ၊ ပိုးကြေးပန်းကြေး သိုတယ်လေ"

ဦးမျိုးမှန် မျက်နှာက ရှုံ့မဲ့သွားသည်။ သူက လူသာလိုချင်တာလေ... သူ့အိတ်ထဲက ထွက်ချင်တာမှ မဟုတ်တာ။

"ဘယ်လောက်တောင်လဲကွ"

"လောလောဆယ် နှစ်သိန်းပေးထား ဆရာ၊ သူ သိပ်ကြိုက်တဲ့ Estee Lauder ရေမွှေးကတင် တစ်သိန်းလောက် ရှိတယ်။ ဒီလောက်



www.burmeseclassic.com

တော့ ရင်းရလိမ့်မယ်နော်။ ပြီးမှ မင်းက အဖြစ်မရှိဘူး မလုပ်နဲ့၊ အလျှော်သင့်သလို ကျွန်တော် ကြဲဖန်သွားမှာ"

"ငါတော့ ဆရာတင်တာ မှားပြီနဲ့ တူတယ်ကွာ"

ကော်တရာ ကပ်စေးနဲကြီးက လက်ကလေး ကတုန်ကယင်ဖြင့် ငွေနှစ်သိန်းကို ထုတ်ပေးလိုက်ပါသည်။ သက်တံ့က မြင်သွားပြီး အုံ့မခန်း ဆီမှ မုန့်ဖိုး ပြန်တောင်းရန် ဆုံးဖြတ်ပြီးသား ဖြစ်သည်။





အုံ့မခန်းက ပြောစရာရှိသည် ဆိုပြီး ဖုန်းဆက်၍ မျှော်စင်ကျွန်းသို့ လာခဲ့ရန် တောင်းဆိုသည်။ နဂိုကမှ ပါချင်ချင်ဆိုတော့ နှစ်ခါတောင် ပါးစပ်ညောင်းခံပြီး ငြင်းမနေတော့ပါဘူး သွားလိုက် တာပါပဲ။

ကန်တော်ကြီးရောက်တော့ လတ်ဆတ်သော လေတွေကို ဆင်ကီက တစ်ဝကြီး ရှူသွင်းလိုက်ပြီး ရှက်သွေးဖြာနေသော သူ့မစိတ်ကို တည်ငြိမ်အောင် ပြန်ထိန်းယူလိုက်သည်။ မျှော်စင်ကျွန်းထဲ ဝင်ပြီး အုံ့မခန်းရဲ့ ကားကို ရှာကြည့်သည်။

ထီးကလေးတွေ မိုးထားသော ရှမ်းရိုးရာ စားသောက်ဆိုင် ကလေး ရှေ့မှာ သူစီးနေကျ PRADO ကားကြီးကို ပြောင်လက်စွာ တွေ့လိုက်ရသည်။ သူ့ ကြည့်ရတာ သူ့ကားကို တော်တော် တန်ဖိုးထား ပုံရသည်။ ဒရိုင်ဘာသာ ခန့်ထားတာ။ သူတွေ့လိုက်တိုင်း ကိုယ်တိုင် မောင်းလာတာသာ တွေ့ရသည်။ ပြီးတော့ သူ့ကားဆိုတာကြီးမှာ ဖုန်ဆိုလို့ တစ်စက်မှကို ရှာမတွေ့ဘဲ ဖိတ်ဖိတ်လက်နေမြဲ။

ရေစပ်နားရှိ ထီးကလေးအောက်မှာ ထိုင်နေသော အုံ့မခန်းက ဆင်ကီ့ကို မတ်တတ်ရပ်၍ စောင့်ကြိုနေခဲ့သည်။

"ဘာတွေများ အရေးကြီးနေလို့လဲ ကိုအုံ့မခန်းရဲ့"

www.burmeseclassic.com



"ပင်ကီ၊ ဒီနေ့ ဘာနေ့လဲ သိလား"

"သောကြာနေ့လေ ဘာဖြစ်လို့လဲ"

ပင်ကီက အူကြောင်ကြောင် ပြန်မေးတော့

"မဟုတ်ဘူးလေ... ဒီနေ့ဆို ပင်ကီနဲ့ ကျွန်တော် စတွေ့တာ နှစ်လပြည့်တဲ့ နေ့လေ"

"ဟုတ်လား"

ကြည့်စမ်း။ သူက ပင်ကီ့ကို အဲသလောက်ထိ တန်ဖိုးထားသတဲ့လား။ အတွေ့နောက်ကျလိုက်လေခြင်း။ ရင်ခုန်သံတွေ လတ်ဆတ်လာအောင် သင်ပေးနေတာလား အံ့ခနဲ့ရယ်။

မျက်လွှာကလေးချကာ ရှက်ရိပ်ဖြာနေသော ပင်ကီ့ကို

"ကျွန်တော့်ကို ကြည့်ပါဦး ပင်ကီရယ်"

မျက်လုံးလေးတွေ ခလုတ်တိုက်မိကြသည်။ သူ့ အကြည့်စူးရှတွေက ပင်ကီ့ ရင်ကို ဖြောင်းဆန်စေသည်။ သူက ပါဆယ်ထုပ်ကလေး တစ်ထုပ်ကို လှမ်းပေးရင်း

"ကျွန်တော်တို့ စတွေ့တဲ့ အထိမ်းအမှတ်အဖြစ် ပင်ကီ့ဆီက အမြဲရတတ်တဲ့ ရေမွှေးလေး လက်ဆောင်ပေးပါရစေ၊ လက်ခံ ပေးပါနော်"





တွေ့တာ မကြာသေးမေမဲ့ သူက ပင်ကီ့ ကိုယ်သင်းနံ့ကို သိနေတာ အံ့သြစရာပါလား။ ဒီနေ့ ဒီအချိန်ထိ ဘယ်ယောကျ်ားကမှ ပင်ကီ့ကို အသေးစိတ် သူ့လို ဂရုမစိုက်ခဲ့ဖူးပါ။ သူ့ကိုမှ ပင်ကီ ရင်မခုန်ရင် ဘယ်သူ့ကို ရင်ခုန်ရဦးမှာတုန်း။

(အံ့မခန်း သိနေတာက ရှင်းရှင်း အခြောက် အာချောင်ပြီး ပြောပြလို့)

"နောက်ပြီး လက်ဆောင်ပေးပြီး တောင်းဆိုတယ်လို့ မထင်ပါနဲ့နော်... ကျွန်တော်... ကျွန်တော်လေ ပင်ကီ့ကို နက်နက်ရှိုင်းရှိုင်းကို ချစ်နေမိပြီ... ကျွန်တော်တို့ အသက်တွေလည်း မငယ်ကြ တော့ဘူး မဟုတ်လား၊ အချိန်မဆွဲစေချင်တော့ဘူး"

ရုတ်တရက်ကြီး ကြားချင်လွန်းတဲ့ ရည်းစားစကားကို ပြောလိုက်တော့ ပင်ကီက ယောင်ယောင်မှားမှားဖြင့်

"ဆွဲပါဘူး၊ ဘယ်သူက ဆွဲနေလို့လဲ"

"ဗျာ... ဒါ... ဒါဆို... ပင်ကီ ကျွန်တော့်ကို ပြန်ချစ်တယ် ပေါ့ ဟုတ်လား"

"ဟောတော့ သွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှက်မနေပါနဲ့ ပင်ကီရယ်... ဒီစကား နှစ်ခွန်းပြောရ
ဘာမှ အပန်းမကြီးပါဘူး။ ပြောနော်၊ ချစ်တယ်လို့ ကြားချင်လွန်းလို့

အပျိုကြီး ရှာန်ရွှေ့သွားပါပြီ။

"ချစ်တယ်"

တဲ့။ အဖြေ ပြန်ပေးလိုက်ပါသည်။

"တကယ်... ဟား... ပျော်လိုက်တာဗျာ... "

အုံ့မခန်းဆိုတဲ့ လူပျိုကြီးက အပျော်လွန်ပြီး ပင်ကီ့ လက်
ဖက်ကို ဆွဲယူကာ လက်ဖဝါးလေးကို သူ့နှုတ်ခမ်းလေးဖြင့် ခပ်ဖိဖိလေး
နမ်းပစ်လိုက်သည်။ အပျိုကြီးမှာ ဓါတ်လိုက်သလို တုန်သွားသည်။

ကျေးဖူးရှင်ကြီး ဦးမိုးမှန်ကိုလည်း လုမ်းပြီး မေတ္တာပို့ရသေ
သည်။ သူ့ ကျေးဖူးကြောင့်သာ မဟုတ်လျှင် ပင်ကီ့ အနားကပ်
အခွင့် အရေးက သိပ်မလွယ်ပါ။ တစ်ယောက်မျက်နှာ တစ်ယောက်
ရှွန်းရွှန်းစားစားကြီး စိုက်ကြည့်ပြီး အုံ့မခန်းက ကော်ဖီခွက်ကို ဖွန်းနှင့်
အသေအချာ မွှေပေးပြီး ပင်ကီ့ကို သောက်စေသည်။

ဒီလောက်ဂရုစိုက်တဲ့ ယောကျ်ားနှင့် တွေ့ခွင့်ရတာ ပင်ကီ့
အတွက်တော့ မင်္ဂလာတစ်ပါးပါပဲ။





သူတို့ကသာ မကြားတာ။ စားပွဲထိုး ကောင်လေး နှစ်ယောက်
က သူတို့စုံတွဲကို ကြည့်ပြီး မှတ်ချက်ပေးနေကြသည်။

"လင်မယားနဲ့လည်း မတူဘူး။ ရည်းစား ပြောရအောင် ဒီ
အသက်ဒီအရွယ်ကြီးတွေနဲ့"

"မင်းကလဲ သူတို့ လင်တွေ မိန်းမတွေ မသိအောင် လာပြီး
ချိန်းတွေ့တာနေမှာပေါ့၊ ကြည့်ပါလား အကြည့်ဆိုက်နေကြတာ
တစ်လောကလုံးမှာ သူတို့ နှစ်ယောက်တည်းရှိတဲ့ အတိုင်းပဲ... "
တဲ့။

ဘယ်သူတွေ ဘာပဲပြောပြော အပျိုကြီး ပင်ကီကတော့ စွံတော့
မည်မို့ မျက်နှာကြီးက ဝင်းပကာ နေ့ခင်းကြောင်တောင် ထသာတဲ့
လမင်းကြီး ကျနေတာပဲ။

အောင်သွယ်တော်ကြီး မြားနတ်မောင်က မြားနဲ့ချိန်ပြီး ပစ်ရမဲ့
အစား မှားပြီး လူနဲ့ ပစ်မိလို့ ဖူးစာရှင်က မြားနတ်မောင် ကိုယ်တိုင်
ဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



Title - ကာရာအိုကေ ဆိုမယ်

Actor List - သောတ၊ ရှင်းရှင်း၊ စာဥနှင့် ဒေါ်ခင်လေးသန်း

P.S - စိုင်းစိုင်းသောတနှင့် ဘွားဘွား သိရိဆွေ





မိုးလင်းပြီဆိုတာနှင့် အဘွားက သောင်းကျန်းတော့သည်။ သူ ဘာလုပ်ချင်သလဲ သိလား။ ကာရာအိုကေ ဆိုချင်လို့တဲ့။ အဘွားက သောတကို

"ကိုသန်းမောင် ကာရာအိုကေ သွားဆိုရအောင်လေ၊ အမေ့ ဆီက ပိုက်ဆံတောင်းထားပြီးပြီတော့"

တဲ့၊ သောတက ရယ်လည်း ရယ်ချင်သည်၊ ဒီအသက် ဒီအရွယ် ကြီးနှင့် သွားဆိုလို့ကတော့ လူတွေ ဝိုင်းဟားကြတော့မည်။ အရှုံးမ စာဥက အဘွားကို လက်သည်းနီ ဆိုးပေးနေရင်း

"ပေးဆိုလိုက်ပါ အိုပါးရယ်၊ သနားပါတယ် စာဥလည်း ခေါ်နော် အဘွား"

အဘွားက စာဥခေါင်းကို ဒေါက်ခနဲ ခေါက်ထည့်ပြီး

"လာပြန်ပြီ ဒီပါးစပ်က… အဘွားတဲ့၊ နားကြားပျင်းကပ်တယ် တကယ်ပဲ"

"မှားလို့ မမလို့ ခေါ်မယ်နော် မမ… "

"ဟဲ့ ဒါနဲ့ ဟိုအခြောက်လေးရော… "

"ရှင်းရှင်းရေ… ဒီမှာ မမက နင့်ကို ခေါ်နေတယ် လာဦး"

စာဥ စိတ်ညစ်နေပါသည်။ ရွှေမြို့တော်ကြီးက လူတွေများ အခေါ်အရွယ်လည်း မမပဲ။ ဟော အဘွား အရွယ်ကျပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မမပဲတဲ့။ ရှုပ်နေတာပဲ တော်တော်ငယ်ချင်ကြတဲ့ ဟာတွေ။ ရွာမှာထ စိတ်ရှိလက်ရှိ ခေါ်လိုက်ရရင် ကြီးဒေါ်တို့ အဘွားကြီးတို့ ထွက်ကုန်တော့ မည်။ ဒါဆို ခေါင်းမှာလည်း ဘုတွေ ဆယ်လုံးလောက် တန်းစီသွားနိုင် သည်။ သူတို့တွေ ခေါက်လို့လေ... စာဥလည်း ရောမရောက်ရှင် ရောမလို ကျင့်ရမှန်း နားလည်နေပါပြီ။

စာဥက ယောင်းမကြီး ကိုင်ပြီး ထွက်လာသော ရှင်းရှင်းကို အဖော်ရအောင် စည်းရုံးရေး ဆင်းနေသည်။ ရွာမှာဆို သီချင်းဆိုရှင် လွှန်းလို့ ဦးအောင်သန်း ကာရာအိုကေဆိုင်မှာ တန်းစီပြီး စောင့်နေ တာ။ မပြီးနိုင် မစီးနိုင် ဟဲနေတဲ့ လူတွေဆို နောက်က စောင့်နေရတဲ့ သူတွေက ခဲစာကျွေးပြီးသား။ အားပေးတာများ ပြောပါတယ်။

"ဘာရယ်... အဘွားက ကာရာအိုကေ ဆိုမယ်... ဟား... ဟား... ဟား... အမယ်လေး ရယ်ရတယ်တော့ ... ဟား... ဟား... "

"ဟဲ့... အခြောက် နင်က ဘာရယ်တာလဲ"

ရှင်းရှင်းက မျက်နှာပိုး ပြန်သတ်ရင်း

"မရယ်ပါဘူး အဘွားရယ်၊ ဒါနဲ့ အဘွားက ဘာသီချင်းမျိုး မှာလဲ၊ တွံတေးသိန်းတန်လား၊ ချိုပြုံးလား၊ ပိုးအိစံလား"





"အမယ်လေး သူတို့ သီချင်းတွေ ကျုပ်က မကြိုက်ပေါင်... နင်တို့ ဆယ်စုကျော်နှ သီချင်းခွေ ကြည့်ဖူးတယ် မဟုတ်လား၊ ဟို အဆိုတော်လေးလေ စိုင်းစိုင်းလေ စိုင်းစိုင်း ကျုပ်က သူ့ကို ကြိုက်လွန်း လို့၊ သူနဲ့ ဟိုကောင်မလေး ဆိုထားတာလေ နင်နဲ့ ငါနဲ့ အဲဒါ သွားဆို မလို့... ဟစ်ဟော့လေ ဟစ်ဟော့... ဟဲ... ဟဲ..."

"ဗုဒ္ဓေါ"

သောတဆီက ထွက်လာတဲ့ ဘုရားတသံပါ။

"ကဲ ရှင်းရှင်းရေ လိုက်မှာဖြင့်လည်း လိုက်ခဲ့၊ နင့်အလုပ်တွေ မြန်မြန် လက်စသတ်တော့၊ ဒီမှာ မနက်ကတည်းက ဂျီကျနေတာ ငါ့ နားတွေလည်း အူလှုပြီနော်... သွားမယ် လိုက်ခဲ့ကြ"

ဂျီမှန်း မဟုတ်တဲ့ ဂျီဘွားဘွားကို သောတက M3 သို့ ခေါ်သွား ပါသည်။ ကြိုက်သလိုဆို၊ မိုးချုပ်တဲ့အထိ ဆိုပေတော့ပဲ၊ သူ့ နားတွေ ပိတ်ထားဖို့ ဂွမ်းစလည်း ဆောင်လာပြီးသား။

ရှင်းရှင်းနဲ့ စာဥက တက်ကြွနေသည်။ အပီဟဲမယ့် ပုံတွေနှင့် မိုက်တစ်လုံးကို နှစ်ယောက်လုနေကြသည်။ သောတက အဘွားဆိုမည့် သီချင်းကိုရှာပြီး နံပါတ် ထည့်ပေးသည်။

"ကိုသန်းမောင်... နင်က စိုင်းစိုင်း လုပ်ပြီး လိုက်ဆိုပေး နော်၊ ကျုပ်က သီရိခွေလို ဆိုမယ်... အပီကို ဟဲပစ်မယ်။ ဟိုနှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



က dancer လုပ်ပြီး လိုက်ကကြ၊ အဲဒီ သီချင်းထဲကလို ငါ့ကို ဂျာကင်အင်္ကျီလေး လာပေးနော်... ငါက ဝတ်ပြီး ဆိုမှာ''

သူ့သဘောအတိုင်း အားလုံး လိုက်လုပ်ပေးရသည်။ Intro မဝင်တတ်သဖြင့် သောတက အော်ပေးရသည်။ ဘွားဘွား သီရိဆွေက မိုက်ကိုင်ပြီး အသင့်ဖြစ်နေပြီ။

''ဝမ်း... တူး... သရီး... အဘွားဆိုတော့ ရပြီ...''

♫ (သီချင်း)

တိမ်တိုက်လိုပဲကွယ်၊ လေထဲမှာ မျောတယ်

ရင်ထဲမှာ မောဟိုက်လို့ နွမ်းလျ၊ ထားခဲ့တဲ့ သစ္စာ

နင်လေ ပြောတယ်၊ ကမ္ဘာမှာ အချစ်ဆုံးပဲ

ငါ့အနားနား အမြဲရှိခဲ့၊ အသစ်နောက်တစ်ယောက်နဲ့ မတွေ့ခင်

မင်းစကားတွေ လေးနဲ့စားလည်း မယုံတော့ဘူးဟေ့

မင်းအချစ်ကို အခြောက်နဲ့ မြှောက်လည်း ငါအချစ်ကို

မမှီနိုင်ဘူး ♫

''အဘွား ခြောက်... ခြောက်... အခြောက်မဟုတ်ဘူး''

''ဟုတ်လား... အေး... အေး... ငါ့မျက်မှန် ပါမလာလို့ ဟဲ့''

ရှင်းရှင်းကျ သူ့ကို စောင်းဆိုတယ် ထင်ပြီး မျက်နှာ





ရှုံ့မဲ့သွား၏။

''ဆက်ဆိုမယ်... ဟဲ့ ကကြလေ''

ကရပြန်ပါပြီ။ စာဥက ဝိုတောင်ရယ်ရသေး၏၊ ထဘီကြီး တကားကားနဲ့ ဟစ်ဟော့ သီချင်းကို ကနေရတာလေ။ အဘွားက သီချင်း ဆက်ဆိုသည်။

♫ မင်းစကားတွေ မလေးစားတော့ဘူး... မယုံတော့ဘူးဟေ့

မလာပါနဲ့၊ မညာပါနဲ့၊ စာနာပါ ငါ့ကို ထားခဲ့ဦး... အို... အို့

နင်နဲ့ ငါနဲ့၊ ငါနဲ့ နင်နဲ့ အိုး... ပြိုလဲကြေကွဲ ငိုမျက်ရည်ဝဲ အိုး

ပျော်မြူး ကြည်နူး ယစ်မူးပေမဲ့ အိုး... ပြိုလဲ ကြေကွဲ ငိုမျက်ရည်ဝဲ... ♫

''ဟဲ့... စိုင်းစိုင်း ဆိုလေ ဆို ... ''

သောတက စိုင်းစိုင်းဆိုတဲ့ အပိုဒ်ကို ဆိုရပါသည်။ ဟိုနှစ်ကောင်က အရှိန်ရလာတော့ ကလို့ကောင်းတုန်း။

♫ ကံကို ယုံကြည်ခဲ့ ကံကြမ္မာက အကြင်နာ နည်းနည်း

ကံကို ယုံကြည်ခဲ့ ကံကြမ္မာက မင်ရည်ကျဲကျဲ ♫

အဘွားက ဆက်ဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



♫ ငါနှင့်ကို မုန်းတယ် ရှောင်ပြီးတော့ ပုန်းမယ်
ငါ အရှုံးပေးဖို့ နောက်ထပ်တော့ နှင့်ကို မစဉ်းစားတော့ဘူး
မလိုချင်တော့ဘူး မင်းပေးမဲ့ အနမ်း... ပစ်သွားလိုက်၊
ကစားလိုက် ငါအရှုံးမ မဟုတ်ဘူး ♫

ခုနက အပိုဒ်ကို ပြန်ဆို ပြန်သည်။ အဘွားက ဒီသီချင်းကို မန္တလေးမှာ ဘယ်လို ကျင့်ထားသလဲ မသိ။ တော်တော်ကြီးကို ပိုင်ပိုင်နိုင်နိုင် ဆိုနိုင်ပါသည်။ အခန်းထဲသို့ အအေးလာပေးသော ကောင်လေးက အဘွားကို ကြည့်ပြီး အံ့သြသွားပုံရသည်။ မျက်နှာက ဟိုဘက်လှည့်ပြီး ပြုံးစိစိ

♫ ရှုံးသွပ်အောင်များ ရက်စက်တာပဲလား အိုး
ရှုံးသွားပြီလို့ ငါ့စိတ်က ထင်မှား အိုး အရှုံးမလုပ်ပါနဲ့
အရှုံး ဖြစ်တော့မယ်၊ အရှုံးကြီးတစ်ယောက်လို ငါဟာ ခံစား
ရှုံးလောက်အောင် မုန်းတယ်၊ မုန်းတယ်၊ မုန်းတယ်...
အိုး ♫

သောတက ဆက်ဆိုပေးရသည်။ အဘွားက မောသွား၍ ရှေသောက်နေပါသည်။ သူ့ပုံစံက တကယ့် အဆိုတော်ကြီးတွေ စင်ပေါ်မှာ ဆိုသည့်အတိုင်း။

♫ ငါ့ကို ဖြတ်ချင်ဖြတ်၊ နှင် သတ်ချင်သတ်ပါ၊ လုပ်ချင်သလို





လုပ်၊ နှင်ငါ့ကို မမုန်းနဲ့၊ အနေအထိုင် မတတ်ခဲ့ ကြားထဲ ညှပ်တယ်။ နှင်ပြောသမျှက ဟုတ်မှ မဟုတ်ဘဲ နှင်ထင်သလို ငါ ရှုပ်မှ မရှုပ်ဘဲ၊ ဘယ်ခါမှ နှင့်ကို အရှုပ်မလုပ်ခဲ့၊ နှင့်ပါးစပ်က ပစ်စလက်ခတ်ပဲ ပေးစား ပစ်တယ် မဟုတ်တရုတ်နဲ့၊ အဖြစ်မှန်က နှင့်အထင်နဲ့ တခြားစီပဲ၊ အမြဲလိုပဲ နှင်သံသယထားသည်။ စိတ်မချ အဲဒါ ပြဿနာ ပြိုလဲကြေကွဲ တကယ့်ကို မှားပြီ၊ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တယ်။ နှင် ပြောလာတဲ့ ငါ့အပြစ်က အပေါင်းအသင်းမက်၊ လိုက်လျော အားနာ တတ်တယ် ကြင်နာခဲ့၊ နောက်ဆက်တွဲက မကောင်းသတင်း ထွက် တယ်။ လိမ်တယ် ညာတယ် သူ စွပ်စွဲတယ်၊ ကျိန်တွယ် ပါတယ် ဆုတ်မဖြဲနဲ့ မသေချာ မရေရာ တကယ်ကိုပဲကွယ်၊ မယုံကြည်နိုင်တာ ဘာကြောင့်လဲ ရှေ့ဆက်ဖို့ လမ်းစပျောက်၊ ရှင်းမရ ရှုပ်ပွလို့ ငါ့မှာ ဂေါက်ဂေါက် အဆုံး သတ်တော့ ငါးပါးမှောက်... လူတွေ တကယ် မလွယ်ပါလား... သားသား ကြောက်ကြောက်... ♫

''ဝိုး... မိုက်တယ်ဟေ့၊ ကိုသန်းမောင်ကြီးက တော်လိုက်တာတော်၊ တကယ်ပြောတာ ကျွန်မလောက် နီးနီးကို တော်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ဟီး"

"ခွီ ခွီ"

ရှင်းရှင်းနှင့် စာဥက စိတ်မထိန်းနိုင်တော့ ထရယ်ကြသည်။ ဘွားဘွားကြီးက သောတကို အဘွားတွေ၊ ဘာတွေ ပေးလိုက်သော သည်။ အဘွားကို ကြည့်ရတာ ပူပင်သောကဟူ၍ စိုးစဉ်းမျှ မရှိတော့ အချိန်တိုင်း နေရာတိုင်းမှာ ပျော်မြူးနေတတ်တာက ကလေးလေး တစ်ယောက်နှယ်။ ကလေးတောင်မှ ဗိုက်ဆာလျှင် အလိုမကျလျှင် ငိုချင် ငိုလိမ့်ဦးမည်။

အဘွားက ဘာတွေ စိတ်ကူး ပေါက်လာသည် မသိ၊ ကောက်ခါ ငင်ခါဖြင့် သောတအား

"ဒါနဲ့ ကိုသန်းမောင်ကို မေးရဦးမယ်... ခုနတုန်းက စိုင်းစိုင်း သီချင်းထဲမှာ ဘာတဲ့ အနေအထိုင် မတတ်လို့ ကြမ်းကြား ညှပ်တယ်တဲ့ အဲဒါ ဘာကို ပြောတာတုန်းတော့"

"အဘွားက နားကြားမှားလို့ပါဗျာ၊ စိုင်းစိုင်းက ကြားထဲ ညှပ်တယ်လို့ ဆိုတာပါ၊ မယုံရင် စိုင်းစိုင်း သွားမေးကြည့်"

"အမယ်... အမယ် အိုပါးနော် လာပြီး ဖုံးဖိမ်နေနဲ့ စာဥတို့က ပေါက်ပြီးသား... ဟဲ... ဟဲ"





သောတမှာ သည်းခံနိုင်စွမ်း မရှိတော့။ သူငယ်ပြန်တဲ့ အဘွားက တစ်မျိုး၊ အရှုးမ စာဥက တစ်မျိုး။ အမယ်... ဟိုအခြောက် အသည်း ကြမ်းညှပ်တဲ့ ကိစ္စဆို စိတ်ဝင်စားသလား မမေးနဲ့... ချက်နာ ကြီးကို ဖြီးလို့

"တော်ပြီ၊ ဘာသီချင်းမှ မဆိုချင်တော့ဘူး အိမ်ပြန်မယ်"

သောတ စိတ်ဆိုးသွားပြီဆိုတော့ မျက်နှာငယ်လေးတွေနှင့် တန်းစီပြီး လိုက်လာကြသည်။ ပြောင်းသွားလိုက်သည့် ပုံစံတွေက ဒီသာမှာ တန်းစီပြီး လျှောက်နေသလိုမျိုး။ ခုနတုန်းက ကဲထားကြတာ သူတို့ မဟုတ်သည့်အတိုင်းပင်။ သူတို့နှင့်သာ ကြာကြာနေရပါလျှင် ရူးသာကြီးမှာ ဘဝဆုံးရမည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



- Title - ဖော်ရွေတတ်တဲ့ ကိုလူပျို
- Actor List - ဦးမျိုးမှန်နှင့် ဒေါ်ခင်လေးသန်း
- P.S - အကြွေးမရမှာစိုးလို့





ဆောင်းဝင်ပြီမို့ ရာသီဥတုက အေးစိမ့်စိမ့်လေး ဖြစ်လာသည်။ ထိုအချိန် ရောက်လျှင် လမ်းလျှောက် ရောဂါကြွလာသူက ဦးမျိုးမှန် ဖြစ်သည်။ အကြောင်းရင်းက ဆောင်းရာသီ၌ ကောင်မလေးတွေက ပြီး style မိုက်ကြတယ်လေ။

ဘယ်လိုကြည့်ကြည့် သူတို့က လှနေကြတာပါပဲ။ ကောင်မလေးတွေ မိုက်သလို ဟိုဘက်က လေဒီကြီးကလည်း သန်းနေတာပဲ ever နော် ever လန်းနေတာ... တစ်နေ့ကဆို ဆောင်းကုတ် အရှည်နဲ့ မာဖလာပတ်ပြီး လည်ရှည်ဒေါက်ရှူးစီးပြီး ထွက်လာတာများ ဦးမျိုးမှန့်မှာ အသက်ကို မှားရှူမိမတတ် ဖြစ်ရပါသည်။ $O_2$ ရှူရမလား $CO_2$ ပဲ ရှူရ မလား ဝေခွဲမရ ဖြစ်မိတာ တကယ့်ကို ဆုရားစူး။

ဘယ်နေရာမဆို အရန်တော့ ထားရစမြဲ မဟုတ်လား။ ကား များတောင်မှ ဘီးပေါက်မှာ စိုးလို့ ဘီးအပိုဆောင်ထားရသေးတာ။ သူလည်း လူအလျောက် အပိုဆောင်ထားတာ လွန်မှ မလွန်ပဲနော ဟိုဘက်က ဟာကြီးမရရင် small လေး တစ်ယောက်တော့ အဆင်သင့် ရှိနေသင့်သည်ဟု သူ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက သူ့ ရုပ်ရည်။ အမေ မွေးပေးတဲ့ ရုပ်ကို တစ်နေကုန် ထိုင်ကြည့်လို့ ရှိရင် အသက် တစ်နှစ်တိုမည့် ရုပ်တဲ့။ တစိမ့်စိမ့်ကြည့်ရင် တလိမ့်လိမ့် ပိတ်ကန်ချင်လာတဲ့အထိကို ဆွဲဆောင်အားက ကောင်းတာ။ ဒါကြောင့် သူက ဝေလီဝေလင်း လူလုံးမကွဲတဲ့ အချိန်မှာ ဝွင်တည့်မလားလို့ လိုက်လိုက်ဖန်တာ။

တစ်နှစ်ပြီး တစ်နှစ်သာ ကုန်လာသည်။ လူပျိုကြီးဘဝက မကျွတ်သည့် သူ့ဘဝ။ စိုင်းစိုင်းသီချင်းထဲကလိုပဲ အထီးကျန် သိမ်ငယ်မှုများစွာနှင့် လူပျိုကြီး ဖြစ်သည်။

လာမဲ့ သီတင်းကျွတ်ကျရင်တော့ ဒီဘဝက ကျွတ်တန်ကောင်းပါရဲ့ ဟိုကောင် မြားနတ်မောင် ဒရိုင်ဘာ ပြောတာကတော့ အခြေအနေက အိုကေနေပြီဆိုပဲ

ရင်းထားရတာက တစ်နင့်တစ်ပိုးကြီး မဟုတ်လား။ မရှိဘူးဆိုရင်ပဲ ငါးသိန်းကျော်နေပြီပဲ ဥစ္စာ။ အံ့မခန်းက အကြောင်းအမျိုးမျိုးပြပြီး ငွေတွေ ထုတ်နေသည်။ သူ့ရွေးပါလို့ ဘယ်လို ကျိန်တွယ် ပြောပြောယုံမှ မယုံကြတာဆိုတော့ သူ့ပဲ အားကိုးရတော့တာပေါ့။

ဇာတာ စန်းလဂ်တက်လာရင်တော့ လေဒီကြီးနဲ့လည်း အဆင်ပြေ၊ ဝေလီဝေလင်းမှာလည်း ဝွင်တွေတည့် ဘာမဆို ဖြစ်လာ





နိုင်သည်ပဲ။

ဦးမျိုးမှန်မှာ အတွေးချိုချိုလေးနှင့် ဗဟန်းဈေးရှေ့တွင် ဟိုငေးဒီငေးဖြင့် လမ်းလျှောက်လာစဉ် ဈေးထဲမှ ထွက်လာသော အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ဦးကို တွေ့ပြီး လှိုက်လှိုက်လှဲလှဲ အော်ပြီး နှုတ်ဆက်သည်။

"ဗျို့... ကိုသန်းစိန်ကြီး... နေကောင်းရဲ့လား" သူကသာ ဖော်ရွေနေတာ၊ ဟိုလူကဖြင့် ရှုံ့တွန့်တွန့်ပုံစံဖြင့်

"ကောင်းပါတယ်"

ဟု တိုးတိတ်စွာ ဖြေသည်။

တစ်ဖန် ဆက်လျှောက်လာရင်း ရွှေတိဂုံဘုရား မြောက်ဘက်မုခ်နားအရောက်တွင် မိန်းမရွယ်တစ်ယောက်ကို တွေ့ပြန်ပါသည်။

"ဟယ်လို... မကေသီ နေကောင်းရဲ့လား ခင်ဗျ... "

"ကိုမျိုးမှန်ကြီးကိုး... နေကောင်းလှတယ်တော့ မဟုတ်ပါဘူးရှင်၊ ဒီလိုပါပဲ"

"ခင်ဗျားတို့တွေ တယ်ခက်တာကိုးဗျ ကျန်းမာခြင်းသည် လာဘ်တစ်ပါးလို့ ဆိုထားတယ် မဟုတ်လား၊ ကျန်းမာအောင် နေမှပေါ့ဗျ၊ ကျုပ်ဆို မနက်တိုင်း လမ်းလျှောက်ထွက်တာ ခင်ဗျား အမြင်ပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ကျန်းမာအောင် နေပါဗျာ၊ ကျုပ် တအား စိတ်ပူတတ်တာ သိတယ်နော်…"

ကေသီဆိုတဲ့ မိန်းမက မချိသွားဖြလေးဖြင့်

"သိပါတယ်ရှင် သိပြီးသားပါ… ကိုမျိုးမှန်က ကျွန်မကို ဘယ်မှာတွေ့တွေ့ ကျန်းမာဖို့ အမြဲသတိပေးတတ်တာလေ… အိမ်က ဟာကြီးတောင်မှ ရှင့်လောက် ဂရုစိုက်ဖော်မရဘူး သိလား"

သေတော့မှာပဲ။ လမ်းကြောင်းတွေတော့ ချော်ကုန်ပါပြီ။ သူ့ကိုယ်က ကျိတ်ကြိုက်နေသလိုလို။

တကယ်မှာတော့ သူက ပိုက်ဆံတွေ ငွေ တိုးချပေးထားပြီး သူ့ဆီက ငွေယူထားသူများနှင့် တွေ့လျှင် အစဉ်အမြဲ ဖော်ရွေစွာ နှုတ်ဆက်တတ်သည်။ ကျန်းမာအောင်နေဖို့ သူ ပြောမည်။ ဒါကလည်း သူ့ပိုက်ဆံတွေ ဆုံးသွားမှာစိုးလို့ ဖြစ်သည်။ ကောက်ခါ ငင်ခါ အဲဒီလူ သေသွားလျှင် သူ့ငွေတွေ အကုန် ပလုံသွားမှာလေ။

လမ်းတွေ့လို့ အော်ကြီးဟစ်ကျယ် ရှင်ရှင်ပျပျ နှုတ်ဆက်ပြီ ဆိုလျှင် အဲဒီလူတွေဟာ သူ့ငွေတွေ ချေးယူထားမှန်း သိသာစေသည်။

တစ်နာရီလောက် လမ်းလျှောက်ပြီး သူ အိမ်ပြန်ခဲ့သည်။ ထုံးစံအတိုင်း အိမ်ထဲမဝင်ခင် ဟိုဘက်ခြံထဲကို လှမ်းကြည့်သည်။





နှစ်ဆယ်ကျော် အဘွားကြီး တစ်ယောက် ဒန်းစီးနေတာ တွေ့ရသည်။ အုံ့မခန်းက တစ်နေ့ကပြောတော့ အဲဒါ ပင်ကို အမေတဲ့။

အမယ်… အဘွားကြီးက ပြန်ကြည့်တယ်ဗျ။ ဟော… ရယ်ပြပြန်ပြီ။ မတော်ရသေးတဲ့ ယောက္ခမလောင်းကြီးက သဘောကောင်းလှချည်လား။ ဒီတော့ သမက်လောင်းကလည်း သိတတ်ရမှာပေါ့။ မျိုးမှန်တဲ့… ရှိသမျှ သွားနှစ်ဆယ့်ရှစ်ချောင်းကို အသကုန်ဖြဲပြီး ရယ်ပြ လိုက်တာပေါ့။ လေးချောင်းက ကျိုးလို့ ကုန်ပြီလေ။

အဘွားကြီး ပုံစံက ရှက်နေတဲ့ ပုံစံဗျ။ တစ်ချိန်လုံး ရယ်ပြနေတော့ မျက်နှာထားရ ခက်လာပြီဗျ။ တစ်ခါ… တစ်ခါ မျက်စိက မှိတ်မှိတ်ပြသေးတယ်။ အကြောတွေ ဘာတွေများ လိုက်နေသလား မသိဘူး။

ဦးမျိုးမှန်မှာ ဒေါ်ခင်လေးသန်းကို ကြည့်ပြီး မသက်မသာ ဖြစ်လာပြီး စကားလေး ဘာလေး ပြောကြည့်ရန် စဉ်းစားမိသည်။ ခြံစည်းရိုး အစပ်နားတွင် ရပ်ပြီး

"အမေ… "

ဟု အရဲစွန့်ကာ လှမ်းခေါ်လိုက်သည်။ အမယ်… ခေါ်လို့ ဘယ်ကောင်း။ အဘွားကြီးက သူ့ကို မခေါ်သလိုနှင့် ဟိုဟို ဒီဒီ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ရင်း

"ဒီမှာ သမီးတစ်ယောက်လုံး ရှိနေတာများ အမေကို လာမေး နေသေးတယ်... ပြောလေ... ဘာပြောမလို့လဲ... အမေ ထွက်မလာ ခင် မြန်မြန်ပြောလေလို့... "

မြတ်စွာဘုရား... ခုနစ်ဆယ်ကျော် အဘွားကြီးအသံက ဆယ့်ခုနစ်နှစ် သမီး အသံလေးလို နုရွနေပါလား။ ဘယ်လိုဖြစ်တာ ပါလိမ့်။ ပြီးတော့ သူ့မှာ အမေရှိသေးတယ်ဆိုပဲ။ သူ့အမေသာဆို အသက်က ကိုးဆယ်ကျော် တစ်ရာနားကပ်နေရောပေါ့။ ဖြစ်မှ မဖြစ် နိုင်တာ။

"အမေက ဘယ်သူလဲဟင်"

"အော်... တို့နာမည်က ခင်လေးသန်းတဲ့... မှတ်ထားနော် တို့အမေနာမည်က ရှယ်လီပင်ကီတဲ့၊ အလကား ဒီအဘွားကြီး သိပ်ပြီး ပစိပစပ်များတာ သားအမိသာပြောတယ်။ တဖောင်းဖေးနှင့် မျက်ချေးပဲ... ဘယ်တော့မှ မတည့်ဘူး သိလား... ဒါနဲ့ သူ့နာမည်က ဘယ်သူလဲဟင်..."

ကျောချမှ ခါးပြမှန်း သိသူက ဦးမျိုးမှန်ပါ။ ဒုတိယ အကြိမ် မြောက် ဘုရားတမိပြန်သည်။ သူငယ်ပြန်နေတာပါလား။ ကိုယ်ကိုး





နည်း ဒုက္ခရောက်ဖို့ သီသီကလေးပဲ လိုတော့တာ ပါလား။

"မျိုးမှန်လို့ ခေါ်ပါတယ် အမေ"

"လာပြန်ပြီ ဒီအမေ... အမေ မအားဘူးလေ။ အိမ်ထဲမှာ အလုပ်ရှုပ်နေပါတယ်ဆိုမှ... ဒီမှာ သမီးတစ်ယောက်လုံး အားနေတဲ့ ဟာကို... "

မဖြစ်တော့ဘူး...။ တကယ့် မလွယ်ပေါက်ပါလား။ ဦးမျိုးမှန်မှာ "သွားပြီ အမေရေ... " ဟုအော်ပြီး တစ်ချိုးတည်း လစ်ပြေးတော့သည်။

တော်ကြာ သမီးက ပြန်မကြိုက်ဘဲ အမေနှင့် စခန်းသွားနေ ရလျှင် ခက်ခက်လှချည်ရဲ့။

အခုမှ မျိုးမှန် မျက်နှာက အီးမှန်ထားသလို ရှုံ့မဲ့နေသည်။ ပြန်တွေးပြီး ရယ်လည်း ရယ်ချင်သည်။ ဘဝက ဒီလိုပဲ... အလွဲလေး တွေတော့ ရှိဦးမှာပေါ့။ နည်းနည်းလေး လွဲတာမဟုတ်၊ အများကြီးကို လွဲနေတာ။



www.burmeseclassic.com

www.burmeseclassic.com



Title - အသက်လေးဆယ် လူတွေ မေးတယ်

Actor List - သောတ၊ ရှင်းရှင်း၊ စာဥ၊ ပင်ကီနှင့်သက်တံ့

P.S - ဒီအတိုင်းကြီး မကြည့်နဲ့





သက်တံ့က လှသည်။ မျက်နှာလေးက မှန်နေအောင် ချောသည်။ ကိုယ်လုံးလေးက ဂျေလိုကဲ့သို့ ဆွဲဆောင်မှု ရှိသည်။ ဒါနဲ့များတောင် သူမက ဘာလို့ ထပ်လှချင်နေမှန်း မသိ။

မနက်စောစောစီးစီး ခြံထဲတွင် Exercise လုပ်နေသည်။ ကြည့်ကောင်းကောင်းနှင့် သောတက ထိုင်ကြည့်နေမိသည်။ ရင်ထဲကို ထိသည်။ နက်ရှိုင်းစွာ ထိသည်။ တထိတ်ထိတ်နဲ့ ရယူချင်စိတ်က ရင်ဘတ် ကြီးနှင့် မဆန့်တော့။ ချစ်တာမှ တုန်နေအောင် ချစ်ပါသည်။ ဖွင့်ပြော လိုက်လျှင် ပေါ့သွားမှာ စိုးသည်။

ညတိုင်း ဖုန်းပြောရတာ အားမရတော့။ သက်တံ့ အသံလေးကို မိုးလင်းတဲ့အထိ ထပ်ခါ ထပ်ခါ ကြားချင်နေသည်။ ညက ဖုန်းပြောပြီး အိပ်မပျော်တော့။ တောင်တွေးမြောက်တွေးနှင့် ရေရေ လည်လည် ဒုက္ခရောက်တာ။ ယောကျ်ားတို့ ဖွဲ့တော့ သေကာမှ လျှော့တော့မည်။

အိပ်မရမည့် အတူတူ ဂစ်တာတီးရန် သူ ခြံထဲသို့ ဆင်းလာခဲ့သည်။ မြင်ရတဲ့ မြင်ကွင်းလေးက အသက်ရှူမှားစေတော့ ဂစ်တာကြီး ပိုက်ပြီး ကျောက်ရုပ်ဖြစ်နေသည်။ အမယ်... ဒီကျောက်ရုပ်က



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက စကားပြောတဲ့ ကျောက်ရုပ်နော်။

ထရက်စု အဝါရောင်လေးနဲ့ သက်တံ့က ခါးလေးစောင်းပြီး မျက်နှာလေးက သူ့ဘက်လှည့်လာတော့ သူ့ရဲ့ ဗိုအားပြင်းလွန်းတဲ့ မျက်လုံးတွေကိုမြင်ပြီး အံ့အားသင့်သွားသည်။ တဆက်တည်း ရှက်ရိုး ကလေးက ဖြတ်ပြေးသွားသည်။ သူကလည်း နောက်ဆုတ်ဖို့တော့ မစဉ်းစားတော့ပါဘူး။

"ဟယ်လို... မောနင်း My Rainbow... လှချင်သေးလို့ လား... ဒီလောက်လှနေတာများကွာ... ရေရေလည်လည် စားတယ် နော်။ စိတ်မချဘူး သက်တံ့ရယ်... "

"သောတ ဒီနေ့ အစောကြီး နိုးနေတယ်နော်... "

"No... အိပ်ကို မအိပ်သေးတာ... "

"ဘာ... လို့... "

"အိပ်လို့မှ မရတာကွာ... သီရက်နဲ့... မသနားဘူး လား..."

"လှတိုင်းကို လိုက်သနားနေရင် အချစ်တွေ အားလုံးကို ရှိသမျှ လူ အကုန်ပေးနေရမှာပေါ့... "

"ကျိန်ပြောရဲတယ် သက်တံ့ရယ်... တွယ်တာနေတဲ့စိတ်ကို





ဘယ်လို ထိန်းရမှာလဲ၊ သက်တံ့က ကိုယ့်တဝအတွက် အရမ်းကို အရေး ပါနေပြီ... "

ဘုရားရေ။ သောတက သူမကို ရည်းစားစကားပြောနေတာ ပါလား။

"သူငယ်ချင်းလို နေလို့ မရဘူးလား သောတရယ်... "

"ဘယ်လိုမှ မဖြစ်တော့လို့ပါကွာ... ဒီမှာ အရှုးလို မီးဝိုင်း နေလို့ ရော့ ယူလိုက်လို့ ဖွင့်ပြောနေရတာ... ထိန်းချုပ်လို့ မရတော့ ဘူးကွ... "

မျက်လုံးလေး အဝိုင်းသားနဲ့ စိုက်ကြည့်နေတဲ့ သက်တံ့ ပုံစံ လေးက အရမ်းမိုက်တာဗျ... မိုက်တော့ ခိုက်တာပေါ့ဗျာ။ နှလုံးသားကို ခါတ်လိုက်နေပြီလေ။

သူတို့နှစ်ယောက် ပြောဆိုနေသမျှကို ချောင်းနားထောင်နေတဲ့ ရှင်းရှင်းနှင့် စာဥမှာ ပါးစပ်တွေ အဟောင်းသားနှင့်။

"အပိုပြောနေတာ မဟုတ်ဘူးနော်...သိပ်ချစ်တော့ စိတ်ညစ် တယ်ကွာ... ရင်ထဲမှာ မင်းပဲ ရှိတော့ နေရာတိုင်းမှာ မင်းပုံရိပ်တွေပဲ မြင်နေတယ်... ချစ်ခွင့်လေးသာပေးပါကွာ၊ မင်းမုန်းမှာ အသေ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တဲ့ကောင်ပါ... စိတ်ကူးယဉ် အနမ်းလေးတွေနဲ့ မွေ့ပျော်နေတဲ့ ကိုယ့်ကို သနားရင် အဖြေပေးပါတော့နော်... ''

သက်တံ့ ရင်တွေ တုန်ခါနေသည်။ သူ့ ဒိုင်တွေက ဟတ်(တ်)ထိတယ်လေ။ ဘယ်လိုမှ တင်းခံမနေနိုင်တော့ အရည်ပျော်ကုန်ပြီပေါ့။ ချောင်းနားထောင်နေတဲ့ စာဥက

''အိုပါးက ရည်းစားစကားပြောတာ ဆရာကြီးပဲနော်...''

''နင့်ပါးစပ် ပိတ်ထားစမ်း။ ဟိုမှာ ကောင်းခန်း ရောက်နေပြီ...''

သောတ မျက်လုံးမှာ အရည် တစ်မျိုးလဲ့ပြီး လက်ဖြာ နေသည်။ ချစ်စိတ်တွေက ထိန်းမနိုင် သိမ်းမရ မျက်ဝန်းရိပ်မှာ လာပေါ်နေသည်။ စကားအလုံးပေါင်းများစွာ ပြောတာထက် ပို၍ ထိရောက်စေသည်။ သက်တံ့က

''ဘာပြောရမှာလဲဟင်... ''

''ချစ်တယ်... လို့... ''

''ထပ်မမေးရဘူးနော်... ''

''ဟုတ်... ''





''ဒါဆို နားထောင်... သောတကို ချစ်တယ်... ''

''ဟေး'' ဟု အော်ရမလား။ ထပဲခုန်ရမလား... ဝေခွဲမရစွာ စဉ်းစားနေတုန်း အနောက်မှ ''ဝေး'' ဆိုပြီး အော်သံတွေ ထွက်လာသည်။ ကြည့်စမ်း ဟိုနှစ်ကောင်က သူ့အစား အပျော်တွေ လွန်ပြီး ကဲနေကြတာလေ။

''ရှင်းရှင်းနဲ့ စာဥ သူများပြောတာ ချောင်းနားထောင်နေတယ် ကြည့်စမ်း... ရှက်လိုက်တာနော်... ''

သက်တံ့ မျက်နှာလေး ရဲတက်လာသည်။ တကယ် ရှက်သွားသည့်ပုံလေးပါ။ ကောင်းခန်းရောက်တုန်း မီးပျက်သလိုပဲ။ သောတမှာ ရှင်းရှင်းကို ကောင်းကောင်း ကျိန်ဆဲ၏။

''အလိုက်ကန်းဆိုး မသိတဲ့ကောင်... သာသနာဖျက်...''

''မင်းသားနဲ့ မင်းသမီးက တကယ်မိုက်တယ်ကွာ၊ နင်တို့နှစ်ယောက်က သိပ်လိုက်တာပဲဟယ် တစ်ခုပဲ စိတ်ဆိုးတယ် သိလား၊ သက်တံ့ရယ် နင်က ငါအောင်သွယ်လုပ်တဲ့အထိ မစောင့်ဘူး တန်းပြီး အဖြေပေးလိုက်တာပဲနော်... နင်တို့ လုပ်ပုံနဲ့ မြားနတ်မောင် အလုပ်ပြုတ်မဲ့ ပုံပေါက်နေပြီ... ''



www.burmeseclassic.com

www.burmeseclassic.com



"နင် Cupid လုပ်ချင်ရင် ပင်ကီနဲ့ သက်တံ့ ဦးလေးကို သွား လုပ်ပေးလေ... ငါတို့ကို လာမရှုပ်နဲ့ဟာ... "

"အမယ်... နင့်အဒေါ်က လန်းနေတယ်နော်... ငါ့ အထင်တော့ အိုကေသွားပြီ ထင်တယ်... ခုလည်း အပြတ်ရှိုင်းထား တယ်... ဘယ်သွားမလို့လဲ မသိဘူး... "

"ရှိုင်းပစေပေါ့ကွ... ငါ့အဒေါ်က နဂိုကတည်းက သီလရှင် ဝတ်ဖို့ စိတ်ကူးမှ မရှိတာ... "

ထိုအချိန်တွင် ပင်ကီ တစ်ယောက် ကြော့ကြော့ကလေး ထွက်လာသည်။ မျက်နှာကလည်း လန်းသလား မမေးနဲ့။ သောတက သူ့ အဒေါ်ကို စချင်လာပြီး မိုးမိုးရဲ့ သီချင်းတစ်ပုဒ်ကို ဂစ်တာတီးပြီး ကောက်ခါ ငင်ခါ ထဆိုလိုက်သည်။

"အသက်လေးဆယ်... လူတွေ မေးတယ်... ဘယ်တော့ များမှ စားရမှာလဲ... ဟန်ဆောင်ရပြီ... လူတွေ မသိအောင် အပြုံးလေးနဲ့ လိမ်ရပြီ... "

ပင်ကီ့ မျက်စောင်းက သောတထံ ဒိုင်းကနဲ ရောက်လာ သည်။ သက်တံ့ကို လှမ်းကြည့်ရင်း





"သောတနော်... နင် တော်တော် အူမြူးနေ... "

ဟုပြောပြီး တဆက်တည်း သက်တံ့ကို

"သမီးက အစောကြီး နိုးနေတာကိုး... "

"သက်တံ့က ပင်ကီ့လို Gym ဆော့မှ လှတာ မဟုတ်ဘူး တွေ့လား၊ မိုးလင်းကြည့်လည်း လှတာပဲ natural beauty တွေ့ တယ်နော်... "

"အေးပါဟယ်... လှပါတယ် တကတဲ ဖြစ်နေ လိုက်တာ..."

ပင်ကီက ကားပေါ်တက်ပြီး မောင်းထွက်မည် ပြုသည်။ သောတက စဖြစ်အောင် လှမ်းစသေးသည်။

"ပင်ကီ... လေးဆယ်နော် လေးဆယ်... အချိန် သိပ်မကျန် တော့ဘူး ကြိုးစားထားကွ... "

သက်တံ့က မျက်နှာပူလာသည်။ သူကြိုက်နေတာက သက်တံ့ ဦးလေးမှ မဟုတ်တာ။ ဒီပုံအတိုင်းဆို သောတ အဒေါ် အပျိုကြီးတော့ အနိုင်ဘာကတော် ဖြစ်ဖို့ နီးစပ်နေပါပြီ။ သူ့ဖူးစာပဲလေဟု ဖြေတွေး တွေးရပေမဲ့ လိပ်ပြာက သိပ်မလုံချင်ပါ။ အချစ်စစ်နှင့် ချစ်နေသမျှတော့



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေ သိပ်မလိုအပ်ဟု သက်တံ့က ထင်သည်။

"My Rainbow လေး... ခုနက ပြောတာ အတည်နော်..."

"ဘာလဲ... ဘာပြောလို့လဲ... "

"အသည်းတွေ အူတွေ ယားလာပြီနော်... "

"ယားရင် ရှင်းရှင်း ကုတ်ခိုင်း... သူ့ လက်သည်းက ရှည်တယ်... "

"ဟဲ့... ငါ့လက်နဲ့ ထိရင် ငါ့ပစ္စည်းပဲနော်... နင်က ကြည်ဖြူ တယ်ပေါ့... "

"တွေ့လား... ပြောရင်းနဲ့ ဇာတိက ပြလာပြီ၊ ကိုခြောက်လို့ ခေါ်တော့လည်း စိတ်ဆိုးသေးတယ်"

"ကဲ... နင်တို့ နှစ်ကောင် မသွားသေးဘူးလား၊ ငါ တင်းလာပြီနော်"

"ဟဲ့... အဲဒါ အောင့်မထားကောင်းဘူးလေ၊ တင်းလာရင် သွားထုတ်လိုက်... တော်ကြာ ယောက်ျားမှာ ဆီးတဲ့ ကြားဖူးတယ် မဟုတ်လား... ဒုက္ခရောက်နေဦးမယ်... "

"ဘာတွေ လာပြောနေတာလဲ... သွား ဟိုမှာ အဘွား





နေပြီ... တာဥ... ဈေးသွားတော့... "

ရှင်းရှင်းနှင့် တာဥ အသီးသီး စပ်ဖြဲဖြဲ ရုပ်ကလေးတွေဖြင့် ထွက်သွားပြီးနောက် သောတက သက်တံ့ကို လှမ်းကြည့်သောအခါ မျက်ကလေး ထုတ်ပြပြီး အိမ်ထဲသို့ လှစ်ခနဲ ဝင်ပြေးသွားလေသည်။

နေနှင့်ဦးဟု ကြိမ်းဝါးပြီး ယောင်လည်လည်နှင့် ကျန်ခဲ့သူက သောတပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



Title - မြွေဖမ်းမယ်

Actor List - ဦးမျိုးမှန်၊ အံ့မခန်းနှင့် ပင်ကီ

P.S - ရှူးရှူးမထွက်နဲ့





ဒီနေ့က ဆန်းဒေးဆိုပေမဲ့ အမေက ရစ်နေတာမို့ အပြင်မထွက်ဘဲ ခြံရှင်းနေရသည်။ အိမ်ရှိ လူကုန် မနေရပါ။ ပင်ကီ ခိုင်းသမျှ တော်ဖတ်မောအောင် လုပ်နေရသည်။

ရသည့်အခွင့်အရေးကို လက်လွှတ်မခံသူက ဦးမျိုးမှန်ပါ။ မှန်ဘီလူး တစ်လက်ဖြင့် ချောင်းကြည့်နေသော ပင်ကီ၏ စူးစူးဝါးဝါး အော်သံ ထွက်လာတော့ စိုးရိမ်စိတ်က ဒီဂရီမြင့်ပြီး ဘယ်လိုက ဘယ်လို တိုဘက်ခြံထဲသို့ ရောက်သွားမှန်း မသိလိုက်ပါ။

"မပင်ကီ... ဘာ... ဘာဖြစ်လို့လဲဟင်... "

"ဟိုမှာ... ဟိုမှာ... မြွေ... မြွေကြီး... "

တွေ့လိုက်ပါပြီ။ မြက်လျှောမြွေလေး တစ်ကောင်။ မြွေဆို အသေကြောက်သူ ဦးမျိုးမှန်မှာ ဇောချွေးတွေ ပြန်လာပါပြီ။

"ရှင်ဘာလုပ်နေတာလဲ... မြွေကို ဖမ်းပြီး လွှင့်ပစ်လိုက်လေ... "

အချစ်က ခိုင်းတော့ အသက်ပင် သေသေပေါ့။ နောက်တစ်ခုသော ချစ်သူ၏ ရှေ့တွင် Hero လုပ်ပြချင်လာသည်။

အသက်ကို ဝအောင် ရှူသွင်းလိုက်သည်။ မျက်စိကို စုံမှိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြွေခေါင်းကို ကောက်ကိုင်ပြီး ဖမ်းလိုက်သည်။

"ဟယ်... တော်လိုက်တာ၊ ရှင် မြွေဖမ်းတတ်တယ်..."

သူ့မျက်နှာက တကယ့် သူရဲကောင်း တစ်ယောက်နှယ် အောက်မှ ဒူးနှစ်လုံးမှာ တဆတ်ဆတ် တုန်ပြီး အချင်းချင်း ရိုက်နေကြသည်။

မြွေကိုင်ရတဲ့ အထိအတွေ့က အေးစက်စက်၊ ပျော့စိစိနှင့် အသည်းထဲက ကျလိ၊ ကျလိနှင့် ယားလာသည်။ ခါတိုင်းဆို မြွေမြင် တွေ့လျှင်တောင် သူ့အသည်းက ယားပြီး အေးနေကျ။

ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိခင် အောက်က တစ်မှုန်း နှင့် ထွက်ကျနေပြီဆိုတာ သိလိုက်သည်။

အထင်ကြီး အံ့ဩသည့် မျက်ဝန်းတွေနှင့် ပင်ကီက တစ်ကိုယ် လုံးကို သိမ်းကြုံးပြီး ကြည့်လိုက်စဉ်

"ရှင်... ရှင်... ရှူး... ရှူးတွေ ထွက်ကျနေပြီ..."

သွားပြီ။ ကိုယ်ကြိုက်နေတဲ့ ကောင်မလေး ရှေ့မှာ ရှူရှူးထွက် ကျတာလောက် ဆိုးတာ ရှိပါဦးမလား။ ထိုအချိန်တွင် အံ့မခန်း ရောက်လာ၏။ ပြဿနာက ဒီမှာ စတော့တာပဲ။

"ဘာဖြစ်လို့လဲ...ခုနက အော်သံတွေ ကြားသလားလို့..."





"မောင်... မောင့် ဒရိုင်ဘာကို ကြည့်ပါဦး... မြွေဖမ်းပြီး ရှူးထွက်ကျနေလို့... "

အလိမ်တွေတော့ ပေါ်ကုန်တော့မှာပဲ။ အံ့မခန်းက ကြောင် ကြည့်နေသော သူ့ဆရာကို အမြန်ဆွဲခေါ်လာရသည်။

"ဆရာ... ကျွန်တော့် စကားမှ နားမထောင်တာ ခုတော့ ကောင်မလေး ရှေ့မှာ အရှက်ကွဲလာပြီ မဟုတ်လား"

ကိုယ့်အပြစ်နှင့် ကိုယ်မို့ ငြိမ်နေရပေမဲ့ ပင်ကီက သူ့ကို ဒရိုင်ဘာ လို့ပြောတာကိုတော့ အခံရခက်လှသည်။ ဟိုကောင့်ကိုကျ တော့ မောင်တဲ့... ဘာတွေလဲ။

"နေဦး မင်းနဲ့ ငါ စာရင်းရှင်းရဦးမယ်... မောင်တဲ့... မင်းက ငါ့အတွက် အောင်သွယ်ပေးနေတာလား မင်းအတွက် အောင်သွယ် ပေးတာလား... "

အံ့မခန်း မျက်နှာလေးက ချက်ချင်း ငယ်သွားသည်။ ထိုနောက် တောင်းပန် တိုးလျှိုးသည့် မျက်နှာလေးဖြင့်

"ခွင့်လွှတ်ပါဆရာရယ်... ကျွန်တော်မျိုး Cupid လေးက မြှားနဲ့ ပစ်တာ အပစ်မတော်တော့ ကိုယ့်ဘက်ကို ပြန်လှည့်လာလို့ပါ... ဆရာက စိတ်ကောင်း နှလုံးကောင်းရှိပြီးသား။ ရုပ်ရည်ကလည်း အခံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီးသားဆိုတော့ ကျွန်တော်တို့ကို မုဒိတာ စိတ်ကလေး ထားပေး လို့ မရဘူးလားဟင်''

ဦးမျိုးမှန်၏ မျက်နှာကြီးက ယခုပင် ထပေါက်တော့မည့် ပူစီဖောင်းကြီးလို တင်းရင်းလာကာ

''တော်... တိတ်စမ်း၊ ငါတို့က မုန့်လည်း ဝေမစားသလို အချစ်ကိုလည်း ဝေမပေးနိုင်ဘူးကွ၊ ဒီတော့ကာ မင်းလည်း အထုပ် အပိုးပြင်တော့ Get out ပဲကွ... Go to ဘုန်းကြီးကျောင်းပေါ့ကွာ...''

''ရက်စက်လိုက်တာ ဆရာရယ်... ပင်ကို့ကို ဆရာ့ထက် အရင်ချစ်တာက ကျွန်တော်ပါ။ ဆရာသာ ကျွန်တော့် နေရာ ရောက်နေရင် အချစ်က တစ်ဖက်၊ ကျေးဇူးရှင်က တစ်ဖက်နဲ့ ဘယ်လောက် စိတ်ပင်ပန်းလိုက်မလဲ ပိုနေမြဲ၊ ကျားနေမြဲပဲ ကောင်းပါ တယ် ဆရာ... ''

''သွား... မင်း ငါ့အိမ်က ထွက်သွား''

ဘယ်လိုမှ တောင်းပန်လို့ မရသည့်အဆုံး အထုပ်ဆွဲကာ ထွက်ခဲ့ ရပါသည်။ ဖူးစာပါရင် ပြန်ဆုံရမှာပါပဲလေ... ။

တကယ်ချစ်လာသည့်နောက်တွင် ချစ်သူအပေါ် လှည့်စားပြီး ဖုံးကွယ်ထားမိသည့် အတွက် ယူကြုံးမရစိတ်က တစ်ကိုယ်လုံးကို နှိပ်စက်





လာသည်။ ပင်ကို့ရှေ့တွင် ဒူးထောက်ပြီး အပြစ်ရှိကြောင်း ဝန်ခံလိုက်ချင်သည်။ ခက်တာက ယောကျ်ားပီပီ သွေးက ကြောင်နေ ဆဲပင်။

ဒီလိုနှင့်ပဲ အံမခန်းသည့် နေရာဟောင်းဖြစ်သော ဘကြီး၏ ဘုန်းကြီးကျောင်းတွင် သောင်တင်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



Title - သူ ဘယ်မှာလဲ

Actor List - သက်တံ့၊ သောတ၊ ပင်ကီနှင့် အုံမခန်း

P.S - စက်ဘူကို Shopping သွားတယ်

ဆောင်းညပြာသို စာပေ

ပင်ကီတစ်ယောက် မစားနိုင် မသောက်နိုင်နှင့် တပိန်ပိန်၊ တလိမ်လိမ် ဖြစ်နေတာ တစ်ပတ်တိတိရှိပြီ။ သူမ အပြင်ထွက်တိုင်း အနောက်က ပါပါလာတတ်သည့် ချစ်သူ၏ အရိပ်အယောင်ကို မတွေ့ရတာ ကြာလာသည်နှင့် အမျှ ညတိုင်း တယ်လီဖုန်းဖြင့် အခစား ဝင်ခဲ့သည့် သူ့ အသံလေးတွေ ပျောက်ဆုံးသွားသည်နှင့် အမျှ ရင်ထဲတွင် ပူလောင် မွန်းကျပ်လာသည်မှာ ပြောဖွယ် မရှိတော့။

ချစ်သူက မလိုချင်လို့ ကိုယ်ယောင်ဖျောက်သွားတာလား။ တစ်စုံ တစ်ခုကို စိတ်ကွက်သွားတာလား၊ အသစ် တွေ့သွားတာလား၊ လား ပေါင်းများစွာဖြင့် ယောက်ယက်ခတ်နေပေမဲ့ ဒီအသက် ဒီအရွယ်ကြီးနှင့် ရည်းစားပူမိတာကိုလည်း လူသိမခံချင်။ ဟန်ဆောင် ခြင်း တစ်ဖက်၊ ပူလောင်ခြင်း တစ်ဖက်ဖြင့် ပင်ကီ့မှာ အရှူးမီးဝိုင်း ဖြစ်နေပါပြီ။

သူ့ ဆက်နေကျ ဖုန်းကို ဆက်တော့လည်း စက်က အမြဲလိုလို ပိတ်ထားသည်။ ပွင့်ပွင့်လင်းလင်း သိချင်သဖြင့် သူ့ တူမလေး သက်တံ့ကို မေးဖို့ နှစ်ယောက်တည်း တွေ့ရမည့် အချိန်ကို စောင့်နေရသည်။ ကြည့်လိုက်တိုင်း ကျက်သရေ မရှိသည့် ဒရိုင်ဘာကို သူတို့ အိမ်မှာ အမြဲ တွေ့နေရသည်။ ဟုတ်တယ်လေ။ ရှူးတွေထွက်ကျပြီး ည[illegible] ညစ်ပတ်လူပဲ ဥစ္စာ။

ဆောင်းညပြာသို စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းနှင့် သောတက အဘွားနှင့် လုံးပမ်းနေရသဖြင့် မရိုး မိပေမဲ့ သူမ၏ တိုးတိုးဖော် စာဉကတော့ အကင်းပါးစွာဖြင့် တစ်ချေ တည်း မေးနေတော့သည်။

ဒီနေ့ ပင်ကို ဆုတောင်းပြည့်ပါသည်။ ဈေးမှ ပြန်လာသော သက်တံ့ကို လမ်းမပေါ်တွင် တွေ့ရသဖြင့်

"သက်တံ့ရေ တူမလေး... ခဏနေပါဦးကွယ်"

"ဟယ်...အန်တီပင်ကီပါလား... တစ်ယောက်တည်းလား"

"ဟုတ်တယ်... သက်တံ့ကို မေးစရာလေးရှိလို့ လာစောင့် နေတာ... ဟိုလေ သက်တံ့ လေးလေးကို မတွေ့လို့ ဘယ်များ သွား နေတာလဲဟင်"

"အော်... ဒါလား လေးလေးက အလုပ်ဖြုတ်... အဲလေ ဟို ဘာတဲ့... ပါးစပ်ဖျားတင် မေ့နေတာ... "

သက်တံ့မှာ အိုးနင်း ခွက်နင်းတွေ ဖြစ်ကုန်ပြီး ခေါင်းထဲက အကြံထွက်ဖို့ အရေး အသည်းအသန် စဉ်းစားနေရသည်။ ဦးဦးအံ့မခန်း ကို လေးလေးက အလုပ်ဖြုတ်လိုက်တာ သက်တံ့ သိပြီးသား။ သက်တံ့ ငယ်ငယ်ကတည်းက စိတ်ရှည်လက်ရှည် ထိန်းကျောင်းပြီး အလိုလိုက် လာတဲ့ ဦးဦးကို အားမနာတမ်း ပြောရလျှင် ကိုယ့်ဦးလေး အရင်းထက်





တောင်မှ ပိုချစ်သေးသည်။

ဦးဦးကို မောင်းထုတ်လိုက်ကတည်းက သက်တံ့ လေးလေးကို စကား မပြောတော့။ ဦးဦးနှင့် တစ်နေ့ သွားတွေ့ဖို့ စိတ်ကူးထားပြီးသား။ သောတကို အဖြစ်မှန်တွေ ဖွင့်ပြောပြီး နားလည်အောင် ရှင်းပြမည်။ ဝင်ကီ့ကို တောင်းပန်မည်။

ဆင်းရဲတာကို အပြစ်လို့ မသတ်မှတ်ရင်တော့ ဦးဦးမှာ ဘာ အပြစ်မှ မရှိဟု သက်တံ့က ယုံကြည်သည်။

"ဟိုလေ... စ... စ... စက်ဘူ... စက်ဘူကို မေ့နေတာ ... အဲဒီကို သွားတယ်"

"ဟင်... ဒါနဲ့များ ပင်ကီ့ကိုတောင် အကျိုး အကြောင်း ပြောမသွားဘူး"

"ပင်ကီ့အတွက် shopping သွားတာဆိုတော့ အံ့သြသွားစေ ချင်လို့နဲ့ တူတယ်"

"ကျေးဇူးတင်လိုက်တာ ငါ့တူမရယ်၊ ပင်ကီ့မှာ ရင်တွေ ပူလွန်းလို့ ညညအိပ်လို့ မရပါဘူးကွယ်... ၊ ဒါနဲ့ စပ်စုတယ်လို့ မထင် နဲ့နော်... သောတနဲ့ သက်တံ့က လူငယ်သဘာဝ ချစ်သူတွေ ဖြစ်နေကြ ပြီလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပင်ကို့ကို ဘယ်သူပြောလဲ"

"ပင်ကီ သိတာပေါ့ သောတက ဒီလောက် သည်းသည်း လှုပ်နေတာကို၊ ပိုပြီး သေချာသွားအောင် ငါတူမကို မေးကြည့်တာ"

"ဟုတ်ပါတယ် ပင်ကီ"

"ဒါဆို သမီး လေးလေး ပြန်လာရင် ပင်ကီ လာပြီး နားဖောက် ပေးမယ်လေ... "

"ဟာ... ပင်ကီနဲ့ လေးလေး အရင် မင်္ဂလာဆောင်ဦးလေ၊ သက်တံ့တို့က လူငယ်တွေပဲ အရေးမကြီးပါဘူး... "

"ဟုတ်သားပဲ... ပင်ကီတို့ ယူပြီး နောက်တစ်နှစ် နေရင် သောတနဲ့ သက်တံ့ကို လက်ထပ်ပေးရမယ်။ ဒါမှ အိမ်ကကောင် ခြေပြိမ် သွားမှာ... သမီး လက်ထဲကို ဝကွက်အပ်လိုက်ပြီနော်"

လက်ကလေးပြရင်း ဆယ့်ခြောက်နှစ် သမီးလေးလို ပျော်ပြီး ပြန်သွားသော ပင်ကို့ကို ကြည့်ပြီး သက်တံ့ စိတ်မကောင်း ဖြစ်မိသည်။ ပင်ကို့အတွက် တစ်ခုခု လုပ်ပေးရန် စဉ်းစားမိပြီး သောတဆီ ဖုန်းလှမ်း ခေါ်လိုက်သည်။ အိပ်ချင်မူးတူးနှင့် သောတက

"စောစောစီးစီး My Rainbow က ရက်စက်တယ်ကွာ... ဒီမှာ နှပ်လို့ ကောင်းတုန်း ဥစ္စာ... "





"နှပ်မနေနဲ့တော့နော်... ဒီမှာ ပင်ကို့အတွက် အရေးကြီး နေလို့ ကားထုတ်ပြီး လမ်းထိပ်က စောင့်နေ... "

လမ်းထိပ်မှာ စောင့်ဆိုလို့သာ စောင့်နေရသည်။ ပင်ကို့ အတွက် အရေးကြီးလို့တဲ့၊ ပင်ကီကတော့ အိမ်မှာ အဖြီးအလိမ်း အပြင်အဆင် မျှက် ရှိနေတဲ့ ဥစ္စာ။

ဟော... လာပါပြီ။ သက်တံ့ တစ်ယောက် အလော သုံးဆယ်နှင့် မပြေးရုံတမယ် လှမ်းလာနေသည်။

"ဘာတွေ ဖြစ်လာတာလဲ သက်တံ့ရာ... "

"သောတကို သက်တံ့ ဖွင့်ပြောမှ ဖြစ်တော့မယ်၊ အပျော် အပျက်နဲ့ ရှင်းမရတွေ ဖြစ်ကုန်တော့မယ် သက်တံ့ ဦးလေး အစစ်က ဦးမျိုးမှန်ပဲ သောတ... ဒါပေမယ့် သက်တံ့က လေးလေးထက် ဦးဦး အုံမခန်းကို ပိုချစ်တော့ သောတတို့ကလည်း ဦးဦးကို သက်တံ့ ဦးလေးလို့ ပြောတော့ ချော်လဲရောထိုင်မိတာပါ... ပြီးတော့ ပင်ကီနဲ့လည်း ဒီလို တွေ ဖြစ်မယ်မှန်း မသိလို့ ခုတော့ ပင်ကီ အရမ်းခံစားနေရပြီ... ဦးဦးကို လေးလေး အိမ်က နှင်ချလိုက်ပြီ သောတ... တကယ်တော့ သူ... သူက သက်တံ့တို့အိမ်က ဒရိုင်ဘာပါ... "

"ဘာ... ဒရိုင်ဘာ ဟုတ်လား... "



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်... သောတ စိတ်ဆိုးသွားရင် သက်တံ့ တောင်းပန်ပါတယ်နော်။ ဦးဦးမှာ ဆင်းရဲတာကလွဲရင် ကိုယ်ကျင့်တရား ကောင်းတယ်... ရိုးသားတယ်... ဒါတော့ သက်တံ့ အာမခံတယ်''

''အေးလေ... ပင်ကို့ကို ပွင့်ပွင့်လင်းလင်း ပြောပြပြီး သူ လက်ခံတယ်ဆိုရင် ပြီးတာပါပဲ... ပြီးတော့ သူမှ မယူရင်လည်း ပင်ကီ ဒီတစ်သက် လင်ရမှာမှ မဟုတ်တာ''

''မဆိုးဘူး... သောတတောင် အမြင်မှန်တွေ ရကုန်ပြီ ဦးဦးက ဆင်းရဲပေမယ့် ပင်ကီက ချမ်းသာတာပဲ ဥစ္စာ၊ ညှိယူလို့ ရပါတယ်''

''နေဦး... သက်တံ့ လေးလေးက ဦးအံ့မခန်းကို ဘာလို့ အလုပ်ထုတ်လိုက်တာလဲ''

''သူက ပင်ကို့ကို ကြွေနေတာလေ... ဦးဦးနဲ့ ဖြစ်နေမှန်း o d ﬁ;aw mhJ. Cup ဖြစ်သွားတာပေါ့... ''

''စိတ်ပုပ်၊ စိတ်ယုတ်နဲ့ သူများချစ်ခြင်းကို ခွဲလိုက်တာပေါ့... သက်တံ့ရော ဘယ်လိုထင်လဲ... ''

''လေးလေးက အတ္တသိပ်ကြီးတာ ပြီးတော့ ကပ်စေးလည်း နှဲသေးတယ်။ သူ့ အစွဲတွေကို ဘယ်လို ချွတ်မှ ကျွတ်မလဲ မသိတော့ဘူး''





''ကိုယ်ကြံပါ့မယ်... အခု သက်တံ့က ဘယ်သွားမှာလဲ''

''ဦးဦးဆီကိုလေ... သာကေတက ဘုန်းကြီးကျောင်းမှာ ရှိတယ် သောတရဲ့... ပို့ပေးပါနော် သောတ အခေါ်က အရမ်းလွမ်း နေပြီ သိလား... ''

သက်တံ့ ညွှန်ပြသည့်အတိုင်း အံ့မခန်းဆီသို့ သူတို့နှစ်ယောက် ရောက်သွားကြသည်။ ကျောင်းဝင်းထဲက သစ်ပင်အောက်တွင် လဒမှိုင် မှိုင်နေသော အံ့မခန်းကို တွေ့တော့ သောတတောင်မှ သနားသွား သည်။ ဒီလိုဆိုတော့လည်း ပင်ကို့ကို သူ ချစ်ရှာသားပဲ။ ကိုယ်တိုင် တွေ့လိုက်တော့လည်း လာရကျိုးနပ်သွားပါသည်။

''ဦးဦး''

သက်တံ့ အသံကြားတော့ သူ လှည့်ကြည့်သည်။

''သမီး... သက်တံ့ လိုက်လာတယ်။ အော်... ငါ့တူလည်း ပါတာကိုး... ''

ငါ့တူတဲ့... အသားယူနေလိုက်တာ... အခေါ်ကြောင့် တူ ဖင်ကျိန်းရသလိုပေါ့။

''သက်တံ့... သောတကို ပြောပြပြီးပြီ ဦးဦး... ပင်ကီလည်း



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတော့ မကြည့်ရက်တော့ဘူး။ ရှေ့ဆက် ဘာဆက်လုပ်ရမ ဆိုတာ လာ တိုင်ပင်တာ... ''

''ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိတယ်။ ပင်ကီနဲ့ ဦး ကိစ္စမှာ သက်တံ့ လေးလေးက ခလုတ် ဖြစ်နေသလိုပဲ... ''

သောပာက သက်တံ့ကို အားနာပါးနာ မျက်နှာပေးဖြင့် ကြည့်ရင်း

''သက်တံ့ sorry နော် ခုလို ပွင့်ပွင့်လင်းလင်း ပြောရတာ အားတော့နာတယ်... ''

''ပြော... ပြော ကြိုက်သလောက်သာပြော... သက်တံ့ လည်း လေးလေးကို အစာကြေတာ မဟုတ်ဘူး... ''

အုံ့မခန်းမှာ သူ့ပရိသတ်တွေ များလာပြီမို့ အားတက်မိပြီး

''ငါ့တူ... ခုနက ကိစ္စ ဆက်ပြောလေ... ငါ့တူစကားဆို ဦး မြေဝယ်မကျ နားထောင်ပါ့မယ်''

လာပြန်ပြီ။ ငါ့တူ၊ ငါ့တူနှင့် ကြားထဲက ကြော်ငြာ ဝင်ဝင်နေတဲ့ ဘဲကြီးကို မြင်ပြင်းကတ်ချင်လာသည်။ အေးလေ သူမှ မယူပြန်ရင်လည်း ပင်ကီခမျာ ငှက်ပျောတုံး ဖက်ရတော့မှာ။

''ဦးက ပင်ကီ ကျေနပ်အောင် တောင်းပန်လိုက်ဗျာ...





ဘယောလေး ထိုးပြီး ခွဲပြလိုက်ပေါ့... အိုကေပြီဆိုမှ ပင်ကီ့ကို ဧည့်ခန်း ဦးမျိုးမှန်ကို lesson ပေးရမယ်... ''

''ကျေးဇူးတင်လိုက်တာ ငါ့တူရယ်... ပင်ကီ့ကို အရမ်းလွမ်း နေပြီလို့ ပြောပေးပါကွာ... ''

''တော်ပြီဗျာ နားရှက်လာပြီ... ပြန်တော့မယ်''

သောတက သက်တံ့လက်ကိုဆွဲပြီး ထွက်သွားသောအခါ အုံ့မခန်းက တဟားဟား အော်ရယ်ရင်း ကျန်နေခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



Title - ရည်းစား လုဖက်

Actor List - သောတ၊ ပင်ကီ၊ အုံ့မခန်း၊ ဦးမျိုးမှန် နှင့် ဒေါ်ခင်လေးသန်း

P.S - အမေနှင့် သမီး





ပင်ကီ ဆွေ့ဆွေ့ခုန်နေတာကို ကြည့်ပြီး သော်တက အခြေအနေကို သဘောပေါက်လိုက်သည်။ တယ်လီဖုန်းနားမှာ တိုးတိုးတစ်ခါ၊ ကျယ်ကျယ်တစ်လှည့်ဖြင့် အကြီးအကျယ် ပေါက်ကွဲနေသော ပင်ကီ။

“အလကားလူ၊ လူလိမ်၊ လူညာ၊ ပိုင်းလုံး အချစ်ကို တန်ဖိုးထားတဲ့ လူ၊ နှမချင်း မစာနာတတ်တဲ့သူ… ”

သောတက ဖုန်းလက်ကိုင်ကို ယူ၍ ဖုန်းခွက်ပေါ်တွင် ပြန်တင်လိုက်၍ ပြောမည့် စကားလုံးတွေ လေထဲတွင် တန့်ကုန်သည်။

“ဟဲ့… ငါပြောလို့ မပြီးသေးဘူး၊ သူနဲ့ တန်တဲ့ စကားလုံးဘာရှိသေးလဲ၊ နေဦး နင်လည်း အလကားတူပဲ၊ ပြောတော့ အဲဒီလူကသူဌေးဆို၊ သက်တံ့ ဦးလေးဆို ခုတော့ မေဘရဏီကို ငါဘယ်လိုမျက်နှာ ပြရမလဲ… ”

“ပင်ကီ့ စိတ်ကို ခဏလေး လျှော့လိုက်ဦး ကျွန်တော်မေးမယ်… ပင်ကီ သူ့ကို ချစ်လား၊ မချစ်ဘူးလား… သတ္တိရှိရှိဖြေလိုက်စမ်းပါ။ ချစ်ခြင်းတရားမှာ ဂုဏ်သိက္ခာ မရှိဘူး ပင်ကီ… သူက လူဆင်းရဲပေမဲ့ အကျင့်စာရိတ္တ မချွတ်ယွင်းဘူး… ထင်ရှ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း တကယ်ချစ်ရှာတာပါ။ ကျွန်တော် သူ့ဆီ ရောက်ပြီးပြီး အချစ်နာကျနေတဲ့ ရုပ်နဲ့ လေနေပြီဗျ… ပင်ကီ ဒေါ်သထွက်ရမှာက သူ့ငွေဖြစ်ပြီး စိတ်ထားပုပ်တဲ့ ဟိုမှင်စာလေးကိုပဲ သူလုပ်လို့ ဦးအံ့မခန်းက ပင်ကီ့ကို မြန်မြန် ဖွင့်ပြောလိုက်ရတာတဲ့… ”

“ဘယ်လို… ”

“ဟုတ်တယ်လေ… ဟိုကော်တရာကြီးက ပင်ကီ့ကို သူနဲ့ အောင်သွယ်နိုင်းလို့… သူ နောက်ကောက်မကျအောင် ကာကွယ်ရင်း ဖြစ်သွားတဲ့ ကိစ္စပဲဟာ၊ သူဟာသူဆို ပင်ကီနဲ့ မတန်မှန်း သိလို့ မျိုသိပ် ရင်း ချစ်နေမှာတဲ့… ”

“သောတ… နင်ပြောနေတာတွေက တကယ်လား…”

“တကယ်ပေါ့… ယောက်ျားချင်း ခြေမြင်ပါတယ်ဗျာ”

“မြွေ… မြွေချင်းပဲ ကြားဖူးပါတယ်ဟယ်… ”

“အတူတူပါပဲ ပင်ကီရာ… အခု ပင်ကီ စိတ်ပြေသွားပြီ မဟုတ်လား မညာနဲ့နော်… သူပဲ လွမ်းနာကျနေပြီးတော့… ”

ပင်ကီက သက်ပြင်းရှည်ကြီးကို အသာချရင်း

“ငါ့အသက် တစ်ဝက်ကျော်ကျော် ကျိုးလာပြီဆိုတော့





စိတ်လျှော့လိုက်ပါပြီဟာ… သူ့ကို တကယ် ချစ်မိတော့လည်း ခွင့်လွှတ် ရတော့မှာပေါ့… ”

“ပင်ကီ တော်တယ်ကွာ… ဒါဆို ဦးမျိုးမှန် စစ်ဆင်ရေး စလို့ ရပြီပေါ့”

“နင်တို့က ဟိုမှင်စာကို ဘာလုပ်မလို့လဲ… ”

“ဒီလူကြီးရဲ့ အတ္တတွေ၊ ကပ်စေးနဲတာတွေကို ချွတ်ပေးမှာ သေရင် လက်ချည်းဗလာနဲ့ သွားရတယ်ဆိုတာ သိစေချင်လို့ နည်းနည်း ပါးပါး lesson ပေးရုံပါ၊ ဒီဇာတ်လမ်းမှာ ပင်ကီက မင်းသမီးနော်… သူ့ကို ဖျားယောင်းပြီး သူ့ငွေတွေကို ထွက်နိုင်သမျှ ထွက်အောင် လုပ်ရမှာ… ”

“ဟုတ်ပါပြီ… ဒီငွေတွေက ဘာလုပ်ဖို့လဲ… ”

“ပင်ကီနဲ့ ဦးအံ့နဲ့ ယူပြီး ကျွန်တော်တို့ ဟန်းနီးမွန်း ထွက်ကြ မယ်လေ… ”

“နေ… နေစမ်းပါဦး… ယူတာက ငါတို့လေ… ဟန်းနီးမွန်း ထွက်တာ နင်တို့တွေ ပါ…ပါတယ် ဟုတ်လား… ”

“ဒါပေါ့… ပါတာပေါ့… ပင်ကီ တစ်ယောက်တည်း အားငယ်



www.burmeseclassic.com

www.burmeseclassic.com



နေမှာစိုးလို့ ကျွန်တော်တို့ အကုန်ဝိုင်းလိုက်ပေးကြမှာ ... ဒယ်... ဒယ်... ဒယ်''

''ကြည့်စမ်း... နန့်ကြောဆွဲနေလိုက်တာ... ''

''တစ်လနေ့ ပင်ကီ... တစ်လအတွင်း အောင်မြင်ပါစေ ဒီလူကြီးဆီက ငွေတွေနဲ့ သူတူမပါ မ...ပြေးသွားမှာ ... အကုန်စီစဉ်ပြီးသား ... ပင်ကီတို့ စုံတွဲရယ်... ကျွန်တော်တို့ စုံတွဲရယ်... တရားရုံးမှာ လက်မှတ်ထိုးပြီးတာနဲ့ ချောင်းသာကို ဒိုးကြမယ်။ Sea View အခန်း သုံးခန်း ဘိုကင် လုပ်ပြီးသား... အဘွားရယ် စာဥရယ် ရှင်းရှင်းရယ်က သုံးယောက်ခန်းမှာ နေပေါ့... ''

''သောတရယ်...နင့်ဟာနဲ့ နင်တော့ အကုန်ဟုတ်နေတာပဲ''

အငယ်စကားကို နားထောင်ရင် တစ်သက် မဆင်းရဲဘူးတဲ့၊ ဘယ်သူ ပြောတာလဲဆိုတော့ ပင်ကီ့ အမေ ဒေါ်ခင်လေးသန်းက ပြောတာ။





ပင်ကီက မိန်းမမာယာတွေ အစွမ်းကုန်ထုတ်သုံးကာ ဦးမျိုးမှန်ကို ဆွဲဆောင်ပါတော့သည်။

လှူဖို့တန်းဖို့တောင်မှ တွက်ကပ်တတ်သော ကော်တရာကြီးက ပင်ကီ့ကို ကိုကာဆူကီ လိုက်တိုက်သတဲ့... ကိုးရီးယား barbe-cue ကျွေးသတဲ့... Traders မှာ buffet ကျွေးသတဲ့... နားရှိလို့သာ ကြားရတာ... ဒါတင်မကသေးပါ။ ပင်ကီ ဆံပင် အလှပြင်တဲ့ဆိုင်မှာ digital စက်နဲ့ ကောက်ပြီး ဆေးဆိုးတာ တစ်သိန်းနီးပါးကျတဲ့ဟာ သူက ရှင်းပေးတယ်ဆိုပဲ...

ပင်ကီက shopping ထွက်မယ်ဆိုပြီး လျှောက်ဝယ်သမျှ သူပဲ ဒိုင်ခံရှင်းတာတဲ့ ဆရာ... ။

သူ့တူမ သက်တံ့ကဆို ပျစ်ပျစ်နှစ်နှစ်ကြီးကို ပြောတာ ''ကောင်းတယ်... ဘုန်းရှိလုပ်စာ ဘုန်းမဲ့ စားသွားပြီ တူမကျတော့ မေထာဘူး'' တဲ့။

ဆန်းဒေး တစ်နေ့မှာ ဦးမျိုးမှန်နှင့် ပင်ကီ ခြံထဲတွင် အေးအေးလူလူ စကားပြောနေကြသည်။ ဟိုမကျ၊ ဒီမကျ ပုံစံမျိုးနှင့် ပင်ကီရဲ့ မျက်စနီး ပုံစံလေးက အကယ်ဒမီရှော့။ နွားသိုးကြိုးပြတ်၊ နွားပြောကြီး



www.burmeseclassic.com

www.burmeseclassic.com



အောက်သွားမရှိတဲ့ ပုံစံနှင့် ဦးမျိုးမှန်က ဖိုးကာ သီချင်းထဲ ကလို ပင်ကြီကို နဖူးက ခြေဖျားအထိ တစိမ့်စိမ့်ကြည့်ပြီး ခံစားနေသည်။

"အော်... ရှင်က သမီးကို ကြဲတာ အားမရလို့ အမေကိုပါ စည်းရုံးနေတာကိုး... အမေ... သူ့စကားကို မယုံနဲ့နော်... ဟိုတစ်ခါက သမီးကိုလာပြီး ပရောပရီ လုပ်တာ သူပဲ အမေ..."

"ပင်ကီ... မဟုတ်ဘူးနော်... ကျွန်တော် ပင်ကီ့ အမေကို ဘာမှ မလုပ်ဘူး၊ ဒုက္ခပါပဲကွာ... "

ပင်ကီက ဟက်ဟက်ပက်ပက် ရယ်ရင်း

"ကိုမျိုးရယ်... ပင်ကီ သိပါတယ်။ ... ပင်ကီ့အမေက သင်္ချိုင်းဒီကို ငါတယ်... ပြာတန်နေတာလေ... သိလား... "

"ဟင့်အင်း မသိဘူး အဲဒါ ဘာရောဂါလဲဟင်"

သူကသာ မသိတာ။ အဘွားကြီးက နပ်ပြီးသား။ သူ့ဟာသူ ဘာသာပြုံနေပြ၏။

"ဘာရောဂါမှ မဟုတ်ဘူး... သူငယ်ပြန်နေတာလို့ ပြောတာ... ဟင် ဘယ်သူက ပြန်နေတာလဲ... အမေလား အမေ သူငယ်ပြန်ပြီး ရည်းစားထားချင်နေတာကိုး လက်စသတ်တော့





ဒီက သမီးတောင် ယင်ဖို မသမ်းရသေးဘူး... သူက အမေလုပ်ပြီး ကမြင်း ကြောထချင်သေးတယ်... တကတဲမှပဲ"

ဦးမျိုးမှန်မှာ ပင်ကီ့ အနားတောက်တဲ့ကဲ့သို့ ကပ်နေရာမှ သူ့ဘက် မြားဦးမလှည့်မီ လစ်ပြေးတော့သည်။

ဒါတောင်မှ ညကျရင် ဖုန်းဆက်မည်ဟု အမူအရာ လုပ်ပြသွားသေးသည်။ ဒေါ်ခင်လေးသန်းက ပင်ကီ့ကို သူနှင့် ရည်းစားလုဖက်လို အမူအရာနှင့် မျက်စောင်းလှည့်လှည့်ပြီး ထိုးသေးသည်။

သောတမှာ အဘွားနှင့် အဒေါ်ကို ကြည့်ပြီး ဗိုက်နှိပ်ကာ ရယ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



Title - လက်ဖက်ကောင်းစားချင် သက်တုံ့ဆီ သွားရတယ်

Actor List - သောတ၊ သက်တုံ့၊ ရှင်းရှင်းနှင့် စာဥ

P.S - (ဟန်နီးမွန်းဆိုတာ လင်နောက်လိုက်တာကိုး)





လက်ဖက်သုပ်ရာတွင် သက်တုံ့ လက်ရာကို သောတတို့ အုပ်စုက ခံတွင်း အတွေ့ဆုံး ဖြစ်သည်။ သက်တုံ့က သံပုရာသီးတို့ ရှောက်သီးတို့အစား မန်ကျည်းသီး အနှစ်ကို ထည့်သုပ်သည်။ ကြက်သွန်ဖြူ ဆီချက် နိုင်းချင်းနှင့် ပုစွန်ခြောက် ကြွကြွရွရွလေးတွေ အပြင် ကြက်ဥကို ပြုတ်ပြီး အပိုင်းလေးတွေ လုပ်ကာ ဘေးပတ်ပတ် လည်တွင် စီတန်းထားသည်မှာ စားချင်စဖွယ်။

သက်တုံ့က လက်ဖက်သုပ်နေပြီဟု အသံပြုလိုက်တာနှင့် သူတို့ သုံးယောက်က သက်တုံ့တို့အိမ်ထဲတွင် အဆင်သင့် စောင့်နေ ပြီးသား။

လက်ဖက်လေး စားလိုက်၊ ရှေတ်သီးစိမ်းလေး ကိုက်လိုက်၊ ကောက်ညှင်းမွှေး လက်ဖက်ခြောက် ခတ်ထားသော ရေနွေးကြမ်းလေး သောက်လိုက်ဖြင့် ဖိမ်ကျနေကြသည်။

"စာဥတို့မှား စားဖို့ကျ သိပ်သိ၊ ခုထက်ထိ လက်ဖက်ကို မသုပ်တတ်သေးတာ တွေ့လား နင့်အစ်မ သုပ်တာ ဘယ်လောက် ကောင်းလဲ"

"အိုပါးရယ်... စာဥ ကြည့်တဲ့ ကိုးရီးယား ကားတွေမှာ လက်ဖက်သုပ်နည်းမှ မပါတာ... စာဥကလေ ကင်မ်ချီတော့ ကောင်းကောင်း လုပ်တတ်ပါတယ်နော်... "



www.burmeseclassic.com

www.burmeseclassic.com



"အေး... လုပ်... လုပ်... ပြီးရင် နင့်ကို လိုက်နေတဲ့ နွားနို့ ပို့နေတဲ့ ကုလားလေးနဲ့ ညှားပါစေလို့ ငါ ဆုတောင်းပေးမယ် သိလား... အဲဒီ ကုလားကို နင်နေ့တိုင်း ကင်မ်ချီသွားလုပ်ကျွေး ဟိုက နင့်ကို ပါးရှစ်စိပ်ကွဲအောင် ရိုက်ပြီး အိမ်ပေါ်က ကန်ချမှာ မြင်ယောင်သေး..."

"ဟား... ဟား... ဟား အဲဒီမှာ စတွေ့တာပဲ..."

ရှင်းရှင်းက သဘောကျစွာ ခွက်ထိုးခွက်လန် ရယ်သည်။

"ဟဲ့... လက်ဖက်တွေ သိမ်းကုန်ဦးမယ်၊ အဲဒီ ရှင်းရှင်း ဟာလေ ဘာမှ စဉ်းစဉ်းစားစား မရှိဘူး။ ဘာမဆို ပစ်စလက်ခတ်ပဲ"

"သက်တံ့၊ ညည်းက ငါ့ကို အိမ်ရှင်မကြီး စတိုင်လ်နဲ့ ပြောပြီ ပေါ့လေ၊ အမယ်လေး သောတတို့များ ဘယ်လောက်ထိ နားငြီးဦးမလဲ မသိဘူး။ နင်တို့ မင်္ဂလာဆောင်ရင် ငါ ဝါဂွမ်း အလိပ်လိုက် ဝယ်ပြီး လက်ဖွဲ့မယ် သိလား... သောတရေ ... ဟိုဘက်နား၊ ဒီဘက်နား အကုန် ဂွမ်းသာဆို့ထားတော့..."

စာဥက ကောက်ခါ ငင်ခါ ဝင်ပြောပြန်သည်။

"ကိုခြောက်ပြောတာ စိတ်ဝင်စားစရာ မကောင်းဘူး... ဟိုလေ... ဘာတဲ့... ဟိုအစီအစဉ်လေ... ဟွန်းနီးမွန်းဆိုလား... အဲဒါ... အဲဒါ ကြားချင်တာ..."





"ဟန်းနီးမွန်းပါဟယ်... သူတို့ကိစ္စတွေ ပြီးရင် ချောင်းသာကို သွားကြမှာ... ချောင်းသာမှာ တစ်ပတ် ဆယ်ရက် အေးအေး ဆေးဆေး အနားယူမလို့တဲ့..."

ရှင်းရှင်းက အားတက်သရော ဖြေပေးသည်။

"အဲဒီ ချောင်းသာကို စာဥတို့ပါ လိုက်ရမှာလားဟင်..."

"လိုက်ရမှာပေါ့... အားလုံးကို ခေါ်သွားမှာ..."

သက်တံ့က အပြုံးလေးလေးဖြင့် ဝင်ပြောသည်။ စာဥက အပျော်တွေ လွှမ်းပြီး ကွေးနေအောင် ထကတော့သည်။ သောတက စာဥကို နှိပ်ကွပ်၏။

"ဟဲ့ စာဥ... နင့်ရွာက ဘုန်းကြီးပွဲမှာ ကနေကျလား..."

"အိုပါးနော်... ဘုန်းကြီးပွဲမှာ ကတာ မဟုတ်ဘူး။ ရှင်လောင်း လှည့်ရင်ကတာ... မသေမချင်း မှတ်ထား..."

"အော်... အေး... အေး... သေရင်မှတ်စရာ မလိုတော့ ဘူးပေါ့နော်..."

"မမသက်တံ့ရော အဝတ်အစားတွေ မသိမ်းသေးဘူးလား။ အိမ်က မမပင်ကီကတော့ စာဥကို သိမ်းခိုင်းလို့ သိမ်းပေးပြီးပြီ။ ဆောင်းဘီတိုတွေရော၊ အရှည်တွေရော၊ မျက်မှန်အကြီးကြီးက ပါသေး



www.burmeseclassic.com

www.burmeseclassic.com



ပုဝါတွေရော၊ အိုး... ရှုပ်ယှက်ခတ်နေတာပဲ... ဟိုကျရင် ဓါတ်ပုံရိုက် မလို့တဲ့... ဟွန်းနိုးမွန်းဆိုတာ နောက်ဆုံးတော့ ယောက်ျားနောက် လိုက်တာကိုး၊ လင်နောက်လိုက်တာများ လူကြားကောင်းအောင် လျှောက်ပြောနေကြတယ်... ရယ်ရတယ်... ခစ်... ခစ်...''

''စာဥမ... နင်ဟာလေ မသိဘဲနဲ့ ရမ်းသမ်းပြောတဲ့ နေရာမှာ နှစ်ယောက်မရှိဘူးနော်။ ဟန်းနီးမွန်းဆိုတာ ပျားရည်လေး ဆမ်းထားသလို ချိုမြိန်တဲ့ အဓိပ္ပာယ်ဟဲ့... ချစ်စ၊ ခင်စ၊ ကြင်နာစ အချိန်တွေက ဘယ်လောက် ချိုမြိန်သလဲ... အဲဒါ... အဲဒါကို ပြောတာ''

သူတို့နှစ်ယောက်က တစ်ရန် ဖြစ်နေပြန်ပြီ။

''နင်တို့ကိစ္စကို အသာထားဦး မနေ့က မြင်ကွင်းလေး တကယ် ဟားရတယ်ကွာ၊ သက်တံ့ လေးလေးက ပင်ကို့ကို အဆေ ကြွေနေပြီနော်။ ကြားထဲမှာ အဘွားက ဖျက်မျဉ်း ဝင်လုပ်ပြီး ခလော ဆန်နေလို့ ဘယ်လိုဆက်ပြီး စခန်းသွားကြမလဲ မသိဘူး''

''လေးလေးက သက်တံ့ကို လာကြားနေတာ သူတို့ အဆင်ပြေနေပြီတဲ့... သက်တံ့က ရယ်ချင်တာ မနည်းကို အောင့်ထား ရတယ်။ တစ်ခုရှိ သေးတယ်။ ပင်ကို့ကို တင်တောင်းဖို့နဲ့ မင်္ဂလာ ဆောင်ဖို့ စရိတ်ကို ဘဏ်မှာ ပင်ကို့ account ထဲကို သိန်းတစ်ရာ





ထည့်ပေးမလို့တဲ့... သောတာက ပင်ကို့ကို စိတ်ကူးမလွဲစေဖို့ ပြောထားဦး ကိုယ့် account ထဲ သူ့ငွေတွေ ဝင်လာပြီဆို လုပ်ငန်းစလို့ ရပြီ...''

''ဟား... ဒီလူကြီးက ကိုယ်ထင်တာထက်ကို သွက်နေသေး လား၊ ကိုယ်နဲ့ ပင်ကီလည်း တိုင်ပင်ပြီးသားပါ။ ဒီငွေတွေကို သူ ကောင်တရပြီး အမြင်မှန်ရတဲ့ တစ်နေ့ကျရင် ပြန်ပေးမလို့လေ...''

''ဟုတ်တယ်... ခုတော့ လွှတ်ထားလိုက်ဦး...''



www.burmeseclassic.com

www.burmeseclassic.com



Title - ဘာလုပ်ချင်လဲပြော

Actor List - ဦးမျိုးမှန်၊ ပင်ကီနှင့် အုံ့မခန်း

P.S - သိန်းနှစ်ရာ account ထဲရောက်တယ်





ပြူးသော မျက်လုံးက ကျယ်လာကာ... ကျယ်သော ပါးစပ်က ပိုပြဲလာပြီး မညီမညာ သွားတွေက ပြူထွက်လာကြသည်။

(ဖုန်းပြောနေသော ဦးမျိုးမှန်၏ မျက်နှာ အနေအထား ဖြစ်သည်။)

ရုပ်ရည်နဲ့ လုပ်ရပ်က တခြားစီဆိုသလိုပဲ။ လူကြမ်းလိုလို၊ လူရှင်တော်လိုလို မျက်နှာက ခုကျတော့ ဇာတ်ဆရာ အလိုတော်ကျ မင်းသား ဖြစ်နေပါသည်။ ရုပ်ရည်က ကျောက်ကျောရေပက်ထားသလို ရှိပြီး အသံကျတော့ သကာရည်အိုး မှောက်ကျထားသလို ချိုလွန်း၊ မြလွန်းနေသည်။

"ဟန်နီ... ဘယ်တော့ လာတောင်းရမလဲဟင်... "

ပင်ကီ ကျောထဲမှာ စိမ့်တက်လာသည်။

"ကိုမျိုး လာတောင်းလို့ ဘယ်ဖြစ်မလဲကွယ်... အမေ သိသွားရင် ပိုဆိုးကုန်မှာပေါ့... သူက ကိုမျိုးကို ကျနေတာလေ... တင်း... ဟင်း... "

"ဟန်နီကလေ... နောက်နေပြန်ပြီ... ဘာပဲပြောပြော သူက တို့ယောက္ခမ ဖြစ်လာမဲ့ သူလေ၊ ရှိသေသမှု ရှိရမှာပေါ့"

"ကဲပါ... ကိုမျိုးနဲ့ မင်္ဂလာကိစ္စ ဆွေးနွေးကြရအောင်..."

"တကယ်... "



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြားဖြစ်စရာ သူ့ အသံကြီးနှင့် ထပြီး အော်၏။

"တကယ်ပေါ့... ဘာလဲ... အိပ်မက်မက်နေတယ် ထင်လို့လား။ မယုံရင် ကိုယ့်ပါးကိုယ် ဘယ်ပြန်၊ ညာပြန် ချကြည့် ပါလား..."

"ပြော... ပြော... ဘယ်က စပြောရမလဲ... "

"ဖိတ်စာပေါ့... "

"ဟုတ်ပြီ... လူဘယ်နှယောက် ဖိတ်မလဲ... ဘယ်လို ဒီဇိုင်း ကြိုက်လဲ... ပြော... ဟန်နီ့ သဘော... "

"လူခြောက်ရာ ဖိတ်မယ်... "

"မများဘူးလား... "

"ကို... မျိုး... "

ပင်ကီ၏ ဆောင့်အောင့် အော်သံကြောင့်

"ဟန်နီ့ သဘော... ဟန်နီ့ သဘော... "

"ပင်ကီ့မှာက ကုမ္ပဏီ ဝန်ထမ်းတွေ များတယ်လေ။ ပြီးတော့ အသိုင်းအဝိုင်းက ရှိသေးတယ်... ဖိတ်စာကို နောက်ဆုံးပေါ် ဒီဇိုင်း တစ်ခု တွေ့ထားတယ်။ တစ်ခုကို နှစ်ထောင်လောက် ကျမယ်။ ခြောက်ရာဆိုတော့ ဖိတ်စာက သုံးရာလောက် လုပ်ရမယ်။ ခြောက်သိန်း ကုန်မယ် ဖြစ်လား... "

"ဖြစ်... ဖြစ်တယ်... "





"အနားမှာ calculator ရှိလား၊ ပေါင်းဖို့လေ... "

"ရှိ... ရှိတယ်... "

"လေသံက ဘယ်လိုဖြစ်သွားတာလဲ... ခုနကနဲ့ တခြားစီ"

"ဟန်နီ ဆက်ပြော... ကိုယ် နားထောင်နေတယ်"

"ပြီးတော့ ပင်ကီက Sedona ကိုရွေးမယ်၊ US$ 8 ကျပ်တန် ရှယ်ကျွေးမှာနော်။ ခြောက်ရာဆိုတော့ ဘယ်လောက်လဲ"

"တွက်... တွက်လိုက်ဦးမယ်"

"တွက်မနေနဲ့တော့၊ သိန်းခြောက်ဆယ်လောက် မှန်းထားလိုက်ပေါ့... ပြီးရင် အခမ်းအနားမှူးက ဦးကျော်စိုးဦးကို ခေါ်ပေး... မိတ်ကပ်က ခင်စန်းဝင်းမှာ ပြင်မယ်နော်... မင်္ဂလာဆောင်မှာ ဘယ် band ငှားရင် ကောင်းမလဲဟင်... Lazy Club ငှားမယ်။ အဆိုတော်တွေက Rဇာနည်၊ Lလွန်းဝါ၊ စည်သူလွင်၊ နောနော်၊ ပြီးတော့ ရဲလေး၊ စိုင်းစိုင်း ဘာကျန်သေးလဲ... Hip Hop အဖွဲ့တွေ အကုန်ငှားပေး..."

"ဟန်နီ့ဟာက ယောကျ်ားအဆိုတော်တွေပဲ... "

"ဟုတ်တယ်လေ ပင်ကီက ယောကျ်ားတွေပဲ ကြိုက်တဲ့ဟာကို... "

"ဟား... ဟား ဝါသနာက တူနေပြန်ပြီ၊ ကိုယ့်ကျတော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး အဆိုတော်တွေပဲ ကြိုက်တာဗျ... ''

''ကြိုက်၊ ကြိုက်... ရတယ်လေ... ကိုယ့်စိတ်နဲ့ ကိုယ်ပဲ ဥစ္စာ၊ ဖြစ်နိုင်ရင်လေ ကိုးရိုးယားက အဆိုတော်တွေပဲ သွားငှားချင်တာ''

''ဈေးကြီးလွန်းပါတယ် ဟန်နီရာ... ''

''ရှင် ကပ်စီးကုပ်တာ သိပြီးသား၊ ပင်ကီ့အတွက် ဒီလောက် တောင်မှ မရက်ရောနိုင်ရင် မင်္ဂလာကိစ္စ ဆက်မပြောတာပဲ ကောင်း မယ်''

''ဒီလိုတော့ မရက်စက်ပါနဲ့ ဟန်နီရာ ကိုယ်အကုန်ခံနိုင်ပါ တယ် နော်... နော်''

''ပြီးရော... အရေးကြီးဆုံးဟာ ကျန်သေးတယ်... ဝတ်စုံ လေ... မင်္ဂလာဝတ်စုံ ပင်ကီက designer နာမည်ကြီးဆီမှာ အပ်မှာ ထိုင်မသိမ်း ဝမ်းဆက်ကို ငါးသိန်းခွဲ ကျမယ်။ ဒါရော ဖြစ်မလား ခုဟာက ပဏာမအနေနဲ့ ညှိနှိုင်းတာနော် မရရင် ဖျက်လို့ရတယ် သိလား... ''

''သိ... သိပါတယ်''

''နောက်တစ်ခုက dinner Summit Park View မှာ buffet ကျွေးချင်တယ်... ပြီးတော့ ပန်းအလှထိုးမှာတွေ ရှိသေးတယ်။ Video ရိုက်မှာရော Photo ရော... အော် အရေးအကြီးဆုံးဟာလေ လက်ထပ်





လက်စွပ်ကို ငါးမူးကိုက်စိန်နဲ့ လုပ်မယ်နော်... ''

''သဘော... သဘော... ပင်ကီ့ သဘော... ''

''ပေါင်းပြီးပြီလား။ အားလုံး ဘယ်လောက်ကျသလဲ ဆိုတာ...''

''နှစ်ရာလောက်တော့ ရှိမယ် ထင်တယ်... ''

''မင်္ဂလာကိစ္စကို ပင်ကီပဲ လွှပ်ရှားမယ်နော်... ကိုယ့် စိတ်ကြိုက် လုပ်ချင်လို့... ကိုမျိုးက အေးအေးဆေးဆေးပဲနေ သိလား... ''

''အားပါး... ဟန်နီက သိတတ်နေလိုက်တာ... ''

''ဒါဆို ဖုန်းချလိုက်တော့ ပင်ကီ အိပ်ချင်ပြီ''

''Good night သိန်းနှစ်ရာ ဟန်နီ့ account ထဲ မနက်ဖြန် ရောက်စေရမယ်နော်... ''

ပွဲက ပြီးနေပါပြီ။ ပင်ကီ ပြောဆိုခဲ့သမျှ မှသား တစ်ခုမှ မပါပါ။ မင်္ဂလာကိစ္စက ပြောသည့်အတိုင်း လုပ်မည်မှာ အမှန်ပင်။ လွဲတာဆိုလို့ သတို့သား နာမည်လေးပဲရှိတာ... ဒါကလည်း မဖြစ်စ လောက် အသေးအဖွဲလေးပါ။

အသက်လေးဆယ်နားနီးတော့မှ စန်းပွင့်နေပုံများ ပြောပါ တယ်။ တစ်ယောက်နဲ့ ပြောပြီး နားရမလား အောက်မေ့တယ်။ ခေါင်းအုံးအောက်က ဟန်းဒ်ဖုန်းက မြည်လာပြန်ရော...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို... ပင်ကီ ပြောနေပါတယ်... "

"မောင်ပါ... ပင်ကီ အိပ်နေတာ အနှောင့်အယှက် ဖြစ်သွားရင် sorry နော်... "

"မအိပ်သေးပါဘူး မောင်ရဲ့... ဟို ဘဲစုတ် ဘဲနာကြီး ဖုန်းပြောနေတာ... "

"သူက ပင်ကီ့ကို ဘာတွေ ပြောသေးလဲဟင်... "

"မနက်ဖြန် မင်္ဂလာကိစ္စအတွက် သိန်းနှစ်ရာ ထည့်ပေးမယ် တဲ့... "

"နှစ်ရာ... ကိုယ့်ဆရာက ဘယ်ဆိုးလို့လဲ၊ တော်တော်ကြီး တိုးတက်လာပြီ... "

"မောင့် ဘက်ကရော ဘာထူးသေးလဲ... "

"မောင် Sedona ရောက်ပြီးပြီ... date ရတယ်။ ပင်ကီ လိုချင်တဲ့ နေ့ပဲ... အချိန်က မနက်ပိုင်းပဲရလို့ မောင် စရံပေးခဲ့ပြီးပြီ... ကျန်တာတွေလည်း အားလုံး ငှားပြီးပြီ... လက်စွပ်က ပင်ကီ လုပ်မှ ဆိုတော့ မောင်က ဖိတ်စာ ဝင်အပ်ခဲ့တယ်။ မောင့် ချစ်ချစ်က အကုန် ကိုယ်တိုင်းသွားတိုင်း ရမယ်... "

"အသက်လေး ဘာလေး ရှူပါဦး မောင်ရယ်"

"မမောပါဘူးကွာ... မောင် အရမ်းပျော်နေတာကွ၊ ဒါတော်





တူတော်မောင်က တရားသူကြီးကို သူတို့ ခေါ်မယ်ဆိုလို့ Royal Garden မှာ ဘိုကင်လုပ်ပြီး အခမ်းအနားနဲ့ လက်မှတ်ထိုး မှာတဲ့... သူတို့ စုံတွဲရောလေ... "

"ကိုယ်က အုပ်ထိန်းသူ နေရာကနေပြီး စီစဉ်ပေးရမဲ့ဟာ သူ စီစဉ်တဲ့အတိုင်း လိုက်နာနေရပါလား မောင်ရယ်... သူတို့က ဘယ်မှာ ဆောင်ချင်တာလဲ မသိဘူး"

"သူတို့က Traders မှာတဲ့... အကုန်စီစဉ်ပြီးသွားပြီ... လူငယ်တွေဆိုတော့ ပိုသွက်တာပေါ့ကွာ... မောင်တို့နဲ့ တစ်လခြားပြီး date ယူထားတယ်တဲ့... "

လက်သွက်၊ ခြေသွက်ရှိလှတဲ့ သောတကို ပင်ကီ လက်ဖျား ခါသွားပါသည်။ သူ့အစီအစဉ်အတိုင်းဆို သက်တံ့ကို ထားခဲ့လို့မှ မရတော့တာ။ သူ့ဦးလေးက သူ့ကို ဘတ်သွားတယ်ဆိုပြီး ဒီတစ်သက် သောတ ကောင်မလေး အနားကပ်ခွင့်ရဖို့ မမြင်တော့။ နောက်ဆက်တွဲ ဘာတွေ ထပ်ဖြစ်ဦးမလဲ မသိတော့။

လောလောဆယ်မှာတော့ ပင်ကီ ကြည့်မရတဲ့ မျက်နှာရှုံ့ကို မှတ်လောက်သားလောက် ရှိသွားအောင် ဆုံးမလိုက်ရလျှင် ကျေနပ် ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



Title - လူမလိုက်ခင် အဝတ်အိတ်လိုက်မယ်

Actor List - သောတ၊ ရှင်းရှင်း၊ သက်တံ့နှင့် စာဥ

P.S - Sunday မှာ လက်ထပ်မယ်





လေးလေး မရှိတော့ ကြောင်မရှိ ကြွက်ထ ထုံးစံအတိုင်း သက်တံ့၏ အဝတ်အစား အိတ်တွေကို သောတတို့ အုပ်စုက လာသယ်ကြခြင်း ဖြစ်သည်။

"မမသက်တံ့ အဝတ်အိတ်တွေက လေးလိုက်တာ လွန်ရော... ကိုခြောက်တို့က ဒါမျိုးဆို နေနိုင်လိုက်တာ၊ နည်းနည်းပါးပါး ကူသယ် ပေးမယ် မရှိဘူး..."

"စာဥမ... ဒီထဲမှာ ထဘီ မပါဘူးလို့ နင်အာမခံလို့လားဟင်၊ ငါတို့ ယောက်ျားလေးဆိုတာ ဘုန်းနဲ့ ကံနဲ့ နေတာ... ဘုန်းနိမ့်ကံနိမ့်ရင် ဘယ့်နှယ်လုပ်မလဲ..."

"ပြန်... ပြန်ပြောစမ်းပါဦး၊ နားရှိလို့သာ ကြားရတယ်... ခုနက ယောက်ျားလေးလို့ ပြောလိုက်တာလား"

"ဟုတ်တယ်လေ... ဘုရားဆုပန်တဲ့ မင်းယောက်ျား..."

"ဖွ... ဖွ... မတန်မရာ၊ မအပ်မစပ်တော်၊ ငရဲကြီးမှာ မကြောက်ဘူးလား။ ပုဆိုးကို ထဘီ မဖြစ်ရုံတမယ် ဝတ်ထားတဲ့ သူကများ လေထွားနေသေး..."

သောတမှာ အိတ်တွေကို သယ်လာရင်း

"ဒီနှစ်ကောင် စကားများနေပြန်ပြီ..."

"ဟုတ်တယ် အိုပါး... သူပေါ့ အိတ်ထဲမှာ ထဘီပါလို့တဲ့ ... မသယ်ပေးဘူး။ ခုကျမှ ယောက်ျားတွေ ဘာတွေ ထလုပ် ချင်နေ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းမင်းပဲကွာ...ငါ ယောကျ်ားစစ်စစ်ကြီးတော် သယ်နေတဲ့ ဥစ္စာ... မင်းသာ ဘုန်းနိမ့်မယ်ဆိုရင် အခု မဟုတ်ဘူး မင်းအမေထဘီထဲက ထွက်လာကတည်းက အူဝဲဆို နိမ့်နေပြီးသား"

ရှင်းရှင်းက လက်လေး တခါခါ၊ ခေါင်းလေး တခါခါဖြင့်

"ဟာ... ဒီကောင်တော့ မ, ဘက်မလိုက်သေးဘူး မိုက်ဘက်က ပါချင်နေပြီ... မသယ်ပေး ပြန်ရင် နားပူ နားဆာ လုပ် မယ်... ပေး... ပေး..."

သောတက ရှင်းရှင်း လက်မောင်းကို ဖတ်ခနဲ ရိုက်ရင်း

"တော်တယ်ကွာ... ရှင်းရှင်း အရမ်းတော်လာပြီ..."

ရှင်းရှင်းက မျက်စောင်းကို ဒိုင်းကနဲ နေအောင် ပစ်ထိုးရင်း ကော့တော့ ကော့တော့ဖြင့် ထွက်သွားသည်။

"သောတ... ကုန်ပြီ မရှိတော့ဘူး... မောသွားပြီလား"

"ကိုယ့် မိန်းမ အထုပ် ကိုယ်ဆွဲတာပဲကွာ ဘာလို့ မော မှာလဲ..."

"အမောပြေအောင် ပေးပြောထားတာနော်..."

"ဘာပဲပြောပြော... ဒီ ဆန်းဒေးကျရင် လက်ထပ်ရတော့ မယ်နော်... လူပျိုဘဝလေးကို စွန့်ရတော့မှာပေါ့..."

"ကြီးကျယ်လိုက်တာ... မစွန့်ချင် လူပျိုကြီး လုပ်ပေါ့..."

"ဟင့်အင်း... သားသားက သရဲကြောက်တတ်တယ်..."





"ဒါပဲနော်... သူ့မိန်းမ ဖြစ်သွားပြီဆိုပြီး သက်တံ့ကို အနိုင် ကျင့်ရဘူးနော်..."

"သက်တံ့ ကိုယ့်ကို တစ်မျိုး ထင်မှာ သိပ်ကြောက်တယ် သိလား... သက်တံ့ လေးလေးဆီမှာ ကိုယ်လာတောင်းရင် ဘယ်လိုမှ မှာ မဟုတ်ဘူး၊ ပင်ကို့ ကိစ္စနဲ့ သူက ညှိုးတော့မှာလေ... သက်တံ့ကို ဒန်ဖိုးမထားလို့ မဟုတ်ဘူးဆိုကာ ကိုယ့်အချစ်နဲ့ သစ္စာဆိုရဲပါ တယ်ကွာ..."

"တကယ်နော်... ပြီးမှ အချိုးမပြောင်းနဲ့..."

"ကိုယ်တော့ ဒီတနင်္ဂနွေ အတွက် ရင်ခုန်နေပြီကွာ... အဲဒီ နေ့ကျ သက်တံ့ ဘယ်လို ထွက်ခဲ့မှာလဲ"

"ဈေးသွားမယ် ပြောပြီး ထွက်မှာပေါ့... လေးလေးက နက် မနက်ဆို အကြာကြီး ဘုရားရှိခိုးတာ အရင်က မဟုတ်ဘူး... အခုမှ..."

"သနားတော့ သနားပါတယ်ကွာ... ကိုယ့်မှာ အဒေါ် နောက် တစ်ယောက်ရှိရင်လည်း ကောင်းသား၊ ခုဟာက ပင်ကီမှ သူကို မကြိုက်တာ..."

"သူ့ ကံပေါ့လေ..."



www.burmeseclassic.com

www.burmeseclassic.com



Title - ဟန်းနီးမွန်း

Actor List - အုံ့မခန်း၊ ပင်ကီ၊ သောတ၊ သက်တံ့၊ ဒေါ်ခင်လေးသန်း၊ ရှင်းရှင်း နှင့် စာဥ

P.S - လူတစ်ယောက် သာသနာ့ ဘောင်ဝင်ဖို့ အကြောင်း ဖန်လာခြင်း





Royal Garden တွင် လက်မှတ်ထိုးပြီးနောက် မှုလ **စီစဉ်ထား** သည့်အတိုင်း ပင်ကီတို့ စုံတွဲရယ်၊ အဘွားရယ်၊ စာဥရယ်က **PRADO** ကားနှင့် လိုက်သွားပြီး သောတနှင့် သက်တံ့က SURF ကားဖြင့် ချောင်းသာသို့ ထွက်လာကြပါသည်။

ဗိုလ်မြတ်ထွန်း တံတားကို ဖြတ်ပြီး ညောင်တုန်းရှိ စားသောက်ဆိုင်တွင် ခဏတဖြုတ်နား စားသောက်ကြပြီး ပုသိမ်သို့ ခရီးဆက်ကြသည်။ ပုသိမ်မှ ချောင်းသာသို့ မိုင်သုံးဆယ်ကျော် မောင်းရပြီး ဥတိုချောင်းကိုဖြတ်ပြီးနောက် သူတို့ ခရီးစဉ် ပြီးဆုံး သွားသည်။

သူတို့တည်းခိုမည့် Belle Resort Hotel တွင် Sea View အခန်းတွေက တစ်မျိုး ဆန်းသစ်ပြီး ဆွဲဆောင်မှုရှိသည်။ Grand ကျသည်။ အဆုံးအစမဲ့တဲ့ ပင်လယ်ပြင်ကြီးက အပြာရောင် တိမ်တိုက်တွေရဲ့ အောက်မှာ သက်ဝင်လှုပလွန်းသည်။

"တိမ်ပြာပြာနေ့တစ်နေ့ ဆန်းဒေးမှာကွယ်... မင်္ဂလာဆောင်ပွဲလေး ကျင်းပနေတယ်..."

သောတက သီချင်းလေး ညည်းရင်း သက်တံ့ ပခုံးလေးကို ဖွဖွလေး ဖက်ထားသည်။

ဆောင်းညပြာသို စာပေ

www.burmeseclassic.com

www.burmeseclassic.com



အုံ့မခန်းကလည်း အားကျမခံ ပင်ကို ပခုံးလေးကို လှမ်းဖက်သည်။

"ခုချိန်လောက်ဆိုဟိုလူကြီး ဆွေ့ဆွေ့ခုန်နေလောက် ပြီကွ..."

"ဟုတ်တယ်... သိလောက်ပြီ... သူ့အတွက် စာကို ပန်းအိုးထဲမှာ ထားခဲ့တယ်... ဖုန်းနဲ့ ပြောပြီးပြီ... "

"ငိုနေသေးလား... "

"ငိုနေသံကြားလို့ ဖုန်းချလိုက်တာ... "

"လဒ ငိုငိုတယ်ဆိုတာ ဒါမျိုး နေမှာနော်... "

ကိုယ်နေရမည့် အခန်းနံပါတ်တွေအလိုက် ပစ္စည်းများကို Hotel ဝန်ထမ်းများမှ လိုက်ပို့ပေးကြသည်။

စုံတွဲ နှစ်တွဲက ကိစ္စမရှိပေမဲ့ အဘွားကြီးရယ်၊ စာဥရယ်၊ သောတရယ်က သုံးယောက်ခန်းမှာ နေရသည်။ အားလုံး ပျော်နေကြသည်။ လတ်ဆတ်သော ပင်လယ်လေကို ရှူရှိုက်ရင်း အုန်းစိမ်းရည်မှာသောက်ကြသည်။

ကြည်နူးစရာ၊ စိတ်ချမ်းမြေ့စရာတွေ အပြည့်ရှိတဲ့ ဟန်းနီးမွန်းခရီးတွင် အဘွားကြောင့် အရှက်တကွဲ ဖြစ်ရပြန်သည်။





သူတို့တွေ ချောင်းသာ ရောက်ပြီး သုံးရက်မြောက်နေ့မှာပေါ့။ စာဥတို့ အခန်းက ရေချိုးခန်း တံခါးက ဂျက်ပျက်နေသည်။ အန္တရာယ်ကို မလွယ်နိုင်တဲ့ မစာဥက အဘွားကို အားကိုးတကြီးဖြင့်

"အဘွား... စာဥ မိုက်နာလို့၊ တံခါးကလည်း ပိတ်လို့မရဘူး... အဘွား စောင့်ပေးနေနော်... "

"အေးပါအေ... စိတ်ချလက်ချသွားပါ... ဟဲ... ဟဲ... ငါတစ်ယောက်လုံး ရှိပြီးသား... "

စာဥ အိမ်သာထဲ ဝင်ပြီး သူ့ကိစ္စ သူ ရှင်းနေတုန်း အဘွားက အားရပါးရ ထအော်ပါတော့သည်။

"လာ... ကြ... ပါ... ဦး... တော့... လာကြပါဦး လာကြပါဦးရှင် အရပ်ကတို့ရေ... လာကြပါဦး... "

ထိတ်လန့်တကြား အဘွား အသံကို ကြားတော့ စာဥမှာ အိမ်သာထဲမှ ဘာဖြစ်တာလဲဟု အော်အော်ပြီး မေးနေရသည်။ ခက်တာက သူ့ ကိစ္စမပြီးသေးတော့ ထမေးဖို့က မဖြစ်။

ထိုအချိန်တွင် Hotel မှ ဝန်ထမ်းတွေရော... ငါးကင်ရောင်းဆစ်နေတဲ့ ရှင်းရှင်းရော... ဟိုစုံတွဲ နှစ်တွဲရော အပြေးအလွှား ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

"အဘွား... ဘာဖြစ်လို့လဲဟင်... ဘာဖြစ်တာလဲ... "

အဘွားက အိမ်သာကို လက်ညှိုးထိုးရင်း

"မြန်မြန်ဝင်လေ... ပြီးတော့မယ်... မြန်မြန်ဝင်ကြ..."

"ဘယ်သူလဲ... "

အားလုံးက အဘွားပြောသည့်အတိုင်း အိမ်သာထဲတွင် တစ်ခုခု ဖြစ်နေပြီ ထင်ပြီး ပြေးအဝင် စာဥက ကိစ္စပြီးလို့အထ လူတွေ အများကြီး ဝင်လာတာကို တွေ့ပြီး

"အား... "

ဟုကြုံးရှုံးအော်သည်။ အဘွားက ပြေးဝင်လာပြီး

"တွေ့လားဟင်... တွေ့လား စာဥ အီးပါနေတာလေ ဟီး... ဟီး"

အားလုံး ဝါးလုံးကွဲ ရယ်ချလိုက်ကြသည်။ စာဥလည်း ရှက်ပြီး ရောယောင်ကာ ရယ်နေတော့သည်။

မရယ်နိုင်သူက ဦးမိုးမှန်ပါ။ ပစ္စည်းသခင်ရဲ့ လူသခင်ရဲ့ သဘော





ကို ကောင်းစွာ သဘောပေါက်ပြီး အုံ့မခန်း ဦးလေး ကျောင်းထိုင်သော သာကေတရှိ ဘုန်းကြီးကျောင်းတွင် သာသနာ့ ဘောင်သို့ ဝင်ကာ ရာသက်ပန် ဘုန်းကြီးဝတ်သွားပါသည်။

မှုပိုင်နှင်းဆီ

12:00 PM

9.1.09

(Friday)



www.burmeseclassic.com

www.burmeseclassic.com

## မှုပိုင်နှင်းဆီ၏ နောက်ထပ်ပန့်တီးတင်ဆက်မှု

# ဒါရိုက်တာ 2009

"ခဏနေဦး တော်ဝင် ... နှင်နဲ့ငါဇာတ်ကားအတူတူရိုက်ပြီး ပြိုင်ကြတာပေါ့ နှင့် ဒါရိုက်တာကြီးကို ပြောလိုက်လေ"

မိယံ (ရုပ်ရှင်မင်းသမီး)

"ဥယာဉ်မှူးကတော့ ပန်းပင်နှစ်ပင်ကို တစ်ပြိုင်တည်း ပျိုးထောင်ပေးလိုက်တာပဲ ၊ တစ်ပင်ကတော့ အဖိုးတန်တဲ့ တန်ဖိုးကြီးကြီးမြန်းပေါ့၊ မြေဩဇာလည်း ကောင်းကောင်းထည့်ပေးတာပဲ၊ ဈေးကွက်မှာတော့ လူကြိုက်နည်းသေးတယ် နောက်တစ်ပင်ကတော့ ဘာမှပေါင်းသင် စိုက်ပျိုးရတာမျိုးမဟုတ်တဲ့ အလေ့ကျ ပေါက်ပင်လေး တစ်ပင်ပါ၊ အရိုင်းဆန်ဆန် ပွင့်လာတဲ့ သူ့ရဲ့အပွင့်လေးက တစ်မျိုး ဆွဲဆောင်မှုရှိတော့ လူကြိုက်များသွားတယ်၊ ဥယာဉ်မှူးမှာအပြစ်မရှိပါဘူး၊ ဒါဟာ ကံစီမံရာပဲ"

ဆုံမှတ် (ဒါရိုက်တာ)

"ကျွန်မဆီက သူဖွဲ့ယူသွားတာက ဂုဏ်သိက္ခာလေး၊ သူများဆီက တစ်ခုယူရင် တစ်ခုမကပြန်ပေးရတတ်တယ်ဆိုတာ ဒီမိန်းမကို သိစေချင်တာ"

မြတ်တော်ဝင် (ရုပ်ရှင်မင်းသမီး)



HP -09 550 5024

### ဆက်တိုက်ထွက်လာတော့မည့် ဟာသစဆ်




"နှင်တို့ထဲက ဘယ်တစ်ယောက်လဲ ငါ့မောင်ကိုကန်တာ၊ အခု အိပ်ယာထဲလဲနေပြီ၊ ဖောင်းဘောကန်ရင်တောင် လက်နဲ့ ကာထားရတဲ့ နေရာကိုမှ ရွေးပြီးကန်စရာလား"

"နှင်မကျေနပ်ရင်ရတယ်လေ ... ဟောဟိုမှာ ထိုင်နေတာ ငါတို့ မောင်ပဲ၊ သွားပြန်ကန်လိုက်၊ ပြီးရင် နှင့်ပါးစပ်ပိတ်ပြီးပြန်တော့"

ခွကျကျနှင့် ဘုဂလန့်အစ်မလေးယောက်ကို ပိုင်ဆိုင်ထားသော ဒုံးထ၏ ဒုက္ခတွေကို စောင့်မျှော် ဖတ်ရှုပေးပါရန် . . .

www.burmeseclassic.com